www.burmeseclassic.com

အောင်မြတ်ဦး

# အပျိုစိတ်၊အပျိုတို့၏ လျှို့ဝှက်ချက်



www.burmeseclassic.com

Graphic Design: Wai Yan

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၅/၂၀၀၄ (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၄/၂၀၀၄ (၂)

ဒုတိယအကြိမ်၊ ၂၀၀၅ ခုနှစ်၊ **ဇွန်လ၊**

တန်ဖိုး - ကျပ်၊ အုပ်ရေ - ၅၀၀

ထုတ်ဝေသူ

ဦးခင်မောင်သိန်းဆွေ (သလ္လာဝတီစာပေ)

၂၄၀၊ အခန်း (၃)၊ (၂၅)ရပ်ကွက်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးပန်းချီ

ဝေယံ

ကွန်ပျူတာ၊

"စံ" ကွန်ပျူတာ၊၃၄-လမ်း။ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

# အောင်မြတ်ဦး



## အပျိုစိတ် အပျိုတို့၏ လျှို့ဝှက်ချက်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဒါန်းစကား | ၇ |
| အခန်း (၁) ဖွံ့ဖြိုးအလုပ်တိုးတန်ဖိုးကြီးသော အရွယ် | ၁၂ |
| အခန်း (၂) တိမ်းလွယ်၊ ညွှတ်လွယ်၊ ဖြီးကောင်ပေါက်အရွယ် | ၂ |
| အခန်း (၃) အပျိုတန်ဖိုးမြှင့်မားရေး အဓိကအချက် | ၃ |
| အခန်း (၄) အပျိုတန်ဖိုး၏ သော့ချက် | ၄ |
| အခန်း (၅) တန်ဖိုးလွန်ဘေး၊ အပျိုကလေးတွေ သတိထား | ၅ |
| အခန်း (၆) လုရေးပရေးနှင့် ကျန်းမာရေး | ၆ |
| အခန်း (၇) ယောကျ်ားမက်တဲ့ဘေး | ၇ |
| အခန်း (၈) ကြာ(သို့မဟုတ်) အထူးပြုအမှုအရာ | ၈ |
| အခန်း (၉) အပျိုစင်တို့ ရင်ထဲ ခိုဝင်စွဲစေသည့် အလေ့အထများ | ၉ |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


အခန်း (၁၀) မီးကိုရှောင် မလောင်ခင်တား (သို့မဟုတ်) ၉၂

အချစ်သည် ကစားစရာမဟုတ်

အခန်း (၁၁) မိန်းမလှပန်းပန် တစ်ပွင့်တန် ၉၉

အခန်း (၁၂) ယောကျ်ားကြိုက်အရှည်အချင်း ၁၀၅

အခန်း (၁၃) သတိ (သို့မဟုတ်) အပျိုမလေးများ သတိထား ၁၁၀

အခန်း (၁၄) အပျိုသရုပ်ခွဲ (သို့မဟုတ်) အပျိုဘဝ အနုလုံ ပဋိလုံ ၁၁၆

အခန်း (၁၅) အပျိုတို့ အိမ်ထောင်ရေးနှင့် မိဘတာဝန် ၁၂၀

အပျိုစိတ်၊ အပျိုတို့၏ လျှို့ဝှက်ချက် နောက်ဆက်တွဲ (၁) ၁၂၅

အပျိုစိတ်၊ အပျိုတို့၏ လျှို့ဝှက်ချက် နောက်ဆက်တွဲ (၂) ၁၃၆

အပျိုစိတ်၊ အပျိုတို့၏ လျှို့ဝှက်ချက် နောက်ဆက်တွဲ (၃) ၁၄၆


www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်းစကား

ယခုတစ်လော ထုတ်ဝေသူ တော်တော်များများ (စာရေးသူ
နှင့်ဆက်စွယ်နေသော ထုတ်ဝေသူများ)က ကျွန်တော့်ကို တွေ့ကိုင်
'စာမူစကားပြောကြကြသည်။

'မိန်းမတို့အကြောင်း တစ်ပုဒ်လောက်ရေးဦးဗျာ'

ဟု ဖြစ်သည်။

'မိန်းမအကြောင်းမှလားဗျာ၊ တခြားကော ရေးမကောင်း

ဟု စာရေးသူက အထွန့်တက်လျှင်

'တခြားလည်း ရေးပေါ့ဗျာ... လောလောဆယ်တော့ မိန်းမ
အကြောင်းရေးဗျာ'

ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'တခြားလူတွေလည်း ရေးနေတာပဲ'

'ဒါပေမယ့် ခင်ဗျားက နာမည်ရနေပြီ၊ ခင်ဗျားရဲ့မိန်းမတို့ရဲ့ လျှို့ဝှက်ချက်က ပရိသတ်အကြိုက်ဖြစ်နေပြီဗျာ၊ ဒါကြောင့် ခင်ဗျား ဆက်ရေးသင့်တယ်'

ဟု ပြောသည်။

'ဒါဖြင့်လည်း ရေးရတာပေါ့ဗျာ... '

ကျွန်တော် ဒီလိုပြောသည်၊ ရေးလည်းရေးခဲ့သည်။ *မိန်းမတို့၏ အတွင်းသဘောစာအုပ်။* 'ပစ်တိုင်းထောင်စာပေ'က ထွက်မည်။ ပြီးတော့ ဗိုမအတွင်းသဘောနှင့် အိမ်ထောင်ဦး လျှို့ဝှက်ချက်၊ ဒီးဒီး စာစုံစာဖြန့်စာပေက ထွက်မည်။

ထို့နောက် ကျွန်တော်မရေးဖြစ်။ ရေးစရာမရှိ၍ မဟုတ်။ မိန်းမတို့အကြောင်းနှင့် ပတ်သက်၍ စုဆောင်းထားတာ၊ လေ့လာထား တာ အများကြီးရှိသည်။ ပြီးတော့ လေ့လာလျှင်လည်း ရသေးသည်။ မိန်းမတို့အကြောင်းက မကုန်။ သို့သော် မိန်းမအကြောင်း ရောင်း ကောင်းသည်ဆိုတော့ ပုံစံအမျိုးမျိုးရေးကြသည်။ ထွက်ကြသည်။

ထို့ကြောင့် ကျွန်တော်တခြားအကြောင်းတွေ ရေးသည်။ *အယူတော်မင်္ဂလာလျှောက်ထုံး၊ နိမိတ်တဘောင်ပညာစွမ်း။*

ဒါတွေလည်း ထုတ်ဝေရန် စီစဉ်နေပြီ။

စာရေးဆရာက စာရေးရမည်။ ပြီးတော့ ကျွန်တော်က စာပေ နှင့်အသက်မွေးသူ။ 'တံငါသည်က လှေဦးစိုမှ'၊ 'စာရေးဆရာက စာရေး နိုင်မှ'။ ကျွန်တော်တို့ နိုင်ငံက စာရေးဆရာတွေက စာရေးနိုင်မှ နပ် မှန်သည်။ စာမရေးနိုင်လျှင် ပြဿနာပင်။

ကျွန်တော့်တွင် စာရေးရန် ကုန်ကြမ်းတွေရှိသည်။ လေ့လာ

www.burmeseclassic.com

www.burmeseclassic.com



သုတေသနပြုထားတာတွေ ရှိသည်။ လိုင်းစုံဖြစ်သည်။ ဝိဇ္ဇာနှင့် ပတ်သက်တာ၊ သိပ္ပံပညာနှင့် ပတ်သက်တာ။ ကျွန်တော်က လိုင်းသေသမား မဟုတ်၊ စာစုံရေးသူ။

ပြောရလျှင် စာဖတ်သူအတွက် တစ်ခုခုကျန်ခဲ့ရန် အစဉ်အားထုတ်နေသူ။ ကျွန်တော် စာရေးရမည်။

ဘာရေးရမည်နည်း… ။

ဘာရေးသင့်သနည်း… ။

✡

www.burmeseclassic.com

www.burmeseclassic.com



[illegible]မီကာလမှာ သူငယ်ချင်းတစ်ဦး ရောက်လာသည်။

[illegible]တစ်အုပ် လက်ဆောင်ပေးသည်။ စာအုပ်က ရှားပါး စာအုပ်၊ '[illegible]' ရိုက်စာအုပ်။

'စလင်းသရက်တောင်ဦးလှဲ'၏ *ဓိတရောဝါဒတို့* (သမီးဆုံးမစာ)။

သူငယ်ချင်းက

'ဒီစာအုပ်က သိပ်ကောင်းတယ်ကွာ၊ သမီးရှင်တွေ ဖတ်ဖို့ကောင်းတယ်။ ပျို့မဟုတ်ဘဲ စကားပြေဆို သိပ်ကောင်းမှာမင်းလည်း သမီးရှင်ပဲ၊ ဖတ်ပြီးရင် ရေးစမ်းပါ'

ဟု ပြောသည်။

သူငယ်ချင်းက ပြောသဖြင့် ဖတ်ဖြစ်သည်။ ဖတ်ရင်း အတွေးတစ်ခု ဝင်လာသည်။ စာတစ်ပုဒ်ရေးရမည်ဟု ဆုံးဖြတ်ဖြစ်သည်။

ထိုစာအုပ်အမည်ကို အပျိုစိတ်ဟု ကျွန်တော်ကင်ပွန်းတပ်သည်။ မိန်းမအကြောင်း ရေးပါဟု တိုက်တွန်းသော ထုတ်ဝေသူများ၊ မိန်းမစာအုပ်ဖတ်ရန် မျှော်လင့်နေသည့် ကျွန်တော့်ပရိသတ်များအပြင် အပျိုမလေးများ၊ သမီးရှင်များအတွက် အတိုင်းအတာတစ်ခုထိတော့ အကျိုးပြုမည်ဟု ယုံကြည်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားစွာ ဝန်ခံရလျှင် ကျွန်တော်သည် အပျိုစိတ်စာအုပ်အား *ဓိတာရောဝါဒပျို့*နှင့်အတူ အခြားသောစာအုပ်စာတမ်းများစွာတို့မှ ကိုးကားကာ ရေးပါသည်။

စာအုပ်ကျေးဇူးပြုသည့် သူငယ်ချင်းနှင့် စာဖတ်သူများအား ကျေးဇူးအနန္တဖြင့်... ။

အောင်မြတ်ဦး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁ ]

## ပွဲပြီးအလုပ်။ တန်ဖိုးကြီးသောအရွယ်

တစ်လောက ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းဖြစ်သူ လွင်ဇော်တို့ ပြဿနာဖြစ်၏။ ပြဿနာသည် ဘာမှမဟုတ်၊ စာအုပ်တစ်အုပ်ကို ဝေဖန်ကြရင်း ပြဿနာဖြစ်ခဲ့ခြင်းပင်။

စင်စစ်မူ ကျွန်တော် ပြဿနာမဖြစ်ချင်။ ခက်သည်က လွင်ဇော်၊ သူက *ကျွန်တော်၏ မိန်းမတို့၏လျှို့ဝှက်ချက်* ကိုဖတ်ပြီး ကျွန်တော့်ကို ဝေဖန်သည်။ ကျွန်တော့်ကို မိန်းမတို့အား သာသာထိုးထိုး ချီးမြှောက်သူအဖြစ် စွပ်စွဲပြောဆိုသည်။

ကျွန်တော်က

'မဟုတ်ဘူးလား၊ တကယ်တော့ မိန်းမဟာ မကောင်းတာ မဟုတ်ဘူး၊ မကောင်းတဲ့ယောကျ်ားလည်း ရှိတာပဲ၊ မိန်းမနဲ့ယောကျ်ား သဟာဇာတဖြစ်ရင် ပြဿနာဘယ်ရှိမလဲ'

ဟု ပြော၏။

'အဲဒါ ခက်တာပေါ့၊ မင်း မဃာဒေဝ မဖတ်ဖူးဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဖတ်တာပေါ့၊ ဒီဆရာတော်က ငါလေးစားတဲ့ ဆရာတော်ပဲ၊ ဒါပေမယ့် ငါက စာတွေကိုချည်း ဦးစားမပေးဘူး၊ ပြီးတော့ အရာရာ ပြုပြင်ရင် ရတယ်လို့ လက်ခံတယ်'

'မင်း မဟုတ်သေးပါဘူး'

ဟု သူပြောသည်။ နောက် သူ ဆက်မပြောတော့။

မပြောတာဘဲ ကောင်းပေသည်။ အမှန်တော့မူ လောက တွင် တရားသေသမားများက ခက်သည်။ ပြောရလျှင် သူတို့က ဗုဒ္ဓ၏ စကား ဆယ်ခွန်းကို မသိသူများသာ။ တစ်ယူသန်အစွဲ ဆိုသည်က အမှားသာဖြစ်၏၊ အမှန်မဟုတ်ပေ။

တစ်ခုရှိသည်က သူ့ဘာဝကို ပြန်ကြည့်လျှင် သူက မိန်းမနှင့် ပတ်သက်၍ အစ မကောင်းသူဖြစ်၏။ သစ္စာမရှိသော မိန်းမကိုသာ ထိတွေ့ဖူးသူ။

မိန်းမတစ်ဦး မကောင်းလျှင် မိန်းမတွေ မကောင်းဟု ပြော ရမည်လော။ ဝါးလုံးရှည်နှင့်ယမ်းလျှင် အမှားသာဖြစ်မည်။ လောက တွင် အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်။ မကောင်းသည့် မိန်းမရှိသလို ကောင်းသည့် မိန်းမလည်းရှိသည်။

မှန်သည်။ လောကတွင် 'သုယောနန္ဒီ'လို မိန်းမရှိသလို 'ဓမ္မ ဒေဝီ'လို မိန်းမလည်းရှိသည်ပင်။ အခက်ဆုံးက လူဆိုသော သတ္တဝါ သည် အရာရာအား ကိုယ်၏ထိတွေ့မှုပေတံနှင့် တိုင်းတာနေကြခြင်း သာဖြစ်၏။ ဤသည်မှာ ကျဉ်းမြောင်းသော အမြင်ဟု ဆိုရလျှင်လည်း မမှားပေ။

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမဆိုသည်

အမှန်တော့မူ အရာရာကို မျက်ခုံးမွေး တစ်ထောက် မကြည့်သင့်၊ မျက်စေ့တစ်ဆုံး ကြည့်သင့်သည်။ ဝေဖန်ဆန်းစစ်ခြင်းသည်သာ အမှန်တရားဟုဆိုလျှင် မမှားချေ။

မိန်းမဆိုသည် အဘယ်နည်း... ။

ဒီမေးခွန်းကို မေးကြည့်ရတော့မည်။ အသေအချာ ဆန်းစစ်ကြည့်လျှင် မိန်းမနှင့်ယောကျ်ားသည် ဖွဲ့စည်းပုံချင်း မတူသလို၊ အသိနှင့်ပိုင်းခြားမှုအရာ၌တွင်လည်း မတူညီဟု ဆိုရမည်။

ယောကျ်ားသည် ဦးဆောင်သူဖြစ်၏။

မိန်းမက မှီခိုသူပင်ဖြစ်၏။

ဤကား မမွတာစဉ်လာသဘောဖြစ်၏။ သို့သော် လူ့ဘောင်လောကတွင် ဦးဆောင်သူ ယောကျ်ားကမှီခိုပြီး၊ မှီခိုသူ မိန်းမက ဦးဆောင်နေသည်လည်း ရှိ၏။ တစ်ခုရှိသည်က မိန်းမသည် အသိဉာဏ်နှင့် ပိုင်းခြားမှုအရာတွင်မူ ယောကျ်ားလောက် မြင့်မားမည်မဟုတ်ပေ။

မည်သို့ဆိုစေ၊ ကျွန်တော်တို့ တစ်ခုနားလည်ထားရမည်က မိန်းမသည် ပြုပြင်ရသော အသိဉာဏ်ပိုင်ရှင်ဖြစ်သည် ဟူသောအချက်သာဖြစ်၏။

မည်သို့ ပြုပြင်ရမည်နည်း။

သည်နေရာတွင် ကျွန်တော်တို့ တစ်ခုတော့ ကြို၍ နားလည်ထားရမည့် အချက်တစ်ခုရှိ၏။ တခြားတော့ မဟုတ်၊ အသိဉာဏ်ပြည့်ဝသည့် မိန်းမတစ်ဦး ဖြစ်ရန်က မိန်းမ၏ အစကတည်းက တန်ဖိုးကို နားလည်စေရန် ညွှန်ပြခြင်းသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမတို့၏ တန်ဖိုးအရှိဆုံးသောအချိန်(အရွယ်)

မိန်းမတစ်ယောက်အတွက် ဘယ်အချိန်၊ ဘယ်အရွယ်ဟာ တန်ဖိုးအရှိဆုံးလဲ။

မိန်းမတို့ သဘာဝကိုသိရန် လူတိုင်းသည် ဤမေးခွန်းကို သိထားသင့်ပေသည်။ ဤမေးခွန်းကို မသိသူ၊ ဤမေးခွန်း အဖြေကို နားမလည်သူတိုင်းသည် မိန်းမအကြောင်းကို သိရှိနားလည်သူ မဖြစ်နိုင်။

အကြောင်းကို ဆိုသော်၊ ဤမေးခွန်းမျိုးကို မေးတတ်သူ၊ ဤမေးခွန်းအဖြေကို ဖြေနိုင်သူသည်သာ မိန်းမအကြောင်းကို နားလည်သူဖြစ်နိုင်၏။ အဘယ့်ကြောင့်ဆိုသော် ဤမေးခွန်း၏အဖြေတွင် မိန်းမတို့၏ဘာဝကို ဆစ်ပိုင်းနိုင်မှု စွမ်းရည်ရှိနေသောကြောင့် ဖြစ်လေသည်၊

ကောင်းပြီ၊ မိန်းမတို့ဘာဝကို မည်သို့ဆစ်ပိုင်းမည်နည်း။

လူ့ဘာဝကို ဆစ်ပိုင်းလျှင် ပဌမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် စသည်ဖြင့်ရှိ၏။ ဝညာရှာသည့်အရွယ်၊ ဥစ္စာရှာသည့်အရွယ်၊ တရားဘာဝနာပွားသည့်အရွယ်ဟု ဆိုနိုင်သည်။

ဤကဲ့သို့ပင် မိန်းမတို့၏ဘာဝကို ဆစ်ပိုင်းလျှင်လည်း အရွယ်ကဏ္ဍသည် အမျိုးသုံးစားရှိသည်ဟု ဆိုရမည်။

၁။ လှသွေးကြွယ်သည့် အရွယ်၊

၂။ အလှဆုတ်ခန်းစ အရွယ်၊

၃။ အလှပျက်သော အရွယ်

စသည်တို့ ဖြစ်လေသည်။ ဤသည်ကို ကြည့်ရုံဖြင့်ပင် မိန်းမတစ်ဦးအတွက် ဘယ်အချိန်၊ ဘယ့်အရွယ်သည် တန်ဖိုးအရှိဆုံးဖြစ်နိုင်မည်ကို ခန့်မှန်းနိုင်ပြီဖြစ်၏။ မှန်ပေသည်၊ မိန်းမတစ်ယောက်အတွက်

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးအကြီးဆုံး အရွယ်သည် အမှတ်(၁) အမျိုးအစား၊ 'လှသွေးကြွယ်သည့်အရွယ်'ဟု ဆိုရပေမည်။

'လှသွေးကြွယ်သောအရွယ်'ကို 'အပျိုအရွယ်'ဟု ခေါ်ရလိမ့်မည်။

ထိုအခါ ကျန်သည့်အရွယ်တွင်ရှိသော မိန်းမများကတော့ တန်ဖိုး မရှိတော့ဘူးလားဟု မေးကောင်းမေးလိမ့်မည်။ ဒုတိယ၊ တတိယအရွယ်တွင်ရှိသော မိန်းမများသည် တန်ဖိုးမရှိမဟုတ်၊ တန်ဖိုးရှိကြပါသည်။ သို့သော် တန်ဖိုးချင်းမတူ ဟူ၍ သတိချပ်ထားရမည်။

အဘယ်ကြောင့်နည်း။

အလှသွေးကြွယ်သည့်အရွယ်(အပျို)နှင့်၊ အလှသွေး ဆုတ်ခန်းစ(အိမ်ထောင်သည်)၊ အလှပျက်သောအရွယ်(အဘွားအို)တို့၏ တန်ဖိုးကို အနီးစပ်ဆုံး ပန်းတစ်ပွင့်ကိုကြည့်ကာ ဥပမာပြရပေမည်။

အလှသွေးကြွယ်သည့်အရွယ် (အပျို)သည် ပင်ထက်မှလန်းဆန်းနေသော ပန်းတစ်ပွင့်နှင့်တူ၏။

အလှဆုတ်ခန်းစအရွယ် (အိမ်ထောင်သည်)သည် စားပွဲပေါ်ရှိ ပန်းအိုးတွင်းမှ ပန်းတစ်ပွင့်နှင့်တူ၏။

အလှပျက်သောအရွယ် (အဘွားအို)သည် ညှိုးရော် နွမ်းစပြုသဖြင့် ရေကူထားရသည့် ပန်းတစ်ပွင့်နှင့်တူသည်။

ထိုပန်းသုံးပွင့်တွင် မည်သည့်ပန်းပွင့်သည် တန်ဖိုးအရှိဆုံးလဲ ဒါကိုကြည့်လျှင် သိနိုင်သည်။

အသင်သည် ပန်းတစ်ပွင့်ကို လိုသူဆိုပါစို့... ။

မည်သည့်ပန်းပွင့်ကို ကမ်းယူမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



အဖြေက ရှင်းလှသည်။ လူတိုင်းသည် ပင်ထက်တွင် ပွင့်လန်းနေသော ပန်းပွင့်ကို တန်ဖိုးထားကြမည်။

ထို့ကြောင့် မိန်းမသားတစ်ဦးအတွက် အပျိုဘဝသည်သာ တန်ဖိုးအရှိဆုံး ဘဝဟု ဆိုရလိမ့်မည်။ ထို့အတူပင် မိန်းမများအဖို့လည်း အပျိုဘဝကို တန်ဖိုးထားကာ အပျိုဂုဏ်ကို ထိန်းသိမ်းရန် အထူးလိုအပ်လှပါသည်ဟု ဆိုချင်သည်။

## အပျိုဂုဏ်ဆိုတာ ဘာလဲ

ဒီကနေ့ မိမိကိုယ်မိမိ အပျိုဖြစ်ပြီဟု မိန်းကလေးများ သိကြသော်လည်း တော်တော်များများသည် အပျိုဂုဏ်ကို မသိကြပေ။ တချို့ကလည်း အသက် ၁၃၊ ၁၄နှစ် အရွယ်ရောက်ပြီး ရင်ကလေးဖွံ့၊ တင်ပါးလေးစွင့်ကာ လှသွေးကြွယ်လာသည်နှင့် အပျိုဖြစ်ပြီဆိုပြီး အပျိုသင်စ ငှက်လိုနေကြသည်။

ဟိုလိုလို၊ ဒီလိုလို လမ်းသလားကြသည်။

စင်စစ်မူ လိင်သဘာဝ သဘောအရ သွေးသားဆူပြီး ဖွံ့ထွားလာခြင်းသာဖြစ်၏။ အပျိုဇာတိ ပြလာခြင်းသာ ဖြစ်၏။ ဂုဏ်ဝင့်လာခြင်းဟု မဆိုနိုင်။ အပျိုဂုဏ်တံခွန်ကို မလွှင့်နိုင်သေးပေ။

စင်စစ်မူ ဤသည်မှာ အပျိုစိတ်ဝင်လာခြင်းသာ ဖြစ်၏။

ဤကဲ့သို့ အပျိုစိတ်ဝင်လာသည်ကို သိလျှင် အပျိုဂုဏ်တင့်နိုင်ရန်၊ ထိန်းသိမ်းရန် အထူးလိုအပ်လာပြီဖြစ်ကြောင်းကို အပျိုကလေးများ နားလည်ထားသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့်ဆိုသော် အပျိုစိတ်ကို ထိန်းသိမ်းနိုင်မှ အပျိုဂုဏ်ဝင့်ကာ အပျိုတန်ဖိုးကြီးလာမည် ဖြစ်သောကြောင့်တည်း။ မထိန်းသိမ်းလျှင်မူ ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်ဘဝသို့ တစ်မဟုတ်ချင်း ရောက်သွားမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပေလိမ့်မည်။

အချို့သော ယောကျ်ားလေးများက

'မိန်းမ ဣန္ဒြေ ရွှေပေးမရ မဟုတ်ဘူးကွ၊ ဒီနေ့ မိန်းမတွေက ရွှေငွေပေးလို့ရတယ်၊ ရွှေငွေလောက် တန်ဖိုးမရှိဘူး'

ဟု ပြောကြ၏။

ဒီစကားများက ကိုယ့်ဂုဏ်ကိုယ်ဖျက်သော မိန်းမများကြောင့် ပေါ်ပေါက်လာကြခြင်းဖြစ်၏။

အမှန်တော့မူ အပျိုကလေးတစ်ဦး၏ တန်ဖိုးက ရွှေငွေထက်မက တန်ဖိုးကြီး၏။ ရွှေငွေတို့က တန်ဖိုးအတက်အကျရှိပြီး အပျိုတန်ဖိုးက အတက်အကျမရှိကြောင်းကို သိထားရပေမည်။

အပျိုမလေးတစ်ဦး၏ တန်ဖိုးသည် နဂိုရှိပြီးဖြစ်သော်လည်း ထိုတန်ဖိုးကို ကြီးသထက်ကြီးအောင်မူ ကိုယ်တိုင်လုပ်ယူရမည်ဖြစ်၏။ ကိုယ်တိုင်က လိပ်ပြာကလေးလို ပျံလွှားငှက်လို အတည်အငြိမ်မရှိလျှင်ကား ဘယ်မှာ တန်ဖိုးရှိပါတော့မည်နည်း။

မြန်မာစကားတွင် မိန်းမတို့ဣန္ဒြေ ရွှေပေးမရဟု ရှိ၏။

တည်ငြိမ်ခြင်း၊ အေးဆေးခြင်း၊ လျှပ်ပေါ်လော်လည်မှု ကင်းခြင်းသည် အကြီးမားဆုံးဂုဏ်ဖြစ်၏။ တန်ဖိုးဖြစ်၏။

ထို့ကြောင့် အပျိုမလေးတို့အဖို့ မိမိ၏ဂုဏ်တန်ဖိုးမြင့်မားစေရေးအတွက် အောက်ပါအချက်များကို စောင့်ထိန်းရန် လိုအပ်သည်။

ကြည်စွာ နေပါ။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဟိုစပ်စပ်၊ ဒီစပ်စပ်မလုပ်ပါနှင့်။

သို့မဟုတ်လျှင်ကား 'အိမ်နီးချင်းအပျို၊ လူမရှိသော'ဟူသော ကိန်း ဆိုက်သွားလိမ့်မည်။ လောကတွင် မိန်းမပျိုတစ်ဦးအတွက် အပျို ဂုဏ်၊ အပျိုတန်ဖိုး ကျဆင်းရခြင်းလောက် ကြီးမားသော ဆုံးရှုံးမှုမရှိ ဟူသည်ကို အထူးသတိချပ်ရပေမည်။

## အပျိုတန်ဖိုးသည် လှပခြင်းနှင့် မဆိုင်

အပျိုမလေးတစ်ဦးက

'ကျွန်မက ရုပ်မလှတော့ တော်ဝင်မိန်းမ မဖြစ်နိုင်ပါဘူး'

ဟု ဝမ်းပန်းတနည်း ပြောသည်ကို ကြားဖူးခဲ့သည်။

ဤသည်မှာ မှားယွင်းသော အတွေးအခေါ်ဟုဆိုရလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် စံပြုတော်ဝင် မိန်းမတစ်ဦးဖြစ်ရန်အတွက် လှပ ခြင်းသည် အဓိက မဟုတ်သောကြောင့်ဖြစ်သည်။

မြန်မာစကားတွင် 'တိတ်တိတ်နေသော ထောင်တန်သည်'ဟု ရှိသည်။ ထိုစကားပုံ၏ အဓိပ္ပာယ်သည် စောင့်စည်းခြင်းဆိုသည့် မြင့် မြတ်သော အမူအကျင့်နှင့် တစ်သားတည်းကျအောင် ဆိုထားသော အချက်သာဖြစ်လေသည်။

အပျိုဂုဏ်၊ အပျိုတန်ဖိုးကိုသိကာ သိုသိပ်ကျစ်လျစ်စွာ စောင့် ထိန်းထားသော မိန်းမပျိုတစ်ဦးသည် ဖောက်ပြန်သောအမှုကို ပြုမည် မဟုတ်။ အကယ်၍ ပြုကျင့်လိုစိတ်ရှိစေကာမူ ချက်ချင်းပင် စောင့်ထိန်း

www.burmeseclassic.com

www.burmeseclassic.com



မှုက ချွတ်ချော်သွားသော စိတ်အစဉ်ကို ထိန်းကွပ်လိုက်မည်မှာ မြေကြီး လက်ခတ်မလွဲဖြစ်သည်။

မိန်းမပျိုကလေးများ အထူး သတိချပ်ထားသင့်သည်က 'လူတစ်ကိုယ် တစ်ခုကောင်းရှိ'ဆိုသော စကားနှယ်၊ မိန်းမပျိုတိုင်းတွင် ညို့ဓာတ်ကောင်းတစ်ခုတော့ ပါစမြဲဖြစ်၏။ ယင်း ညို့ဓာတ်က မည်သည့် အရာနှင့်မှ နှိုင်းယှဉ်မရသော အဖိုးတန်ရတနာပင်ဖြစ်၏။

ထို့ကြောင့် မိန်းမပျိုကလေးများအဖို့ အရေပြားအလှအပကို အရေးမထားသင့်ဟု ဆိုချင်သည်။

အရေပြားပေါ်မှ အလှကို အရေးထားနေသည်မှာလည်း မိမိ၏ ရှိရင်းစွဲ ညို့ဓာတ်ကို သတိမမူမိသောကြောင့်သာဖြစ်၏။ ဤရှိရင်းစွဲ ညို့ဓာတ်တစ်ခုတည်းပင် တန်ဖိုးကြီးသော အလှဟု ခေါ်နိုင်သည်။

ထို့ကြောင့် 'မိန်းမတိုင်း လှသည်'ဟု ဆိုရမည်။ အလှမရှိသူဟူ၍ မရှိချေ။

ဥပမာပြရလျှင်

ပိန်သောမိန်းမပျိုအဖို့ လှလှပပ ဝဝဖိုင့်ဖိုင့်၊ လုံးကြီးပေါက်လှကိုမှ ကြိုက်သော ယောကျ်ားပျိုအတွက် စွဲမက်စရာမဟုတ်သော်လည်း ပိန်ပိန်ချပ်ချပ်ကိုမှ ရွေးကြိုက်သော ယောကျ်ားမျိုးအတွက် အဖိုးမဖြတ်နိုင်သော နတ်ရေးသည့် ဖူးစာဖက်ဖြစ်ပေသည်။

ထို့ကြောင့် မိန်းမပျိုကလေးများအဖို့

၁။ အနေအေးဆေးပါစေ။

၂။ ယဉ်ကျေးစွာ ပြောဆိုတတ်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



၃။ ကြာခြေနှရှိပါစေ။

သို့ဆိုလျှင် မိန်းမပျိုတိုင်း အလှကိုယ်စီ ရှိလာမည်၊ တန်ဖိုးရှိလာမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂ ]

## တိမ်းလွှယ်၊ ညွှတ်လွှယ်၊ မြီးကောင်ပေါက်အရွယ်

'ကျီး' အတောင်ပေါက်စ သဖွယ်၊ မြီးကောင်ပေါက်မအရွယ်' ဆိုသော စကားကို ကြားဖူးကြပေလိမ့်မည်။ အတောင်ပံပေါက်စ ကျီးတို့မည်သည် အတည်အငြိမ်မရှိ။ ဟိုသည် လူးလားခေါက်တုံ့နေတတ်သည်။ တိမ်ပမာ၊ လေပမာအရွယ်၊ မြီးကောင်ပေါက်အရွယ်သည် အရာရာတည်ငြိမ်ခြင်း မဲ့လှသည်။

သည်အရွယ်က စိတ်ကစားတတ်သည်။ စွဲမိစွဲရာ အရွယ်ဟု ဆိုလျှင်လည်း မှန်သည်။ ထိုအရွယ်ကို ပိုင်းဆစ်လေ့လာကြည့်လိုက်လျှင် အသက်အရွယ်အားဖြင့် ၁၃နှစ်၊ ၁၄နှစ်၊ ရင်ကလေး ဖူးစ၊ တင်ကလေးစွင့်စအရွယ်။ ရာသီ၊ ဓမ္မတာလာစအရွယ်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးသားက ပြောင်းလာသလို ကိုယ်နေဟန် အချိုးအဆစ်လည်း ပြောင်းလာသောကြောင့် ကိုယ့်ကိုယ်ကိုယ် စိတ်ကြီးဝင်လာသည်။

ငါ ကလေးမဟုတ်တော့ဘူး။

ငါ အပျိုဖြစ်ပြီ။

စိတ်ထဲတွင် အသိရှိလာသလို ဆန့်ကျင့်ဘက်လိင်၏ စိတ်ဝင်စားမှုကို တပ်မက်လာသည်။ သူတို့ အကြည့်ကို ခုံမင်လာသည်။ ရှက်သလို၊ ရွံ့သလို၊ ရဲရင့်သလိုနှင့်။

စင်စစ် ထိုအရွယ်က 'မရဲဘဲ ကျဲပြီ့ စီးချင်တဲ့အရွယ်' သာဖြစ်၏။ ထို့ကြောင့် ထိုအရွယ်အတွင်းသို့ မိန်းကလေးများရောက်လျှင် လူကြီးမိဘများ ဂရုစိုက်ရန်လို၏။ ထိုအရွယ်တွင် ထိန်းကွပ်မှု မှားမည်၊ မိန်းကလေးဘက်မှလည်း စောင့်ထိန်းနိုင်မှု နည်းမည်ဆိုလျှင် ပျက်စီးခြင်းသို့ ရောက်နိုင်၏။

**သတိအရေးကြီးသည်**

သည်နေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် ကျွန်တော်၏ သုတေသန ပြုချက်တစ်ခုကို တင်ပြလိုသည်။

ကျွန်တော်သည် 'အပျိုရိုင်း'ဟု ဆိုနိုင်သည့် မြီးကောင်ပေါက် မိန်းကလေးများ၏ စိတ်ဓာတ်ကိုသိလိုသဖြင့် သုတေသနပြုဖူးသည်။

ယင်းသို့ သုတေသနပြုကြည့်ရာ အပျိုရိုင်းဟု ခေါ်နိုင်သည့် မြီးကောင်ပေါက် မိန်းကလေးများသည်

www.burmeseclassic.com

www.burmeseclassic.com



၁။ အစဉ်အမြဲ စိတ်ကစားနေ၏။

၂။ ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားသည်။ ဆန့်ကျင်ဘက်လိင်နှင့် ယှဉ်ပါးချင်သည်။

၃။ ကိုစွတစ်ခုကို နားပယောင်လွယ်သည်။ ရှေ့နောက်မကြည့်ဘဲ စွတ်တရွတ် လုပ်တတ်သည်။

ဤသို့အဖြစ်များနှင့် ကြုံတွေ့နေရကြောင်းကို သိရ၏။ ဘာကြောင့် ဤသို့ဖြစ်သနည်း။

အဖြစ်က ရှင်းသည်။

မိန်းကလေးတစ်ဦး၏ တစ်သက်တာ တစ်ဘဝအတွက် အပျိုဘော်ဝင်စဟု ဆိုနိုင်သည်၊ ဆိုရသည့် အချိန်တွင် သွေးသားလှုပ်ရှားမှုကို ဦးစွာ ခံစားရမည်ဖြစ်သောကြောင့် သွေးသား၏လှုပ်ရှားမှုကို စိတ်ပိုင်းဆိုင်ရာမှ ခံနိုင်ရည်ရှိလျှင် ရှိသလို၊ မရှိလျှင် မရှိသလို စိတ်၏ဖြစ်ပေါ်မှုအတိုင်း၊ စိတ်၏ခံစားမှုအတိုင်း ဖြစ်တတ်၏။

စိတ်သွားတိုင်း ကိုယ်ပါဖြစ်ခဲ့လျှင်မူ ဘေးတွေ့ရတတ်သလို၊ ရင်လေးစရာကောင်းသည်ဟု ဆိုရမည်။

အဘယ့်ကြောင့်ဆိုသော် မိန်းကလေးတစ်ဦးသည် စိတ်၏ သွေးဆောင်မှုနောက်သို့ ပါသွားလျှင် စိတ်သွားတိုင်း ကိုယ်ပါဘဝကို ရောက်ကာ သောကနှင့်ကြုံ၊ ဒုက္ခဖြစ်နိုင်သည်။

ဤနေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် ကျွန်တော်၏ သုတေသနပြုချက် တစ်ခုကို တင်ပြလိုသည်။ ကျွန်တော်သည် ဤအပျိုစိတ်၊ အပျိုတို့၏ လျှို့ဝှက်ချက်'ကို စာအုပ်ပြုစုရန်အတွက် မိန်းကလေးတော်တော်များများကို လေ့လာခဲ့သည်။ အချို့ကို သူတွေ့မေးမြန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်အေးမှု၏ ပြောပြချက်ကို တင်ပြလိုသည်။

"တကယ်တော့ အပျိုဘော်ဝင်စလို့ ခေါ်ရမယ့် မြီးကောင်ပေါက်ဘဝရဲ့ စိတ်က တကယ့်ကို ဆန်းကြယ်တယ်လို့ ပြောရမယ် ဆရာ၊ ကျွန်မ ခံစားရတာကို ပြောရမယ်ဆိုရင် ၁၃ နှစ်၊ ၁၄ နှစ် ခန့်မှာ လာတဲ့ အချိန်ပေါ့ ဆရာ၊ စိတ်က ဘယ်တော့မှ အတည်အကျ မရှိဘူး၊ အရာရာကို စိတ်ဝင်စားနေတယ်၊ ပြီးတော့ ခန္ဓာကိုယ်ကလည်း ကလေးဘဝလို မဟုတ်တော့ဘဲ ဖွံ့ထွားလာတော့ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးလာတယ်'

'အချစ်နဲ့ ပတ်သက်လို့ ခံစားရမှာပေါ့။ ကျွန်တော့်ကို ပြောပြပါဦး'

ခင်အေးမှုက ရှက်စနိုးပြုံးသည်။

'ဟုတ်တယ် ဆရာ၊ ပြောရရင် ကိုယ့်ကိုယ်ကိုယ် အပျိုဖြစ်ပြီဆိုတာ သိလာသလို၊ အပျိုစိတ်ဝင်ပြီး ယောက်ျားတွေရဲ့ စိတ်ဝင်စားမှုကို လိုချင်လာတယ်၊ အချစ်ဝတ္ထု၊ အချစ်ရုပ်ရှင်တွေ ဖတ်ပြီး စိတ်ကူးယဉ်တတ်လာတယ်၊ အင်း ဒီအကြောင်းတွေ အခုပြန်ပြီး စဉ်းစားမိတော့ ရင်ပူလာတယ်၊ ဒီအချိန်ဟာ သိပ်ကို အရေးကြီးတဲ့ အချိန်ပဲ ဆရာ'

မှန်တော့မှန်သည်။

သည်အရွယ်က အလှအပ စတင်ဖော်ပေါက်သည့် အရွယ်ဖြစ်သလို၊ အမျိုးပန်းကလေး ဖူးပွင့်ရန် တာစူသည့်အချိန်လည်း ဖြစ်၏။ ထို့ကြောင့် ထိုအရွယ်တွင် မိန်းကလေးများသည် သွေးသားလှုံ့ဆော်မှုအထိကို အကြီးအကျယ် ခံစားရသော အချိန်လည်း ဖြစ်၏။

ထိုအချိန်တွင် ပတ်ဝန်းကျင်ကောင်းနှင့် မတွေ့လျှင် မိမိ၏ စိတ်ကို မထိန်းနိုင်လျှင် ဘဝတာဒုက္ခနှင့် ကြုံရမည်မှာ သေချာလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် မြီးကောင်ပေါက်အရွယ် သမီးကညာရှိသော မိဘများသည် ကိုယ်၏သမီးကညာဘဝ သာယာစိုပြည်စေရန်အတွက် အစဉ်အမြဲ ဂရုစိုက်နေရမည်ဖြစ်၏။

**လမ်းရွေးမှားလျှင်**

မြန်မာစကားတွင် အလွန်တရာ တန်ဖိုးကြီးသော စကားတစ်ခွန်းရှိသည်။ ထိုစကားက အခြားမဟုတ်ပါ။

'အပျိုလိုမနေမိလို့ ကိုယ်ရိတယ်လေး' ဆိုသော စကားဖြစ်သည်။

အပျိုဘဝဟူသည်က လွတ်လပ်ပြီး အင်မတန်တန်ဖိုးထားခံရသော ဘဝဖြစ်သည်။ သို့သော် အပျိုဘဝကိုစွန့်ပြီး တခြားသော ဘဝတစ်ခုအား ခုံမင်မိလျှင် ဒုက္ခကြုံရမည်ပင်ဖြစ်၏။

တလောက ကျွန်တော် မြို့တွင်းမှအပြန် ကားပေါ်တွင် ကြုံခဲ့ရသည့်အဖြစ်တစ်ခုကို တင်ပြလိုသည်။

ထိုနေ့ ကျွန်တော် မြို့ထဲမှအပြန် ကားပေါ်တွင်မိန်းကလေးတစ်ဦးနှင့် ဆုံရ၏။ မိန်းကလေးက ၁၅နှစ်၊ ၁၆နှစ်သာ ရှိဦးမည်။ အဝတ်အစားကလည်း သပ်သပ်ရပ်ရပ်မရှိ၊ ညစ်ထေးနေ၏။ ကလေးငယ်ကိုလည်း ရင်ဝယ်ပိုက်လို့။

သီရိမင်္ဂလာဈေး မှတ်တိုင်သို့ ကားအရပ်တွင် မိန်းကလေးတက်လာ၏။

အချိန်က နံနက်တစ်နာရီခန့်။ မိန်းကလေးသည် ကားပေါ်ရောက်လျှင် ကျွန်တော့်ဘေး ဝင်ထိုင်၏။

'သေနာလေးကလည်း နို့ပဲစို့နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ကလေးကိုနို့တိုက်၏။ ထိုစဉ် စပါယ်ယာက ယာဉ်စီးခ တောင်းသည်။

သူကလေးက ...

'ယောက်ျားပြန်မလာလို့လိုက်လာတာ၊ သေနာကဉစကတည်းက ပြန်သွားတာတဲ့၊ သူနဲ့မတွေ့လို့ ကားခလည်း ပေးစရာမရှိဘူး'

ဟု ပြောသည်။

ကျွန်တော် သူကလေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။ သူကလေးက လင်ယူသားမွေးရသည့် အရွယ်မဟုတ်။ အပျိုလေးလို့နေပြီး လှသွေးကြွယ်ရမည့်အရွယ်။ ခုတော့ ကလေးမလေးသည် အပျိုလို မနေမိလို့ ကိုယ်ရိုခဲ့ချေပြီ။

ကျွန်တော် သူကလေးကိုကြည့်ရင်း နိုင်ငံ့ဝန်ထမ်း ဘဝက တောင်ငူတွင် ကြုံခဲ့ရသော အဖြစ်ကလေးကို ပြေးသတိရလိုက်သည်၊

လူသတ်မှုတစ်ခု၊ ရပ်ကွက် ကောင်စီဝင်များက အပ်သဖြင့် လူသတ်သမားကို လက်ခံယူလိုက်ရင်း များစွာအံ့ဩတုန်လှုပ်ရ၏။ လူသတ်သမားက အသက်၁၅နှစ်အရွယ် မိန်းကလေးတစ်ဦး။ သူကလေးက ခင်မောင်လွင်ဆိုသူကို ဓားနှင့်ငါးချက်ထိုးကာ အသေသတ်လိုက်ပြီ။

မိန်းကလေးက ငိုနေပြီ။

'သမီးဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့် ခုလို လူသတ်မှုကျူးလွန်ရတာလဲ'

သူကလေးက ငိုရင်း သူ၏အဖြစ်ကို ဖောက်စုံခင်း၍၏။ သည်အခါ ကျွန်တော် ရင်နာရ၏။

သူကလေးအဖြစ်က ဤသို့တည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၂၈ * အောင်မြတ်ဦး

၁၅နှစ်အရွယ် လူသတ်သမား, မိန်းကလေး၏ အမည်က 'မဆွေဆွေ'ဖြစ်၏။ မဆွေဆွေသည် ကျောင်းသူဖြစ်၏။ သတ္တမတန်းတွင် ပညာသင်ကြားနေ၏။ တစ်နေ့ ခင်မောင်လွင်နှင့်တွေ့သည်။ ခင်မောင်လွင်က နယ်လှည့်ဆေးရောင်းသူ ဖြစ်၏။ ခင်မောင်လွင်က အကြိမ်ကြိမ်ချစ်ရေးဆိုပြီး ကြာတော့ ခင်မောင်လွင်နှင့် ချစ်သူဘဝသို့ ရောက်ခဲ့သည်။

ခင်မောင်လွင်နှင့် ချစ်သူဘဝသို့ရောက်ပြီး ခင်မောင်လွင်၏ အပြောကို နှစ်သက်ခဲ့သလို ခင်မောင်လွင်၏ အထိအတွေ့ကို သာယာခဲ့ပါသည်။

ဤသို့ဖြင့် ခင်မောင်လွင်ခေါ်ရာသို့ လိုက်ခဲ့၏။

သို့သော် ခင်မောင်လွင်က ဆွေဆွေကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းလိုသူမဟုတ်။ ဆွေဆွေ၏ နုပျိုဖူးထွားမှုနှင့် စီးပွားရှာလိုသူဖြစ်သည်။ ထို့ကြောင့် ဆွေဆွေအား ပေါင်းသင်းပြီး တစ်လအကြာတွင် ဆွေဆွေ့ကို အပေါင်းအသင်း သူငယ်ချင်းများနှင့်လွှတ်ပေးသည်။

ဆွေဆွေ အဖြေကို သိလိုက်သော်လည်း နောက်ကျသွားချေပြီ။ ဆွေဆွေသည် ခင်မောင်လွင်နှင့် သူငယ်ချင်းများ အလိုကျ ပြုသမျှ နခဲ့ရသည်လေ။

သို့သော် ဆွေဆွေက ခင်မောင်လွင်ကို ကောင်းစွာ လက်စားချေလိုက်ပြီ။

'သမီးဘဝအကြောင်းက ရင်နာစရာပဲ'

ကျွန်တော်က ပြောသည်။ ဆွေဆွေက

'ဟုတ်တယ် ဦးပြောသလို သမီးအဖြစ်က ရင်နာစရာတော့ ကောင်းပါတယ်၊ ဒါပေမယ့် သမီးရင်မနာဘူးဦး၊ ပြောရရင် သမီး ဒီလို

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုးရောက်ရတာ သမီးစိတ်ကစားမိလို့ပဲ၊ သမီးလို အဖြစ်မျိုး အမျိုးမလေးတွေ မရောက်ရအောင် သမီးပြောခွင့်ရှိရင် ပြောချင်တယ်၊ အမျိုးဖြစ်စ အရွယ်မှာ စိတ်မကစားကြပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် အချစ် သူ့ကောင်းစိတ် မဝင်ကြပါနဲ့၊ ကိုယ့်စိတ်ကိုယ်နိုင်အောင်ထိန်းပြီး အမျိုးဘဝကို တန်ဖိုးထားကြပါလို့'

ဟု ဖြစ်သည်။

မှန်သည်၊ ဒီအဖြစ်ဆိုးမျိုးက လောကတွင် မည်မျှရှိမည် မသိ။ သည်အဖြစ်က ပန်းကောင်းကလေးများ အညွန့်ကျိုးသည့်အဖြစ်။ သတိကြီးစွာထိန်းသိမ်းရန် လိုအပ်သည်။

'နောင်တ'ဟူသော စကားသည် အချိန်လွန်မှရတတ်သော စကားဖြစ်၏။ ထို့ကြောင့် နောင်းမှနောင်တရခြင်း မဖြစ်စေရန်အတွက် ဦးစွာ ထိန်းသိမ်းရန် လိုအပ်သည်။ မည်သူမပြု မိမိမှုဆိုထားသမို့ ကိုယ်ပြုသမျှဒဏ် ကိုယ်သာခံရသည်ကို မိန်းမပျိုကလေးများ သတိချပ်နားလည်ရန် အထူးမင် လိုအပ်လှပေသည်။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၃ ]

## အပျိုတန်ပိုး မြင်းမားရေး အစိကာအချက်

### ဆေးလိပ်ဆို တိုမှ၊ မိန်းမဆို ပျိုမှ

တစ်ခါက ကျွန်တော့်အား သူငယ်ချင်းတစ်ဦးက သူ၏ကြား ဖူးနား၀ စကားတစ်ခွန်းနှင့်ပတ်သက်၍ မေးဖူးသည်။ သူမေးသည့် အမေးက အခြားမဟုတ်။

'ဆေးလိပ်ဆိုတိုမှ၊ မိန်းမဆို အိုမှ' ဆိုသည့် စကားသည် ဟုတ် ၏၊ မဟုတ်၏ ဟူ၍ဖြစ်သည်။ ကျွန်တော်က မဟုတ်ဟုဖြေဆိုလိုက် သည်။

'ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟု သူက စောဒကတက်သည်။

ကျွန်တော်က ...

'ဘာဖြစ်လို့ဆိုတာ မဖြေခင် မင်းကိုငါ မေးခွန်းတစ်ခုမေးမယ် မင်းအမှန်အတိုင်းဖြေ'

'မေးလေ'

'အေး၊ ငါမေးမှာက တခြားတော့မဟုတ်ဘူး၊ မင်း ယူမယ့် မိန်းမတစ်ယောက်ဟာ အပျိုဆိုပါစို့၊ အဲဒီအပျိုကို ယူလိုက်တော့ ပတ်ဝန်းကျင်က 'ဟာ ... သူယူလိုက်တာ ဘယ်သူ့ သမီးကွယ်၊ အနေ အထိုင်တော်တယ်၊ အဖိုဆို ယင်ဖိုတောင် မသမ်းတဲ့မိန်းကလေး'လို့ ပြောတယ်၊ အဲဒီလိုပဲ မင်းယူမယ့် မိန်းကလေးဟာ အပျိုမဟုတ်ဘူး၊ တစ်ခုလပ်၊ မုဆိုးမ ငယ်ငယ်ဆိုပါစို့၊ မင်းယူလိုက်တော့ ပတ်ဝန်းကျင်က 'ဟာ ... သူယူလိုက်တာ တစ်ခုလပ်ဆို၊ ဒါမှမဟုတ် မုဆိုးမလေးဆို၊ ဟင်း ... ဒီကောင်ကလေးက အလုပ်အကိုင် ကြံ့ရည်ဖန်ရည်ရှိလျက်နဲ့ လွတ်လပ်တဲ့ အပျိုတော့ မယူဘူး၊ ပန်တော်ကျ အဒိုကို ယူတယ်၊ အံ့ရော'လို့ ပြောမယ်၊ ဒီအပြောနှစ်ခုမှာ မင်းဘယ်အရာ နှစ်သက်သလဲ'

ဟု ကျွန်တော်မေးတော့ သူခေတ္တတွေဝေသွားသည်။နောက်မှ —

'အနေအထိုင် ကျစ်လျစ်တဲ့ အပျိုမလေးကို ယူတာဆိုပြီး ချီးကျူးမှုကို လိုချင်တာပေါ့'

'အေး ဒါပဲကွ၊ ယောကျ်ားတိုင်းဟာ ကိုယ်ကမရိုးသားမဖြူစင် သေန့်ရှင်းရင်သာ နေမယ်၊ ကိုယ်ယူတဲ့ မိန်းမကိုတော့ ဖြူစင်သန့်ရှင်း ပြီး ဒေါင်ဒေါင်မြည် ဖြစ်စေချင်တယ်၊ ဒါ သဘာဝပဲ၊ နက မင်းပြော

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ 'ခေါင်းလိပ်ဆို တိုမှ၊ မိန်းမဆို အိုမှ' ဆိုတဲ့စကားဟာ စကားမှားကြီး၊ စကားမှန်က 'ခေါင်းလိပ်ဆို တိုမှ၊ မိန်းမဆို ပျိုမှ' ကွ၊ နို့မို့ရင် တို့ ဘယ်လို ဖြစ်သွားမလဲ၊ အပျိုကို မကြိုက်ဘူး၊ အအိုမှဆို တို့ယောကျ်ားတွေ ကြွက် ဖျင်း ဖြစ်သွားမှာပေါ့'

ဟု စကားပိတ်လိုက်ပါသည်။

## အပျိုတန်ဖိုး အပျိုအရသာ

'တကယ့်လို့ ခုအချိန်မှာ ကျွန်မလိုချင်တာကို ပြန်ရမယ်ဆိုရင် အပျိုဘဝကို ပြန်လိုချင်တယ်၊ အပျိုဘဝဟာ တန်ဖိုးအရှိဆုံး အရသာ အရှိဆုံးပဲ'

ကျွန်တော့်ကို မိန်းမတစ်ဦးက ပြောဖူးသည်။

"ဘာဖြစ်လို့လဲ"

'ဘာဖြစ်ရမှာလဲ ဆရာရဲ့၊ အခုဆို ကျွန်မဟာ အိမ်ထောင် သည် ဖြစ်နေပြီ၊ ဘယ်မှာလွတ်လပ်တော့မလဲ၊ ခင်ပွန်းသည် မျက်နှာ ကြည့်နေရပြီ၊ ခင်ပွန်းသည်အကြိုက်ကို လိုက်နေရပြီ၊ အပျိုဘဝကဆို ကိုယ့်စိတ်ကိုယ်သာ ဖြစ်သာပဲ၊ ဘယ်သူ့မျက်နှာမှ ကြည့်စရာမလိုဘူး'

'ဒါဖြင့် ဘာကြောင့် အိမ်ထောင်ပြုလဲ'

'အပျိုတန်ဖိုးကို သေသေချာချာမသိလို့ပေါ့၊ သိတော့ နောင်း နေပြီ၊ မင်္ဂလာဦးညကဆို ကျွန်မ တော်တော်ဝမ်းနည်းနေမိတယ်'

လောကတွင် ဒီလိုအဖြစ်မျိုးကြုံခဲ့သည့် အပျိုလေးများစွာ ရှိသည်။

www.burmeseclassic.com



စင်စစ်တော့ အပျိုဘဝက တန်ဖိုးကြီးလွန်းလှသည်။ ဒီကနေ့လို ဈေးကွက်စီးပွားရေး ကျင့်သုံးပြီး ကုမ္ပဏီကြီးများ၊ စတိုးဆိုင်ကြီးများ ခေတ်စားနေသည့် ကာလတွင် အပျိုများက မျက်နှာပွင့်လန်းလှ၏။

ဒီကနေ့ စတိုးဆိုင်ကြီးများ ကုမ္ပဏီကြီးများတွင် အလုပ်ခေါ်လျှင် အပျိုကို ဦးစားပေးကြသည်။ ဒါကပင် အပျိုတန်ဖိုး မြင့်မားခြင်းဟု ပြောနိုင်သည်။

## အပျိုနှင့် အပြို

လူကြီးသူမများက ပြောဖူး၏။

'လောကမှာ အပျိုဆိုတာ နှစ်မျိုးရှိတယ်ကွ၊ ရပင်နဲ့ပျိုတဲ့ အပျိုနဲ့ ရရစ်နဲ့ပြိုတဲ့ အပြိုပဲ'

ဟု ဖြစ်သည်။

အစက ကျွန်တော် ဒီစကားကို ကောင်းစွာနားမလည်။ သို့သော် အသက်အရွယ်နှင့် အတွေ့အကြုံအရ 'အပျိုနှင့်အပြို'ကို ကောင်းစွာ သိလာသည်။

## အပျို

ရပင်နှင့်ပျိုသော 'အပျို'သည် သန့်စင်သောအပျိုဟု ခေါ်ရမည်။ ထိန်းသိမ်းစောင့်စည်းခြင်းများစွာနှင့် တစ်နေ့တခြား တန်ဖိုးမြင့်မားနေသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပျိုက သွေးသားလှုံ့ဆော်မှုကို ထိန်းသိမ်းနိုင်သည်။ ပတ်ဝန်းကျင်အလယ်တွင် ဖုံထည်သည်။ ပင်ကိုယ်သဘာဝ ကိုယ်ခံအား ကောင်းသူဖြစ်သည်။

## အပြို

ရရစ်နှင့်ပြိုသော အပြိုက ရပင့်နှင့်ပျိုသော အပျိုလို သန့်စင်ခြင်းမရှိ။ အလှပြိုပျက်စပြုနေသော အပျိုဟုခေါ်ရမည်။

ထိုအပြိုများက ရပင့်နှင့်ပျိုသော အပျိုလို စောင့်ထိန်းခြင်းမရှိ၊ ဟိုစပ်စပ် သည်စပ်စပ် လုပ်သည်။ သွေးသား လှုံ့ဆော်မှုနောက် ပါခဲ့သည်။ တရားဝင်အိမ်ထောင်သည် မဖြစ်သော်လည်း ကိုယ်စောင့်နတ်သိသော အိမ်ထောင်သည်ဘဝ ရောက်ခဲ့သူဖြစ်၏။

ထိုအပြိုက အပျိုနှယ် ပတ်ဝန်းကျင်အလယ်တွင် ဖုံထည်ခြင်းမရှိ။

ပင်ကိုယ်သဘာဝ ကိုယ်ခံအား မကောင်းသဖြင့် ဆေးကုနေရသော လူတစ်မျိုးဟု ခေါ်ရမည်။

## သွေးသားလှုံ့ဆော်မှု တိုက်ဖျက်နည်း

ဆေးပညာသဘောအရ မိန်းကလေးများသည် ၁၃နှစ်၊ ၁၄နှစ်တွင် အပျိုဘော်စဝင်သလို ဓမ္မတာသွေး စလာသည်။ သွေးသား အပြောင်းအလဲအရ စိတ်လှုပ်ရှား၊ စိတ်ကစားတတ်သည်ဟု လေ့လာတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကင်ဆီ၏ မ သဘာ၀ အစီရင်ခံစာတွင် ...

*မိန်းကလေးများသည် အသက်၁၃နှစ်၊၁၄နှစ်အရွယ်တွင် ခန္ဓာကိုယ်ဖွဲ့စည်းမှု ပြောင်းလဲလာ၏။ ရင်သားများတင်း ရင်း ဖွံ့ထွားလာသလို တင်များ စွင့်ကားစ ပြုလာ၏။ ဓမ္မတာရာသီ စပေါ်၏။ သွေးသား စတင်ပြောင်းလဲသည့် အချိန်လည်းဖြစ်၏။ ထိုအချိန်မျိုးတွင် မိန်းကလေးများ၏ စိတ်သည် မူလစိတ်မရှိ။ မိမိကိုယ်မိမိ အပျိုစိတ်ဝင်ကာ ဆန့်ကျင်ဘက်လိင် (ယောကျ်ားသား)များ၏ စိတ်ဝင်စား မှုကို လိုလားလာ၏။ စိတ်ကစားလာ၏။*

ဒေါက်တာ ကင်ဆီ၏ အစီရင်ခံစာအရ မိန်းကလေးများကို ထိန်းသိမ်းသည့်နေရာတွင် ဤအချိန်သည် အရေးကြီးဆုံး အချိန်ဟု ဆိုနိုင်သည်ရှိ၏။

ဤအချိန်တွင် အထိန်းအကွပ် မှားလျှင် စိတ်မချမ်းမြေ့ဖွယ် များစွာနှင့် ကြုံရသည်။ ထို့ကြောင့် အုပ်ထိန်းသူများသည် မြီးကောင် ပေါက်အရွယ် မိန်းကလေးများကို ထိန်းသိမ်းသည့်နေရာတွင် ပရိယာယ် ကြွယ်ဝရန် အထူးလိုအပ်လှသည်။

တစ်ခါက ကျွန်တော့် မိတ်ဆွေတစ်ဦး၏ သမီးလေးသည် အသက်(၁၅)နှစ်နှင့် လင်နောက်လိုက်သွားသည်ကို တွေ့ရဖူး၏။ ဖြစ်နိုင် ချားကြီး ကြားရသဖြင့် ကျွန်တော် အံ့သြရသည်။

'ဘယ်လိုဖြစ်သွားတာလဲ'

ကျွန်တော့်အမေးကို မိတ်ဆွေက မဖြေ။

မိတ်ဆွေ၏ ဇနီးက ...

www.burmeseclassic.com

www.burmeseclassic.com



'ဆရာမြတ်ရယ် မပြောချင်ပါဘူး၊ သမီးကလေး ဒီလိုလုပ်သွားတာ ဆရာ့သူငယ်ချင်း ကြမ်းလိုက်လို့ပေါ့'

ဟု ပြော၏။

'အရေလည်မှ အဖတ်တွေ့'ဆိုသော စကားနှယ် သေသေချာချာ စစ်တမ်းထုတ်လိုက်တော့ မိတ်ဆွေ၏ သမီးကလေးသည် စိတ်ကစားတတ်သည့် အရွယ်ဖြစ်သလို စိတ်ကစားပြီး ချစ်သူရည်းစားထားခဲ့၏။ တစ်နေ့ ထိုအကြောင်းကို ကျွန်တော့်မိတ်ဆွေက သိပြီး သမီးကလေးကို ရိုက်သည်။

ထိုအခါ သမီးကလေးသည် ဖခင်ရိုက်သည်ကို ကြောက်သဖြင့် ချစ်သူနောက် လိုက်ရခြင်းနှင့် အဆုံးသတ်၏။

ယင်းအဖို့ အပျိုရိုင်းလည်းဖြစ်၊ မြီးကောင်ပေါက်လည်း ဖြစ်သည့် မိန်းကလေးများ၏ မိဘ အုပ်ထိန်းသူများသည် ကိုယ်၏ရင်သွေးငယ် အပျိုမလေးများအား တန်ဖိုးမြင့်မားကာ အလှဓါးဝှံကြွားစေရန် အတွက် ...

၁။ မိသားစုကို ချစ်ခင်အောင် သွန်သင်ပါ။

၂။ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းကိုရှောင်ပါ။

၃။ နားလည်အောင် ညွှန်ပြပါ။

၄။ တစ်ခုခုကို စိတ်ပါဝင်စားလာအောင် လမ်းညွှန်ပါ

စသည့် အချက်များကို ညွှန်ပြပေးရန် အထူးလိုအပ်သည်ဟု ပြောချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကွက်လပ်ကလေးများ ဖြည့်ပေးပါ

'စလယ်ဝင်၊ ဖင်မမည်းခင် ကွဲ'ဆိုသော မြန်မာစကားရှိသည်။ အိမ်ထောင်ရေးကို လွယ်လွယ်တွေး၊ လွယ်လွယ် တည်ဆောက်ကာ လွယ်လွယ်ကလေး ကွဲကြခြင်းဖြင့် တစ်ခုလပ်ဘဝသို့ ရောက်သွားကြသည်ကို တွေ့ရသည်။

၁၆နှစ်အရွယ် သစ်သစ်ဆိုသည့် တစ်ခုလပ်မလေးတစ်ဦးကို ကျွန်တော် တွေ့ခဲ့ဖူးသည်။ သစ်သစ်က ကျွန်တော့်မိတ်ဆွေ၏ သမီးဖြစ်သလို ကျွန်တော်နှင့်လည်း ရင်းနှီး၏။

ကျွန်တော်က သူမကို အခုလိုမေးသည်။

'ကဲ သစ်သစ်၊ ညည်းတို့ အိမ်ထောင် ဘယ်လိုကြောင့် ကွဲသလဲဆိုတာ ဦးကိုပြောပြပါလား'

'ဦးက သိချင်လို့လား'

'ဟ သိချင်တာပေါ့၊ ညည်းနဲ့အောင်သူက ချစ်လို့ယူကြတာ မဟုတ်လား၊ အောင်သူက ညည်းကိုသိပ်ချစ်တာလို့ ညည်းကိုယ်တိုင် ပြောခဲ့တာပဲ'

'ဟုတ်ပါတယ်၊ ကိုအောင်သူဟာ သမီးကို အရင်က ချစ်ခဲ့တာ အမှန်ပဲလို့ ပြောရမယ်၊ ကိုအောင်သူကိုယ်တိုင် သမီးကို ချစ်တယ်လို့ ပြောခဲ့တာပဲ၊ တစ်မိုးအောက် တစ်ယောက်တည်းလို့တောင် ပြောခဲ့တာပဲ၊ ဒါကြောင့်လည်း သမီး ကိုအောင်သူကို ယူခဲ့တာပေါ့'

'အေး၊ အဲဒီလို ချစ်လို့ယူခဲ့ကြပြီး ခုကျတော့ ဘာကြောင့် ဒီအိမ်ထောင်ကို ဖြိုခွဲဖြစ်သလဲ၊ ခုဆို ညည်းအပျိုလည်း ပြန်မဖြစ်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ သစ်သစ်က မဲ့ပြုံးပြုံးသည်။

'ဟုတ်တယ်၊ ခုဆို သစ်သစ် တစ်ခုလပ်ဖြစ်နေပြီ၊ အပျိုလည်း ပြန်မဖြစ်တော့ဘူး၊ အဲဒီလိုပဲ သစ်သစ် နောင်တရလို့လဲ မဆုံးဘူး၊ ဦး စဉ်းစားကြည့်လေ၊ ကိုအောင်သူက သစ်သစ်ကို ချစ်လှချည်ရဲ့လို့ ပြော ခဲ့တယ်၊ သစ်သစ်လိုတာ ဘာမဆိုဖြစ်စေရမယ်လို့ ပြောခဲ့တယ်၊ ဒါပေမဲ့ သစ်သစ်ကိုလည်း ရပြီးရော ကိုအောင်သူဟာ အရင်ကလိုမဟုတ်တော့ ဘူး၊ လေသံတွေ ပြောင်းလာတယ်၊ ခက်ထန်ကြမ်းတမ်းလာတယ်၊ ဒါတင်မကဘူး၊ ရိုက်လား နှက်လား လုပ်လာတယ်၊ ဒီတော့ တိုတိုနဲ့ခွဲ တာ ကောင်းတယ်လို့ဆုံးဖြတ်ပြီး သူနဲ့လမ်းခွဲလိုက်တာ'

ဟု ပြောသည်။ မှန်ပေသည်။

စင်စစ်တော့ အသက်၁၄နှစ်၊ ၁၅နှစ်အရွယ် ငယ်ရွယ်သော အိမ်ထောင်ရှင်တိုင်းသည် အိမ်ထောင်ရှင်ဘဝသို့ရောက်ပြီး ထင်သလိုဖြစ်မလာသောအခါ ယောကျ်ားကလေးကလည်း ငါ မိန်းမ ယူမိတာ မှားပြီဟုယူဆပြီး ဇနီးမယားဖြစ်သူကို အပြစ်မြင်လာ တတ် ကြသလို မိန်းကလေးအဖို့လည်း ကိုယ်ချစ်၍ အားကိုး၍ယူလာခဲ့သည့် လင်ယောကျ်ားက ချိုသာစွာ စကားမဆိုဘဲ ကြမ်းတမ်းစွာ စကားဆို လာသောအခါ အသည်းကို လှံဖျားချွန်ချွန်နှင့် ထိုးလိုက်သလို နာကျင်ရ၏။

ထို့အတူ ငါလင်ယူမိတာမှားပြီဟု နောင်တရမိသည်။ အစက သည်းခံခဲ့သော်လည်း တိုက်ပါများ လှုပ် ဆိုသော စကားနှယ် ကြမ်း တမ်းစွာ စကားဆိုလာပါများသောအခါ မခံနိုင်သဖြင့် တုံ့ပြန်လိုက် လျှင် အမှိုက်ကစ ပြဿနာမီးလောင် ဖြစ်တော့သည်။ လင်မယားကွဲ တော့သည်။

ဤသို့ဖြင့် တစ်ခုလပ်ကလေးများ ဖြစ်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းထက်ဆုံးသော စိတ်ဖြေဆေး

ကြွယ်ကြွယ့်အား ကျွန်တော်တို့ရပ်ကွက်သားများက မိန်းခ ပီသသော မိန်းမဟု ခေါ်ဝေါ်သမုတ်ကြသည်။ ကြွယ်ကြွယ်သည် လှ လွန်းသည့် မိန်းကလေးတစ်ဦးမဟုတ်၊ ရွက်ကြမ်းရေကျိုသာ အဆင်း ရှိ၏။

'ကြွယ်ကြွယ်က တကယ့်ကို စံပြုရမယ့် မိန်းကလေးပဲ၊ ဒီလို သမီးကလေး မွေးရတာ မွေးရကျိုးနပ်တယ်'

ဟု လူတိုင်းက ပြောသည်။

ကြွယ်ကြွယ့်ကို ရွယ်တူတန်းတူများကလည်း ခင်မင်လေးစား ကြသည်။ သက်ကြီးရွယ်အိုများကလည်း ချစ်ခင်ကြ၏။ ကြွယ်ကြွယ့် ကို လာရောက်စပ်ကြ၊ ဟာပ်ကြသူများကလည်း များပါ့။ အရာရှိအရာင် တွေလည်း ပါသည်၊ ကုန်သည် ပွဲစားများလည်း ပါသည်။

ကြွယ်ကြွယ်က သွားလေရာ မျက်နှာပွင့်လန်းသူလည်း ဖြစ် ၏။

အဘယ်ကြောင့်နည်း။

စင်စစ်၊ ကြွယ်ကြွယ်သည် နေတတ်ထိုင်တတ်သူ၊ ယဉ်ကျေး သိမ်မွေ့သူဖြစ်၏။ ပြီးတော့ ကြွယ်ကြွယ်သည် ထိန်းထိန်းသိမ်းသိမ်း နေတတ်သူလည်းဖြစ်၏။

ကြွယ်ကြွယ် ယခုကဲ့သို့ ပတ်ဝန်းကျင်အလယ်တွင် မျက်နှာ ပွင့်လန်းရသည်မှာ နေတတ်ထိုင်တတ်သောကြောင့် ဖြစ်၏။ အပျို အရွယ်ကလေးဖြစ်သော်လည်း ပေါ့ပေါ့နေသည် မရှိ။

ကျွန်တော်နှင့် ကြွယ်ကြွယ်ကလေးသည် တစ်ရပ်ကွက်တည်း

www.burmeseclassic.com

www.burmeseclassic.com



အတူနေသူများ ဖြစ်ကြသောကြောင့် ကြွယ်ကြွယ့်နေထိုင်မှု၊ ပြောဆိုမှုကို သိနေ၏။ ကြွယ်ကြွယ်သည် ဟန်ဆောင်သည့် အမူအရာမရှိ၊ ပကတိ ရိုးသား၏။

ကြွယ်ကြွယ်သည် ငယ်စဉ် ကလေးဘဝကတည်းက အေးဆေးစွာနေသည်။ လူတိုင်းနှင့် ရောနှောသည်မဟုတ်၊ ပုံမှန် နေတတ်သည်။ စာကို ကြိုးစားသည်။ စာဖတ်သည့် အလေ့အထရှိသည်။

အပျိုဘော်ဝင်သည့်အရွယ် ရောက်လာတော့လည်း ကြွယ်ကြွယ်သည် စာကိုကြိုးစား၏။ အချိန်နှင့်စား၊ အချိန်နှင့်သွား အလေ့အထရှိသည်။

ကျောင်းက ပြန်ရောက်လျှင် သူငယ်ချင်းများနှင့် ဟိုဟိုသည်သည် သွားသည်မရှိ။ ကျောင်းသွားလျှင်လည်း ကျောင်းချိန်နီးမှ သွား၏။ ကျောင်းမသွားမီ မိဘကိုကူညီသည်။ ကျောင်းက ပြန်လာတော့လည်း ကိုယ်လက်လှုပ်ရှားကစားခြင်း၊ မိဘကို ကူညီခြင်းဖြင့် အချိန်ဖြုန်း၏။

ဆယ်တန်းအောင်သောအခါ မိဘက တက္ကသိုလ်ဆက်ထားနိုင်ခြင်းမရှိသဖြင့် ကျောင်းထွက်လိုက်ရသည်။ ကျောင်းထွက်လိုက်တော့ ကြွယ်ကြွယ် မိခင်နှင့် စက်ဝိုင်းချုပ်သည်။

ကြွယ်ကြွယ်သည် မိန်းမဝတ် အပ်ချုပ်ဆိုင် ဖွင့်ထားပြီး ခေတ်မီပုံဆန်းလေးများကို ရှာဖွေပြီးချုပ်သည်။ သူ ကိုယ်တိုင်လည်း ဝတ်သည်။

သို့သော် မည်သူကမှ မဝေဖန်ရဲ၊ မထိခိုက်ရဲကြပေ။

တစ်နေ့ ကျွန်တော် ကြွယ်ကြွယ်နှင့် တွေ့တော့မေးခဲ့သည်။

'အခုဆိုရင် ရပ်ကွက်ထဲက လူတွေက ကြွယ်ကြွယ့်ကို စံပြုရ

www.burmeseclassic.com

www.burmeseclassic.com



မယ့် မိန်းကလေးလို့ ပြောနေကြပြီ၊ ဒီဘဝကို ရယူနိုင်အောင် ကြွယ်ကြွယ် ဘယ်လိုဖန်တီးခဲ့တယ်ဆိုတာကို ပြောပြပါ့လား'

ကြွယ်ကြွယ်က ပြုံးပြီး

'သမီးတော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။သမီးကို ဒီလို လူတွေအထင်ကြီးလာအောင် စံပြသူ မိန်းကလေးဖြစ်လာအောင် ကြွယ်ကြွယ် ဘယ်လိုမှ ဖန်တီးမနေခဲ့တာ အမှန်ပဲ'

'ဒါပေမယ့် ကြွယ်ကြွယ်ရဲ့ အနေအထိုင်တွေဟာ တခြားမိန်းကလေးတွေနဲ့ မတူတာ အမှန်ပဲကွယ့်၊ ဒါတော့ ဦးပြောရဲတယ်'

'ဒါဆိုရင်တော့ ဦးကို တစ်ခုတော့ သမီးပြောနိုင်တယ်၊ ဘာလဲဆိုတော့ သမီးဟာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနေခဲ့တာတော့ အမှန်ပဲ ခုချိန်အထိ သမီးဘဝမှာ စိတ်အလိုလိုက်တယ်ဆိုတာ မရှိခဲ့ဘူး။ သမီးရဲ့ ဘဝအခြေအနေမှာလဲ စိတ်စေစားရာ ပါမယ့်အခြေအနေ မရှိပါဘူး'

'အဲ ဦးသိချင်တာက ဒါပဲ၊ မိန်းကလေးတွေဟာ အပျိုဘော်ဝင်စအချိန်မှာ စိတ်လှုပ်ရှားတတ်တယ်၊ စိတ်သွားရာ ကိုယ်ပါတတ်တယ်၊ ဒါကို သမီးဘယ်လိုထိန်းသိမ်းခဲ့တယ် ဆိုတာကို ဦးသိချင်တယ်'

ကြွယ်ကြွယ် နည်းနည်းကလေးတွေဝေသွားလေသည်။တဲ့ခဲ့သော အကြောင်းအား ပြန်လည်စဉ်းစားနေသည်။ ဘာဖြစ်မည်ဟု နားလည်လိုက်မိပါသည်။ နောက်မှ သူမက ပြောသည်။

'အဲဒါကိုတော့ သမီးဘယ်လိုပြောရမယ် မသိဘူး။ သမီးသိုယ် သမီး အပျိုဘော်ဝင်လာပြီဆိုတာကို သိတယ်၊ ဒါပေမယ့် အပျိုစိတ်ဖြန့် ကြက်ဖို့ အချိန်မရတာတော့ အမှန်ပဲ'

"... ပြောရရင် သမီးဘဝမှာ အားလပ်ချိန်ဆိုတာ မရှိခဲ့ဘူး လေ၊ ကျောင်းနေတုန်းကလည်း ကျောင်းကိစ္စ အိမ်မှုကိစ္စတွေနဲ့ နပမ်း

www.burmeseclassic.com

www.burmeseclassic.com



လုံးနေရတယ်၊ အခု ကိုယ်တိုင်အပ်ချုပ်ဆိုင်ထောင်တော့လည်း ဆိုင်တိုးတက်ရေးအတွက်ကို စဉ်းစားနေရတယ်၊ ဒါကြောင့် သမီးရဲ့ ဂုဏ်၊ တန်ဖိုးမြင့်မားလာတယ်ဆိုရင်လည်း သမီးကို ထိန်းသိမ်းထားတာ အလုပ်လို့ ပြောရမှာပဲ'

ကြွယ်ကြွယ့်စကားကို နားထောင်ရင်း ကျွန်တော်ဓမ္မတာသဘောတစ်ခုကို ဆင်ခြင်မိသည်။

လူဆိုသည်မှာ နှစ်ခုနှစ်မျိုးလုပ်နိုင်သော အမျိုးအစားမဟုတ်ပေ။ တစ်ခုကို စိတ်ဝင်စားလျှင် တစ်ခုယုတ်လျော့တတ်သည်မှာ ဓမ္မတာသာဖြစ်သည်။

ကြွယ်ကြွယ် ယခုကဲ့သို့ ဗိုင်းကောင်းကျောက်ဖိမိန်းမကောင်းမိန်းမမြတ်တစ်ယောက်အဖြစ် ပတ်ဝန်းကျင်မှ သတ်မှတ်ခဲ့သည်မှာ ကြွယ်ကြွယ် စိတ်ကိုနိုင်နင်းအောင် ထိန်းသိမ်းနိုင်ခြင်းအတွက်ဖြစ်၏။

ကြွယ်ကြွယ်သည် ၁၃နှစ်၊ ၁၄နှစ် အပျိုဘော်ဝင်သည့်အရွယ်မှစ၍ ယခုလို အစွမ်းကုန်အလုပနိုးပွင့်သည့် ၁၈နှစ်၊ ၁၉နှစ်အရွယ်အထိ အပျိုစိတ်၏ လှုံ့ဆော်မှုကို ထိန်းသိမ်းနိုင်ခဲ့ခြင်းသည် အလုပ်ကို စိတ်ဝင်စားမှုရှိသောကြောင့် ဖြစ်သည်ကို လေ့လာ သိရှိရပါသည်။ ကောက်ချက်ချမိပါသည်။

မှန်ပေသည်။ အပျိုစိတ်၏ နှိပ်စက်ကလူပြုခြင်း၊ သွေးသားလှုံ့ဆော်မှု၏ စိုးမိုးခြင်းကို မခံစားရသော မိန်းကလေးများကို လေ့လာကြည့်လျှင် တောနေလူတန်းစား မိန်းကလေးများ ဖြစ်သည်ကိုတွေ့ရ၏။

တောနေ မိန်းကလေးများသည် နိစ္စဓူဝ အလုပ်နှင့် လက်ပြတ်သည်မရှိ။ ကောက်စိုက်၊ ပျိုးနုတ် အလုပ်များအပြင် ဆန်ဖွပ်၊

www.burmeseclassic.com



ကောင်းထောင်းအလုပ်များကို လုပ်ကိုင်နေရသည်မို့ စိတ်၏လွှဲ့ ဖောက်ခြင်းကို မခံစားရပေ။ စိတ်၏ အားလပ်ချိန်နည်းပါးသဖြင့် စိတ်ကလေး ချိန်လည်း မရှိချေ။

ထို့ကြောင့် အပျိုဘော်ဝင်စ မိန်းကလေးများ အပျိုစိတ် ၏ နှိပ်စက် ကလူပြုခြင်း၊ သွေးသားလှုံ့ဆော်မှု စိုးမိုးခြင်းကို မခံစားကြစေ ရန်အတွက် အပျိုဘော်ဝင်စ မိန်းကလေးများအား–

၁။ စိတ်တည်ငြိမ်အောင် စည်းရုံးပါ။

၂။ အပျိုမလေးများ မည်သည့်အလုပ်ကို ဝါသနာပါသည် ကို စူးစမ်းပါ။ ဝါသနာပါသည့်အလုပ်ကို လုပ်ခွင့်ပြုပါဟု တင်ကြိုအကြံ ပြု လိုက်ရပါသည်။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄ ]

## အပျိုတန်ဖိုး၏ သော့ချက်

အပျိုတန်ဖိုးသည် တစ်ရိပ်ရိပ် မြင့်တက်နေသည့် သဘောရှိသည်။ အသက်၁၃နှစ်၊ ၁၄နှစ်၊ အပျိုဘော်ဝင်စ အချိန်မှ အသက်၁၉နှစ် အပျိုပန်း အစွမ်းကုန်ပွင့်သည့် အချိန်အထိ တစ်ရိပ်ရိပ်မြင့်တက်လာသည်မှာ အပျိုတန်ဖိုးပင်ဖြစ်ပေမည်။

မိန်းမတစ်ယောက်အတွက် တန်ဖိုး အကောင်းဆုံး၊ ဂုဏ်အတက်ဆုံးအချိန်သည် အပျိုဘဝ ရှိသည့်အချိန်ဖြစ်ပေသည်။

ထို့ကြောင့် အပျိုဘဝကို ရှိသော မိန်းကလေးများသည် မိမိ ရှိနေသော အပျိုဘဝကို ထိန်းသိမ်းသင့်သည်။ တန်ဖိုး မြင့်သထက် မြင့်အောင် ဂုဏ်တက်သထက်တက်အောင် စွမ်းဆောင် ကြိုးစားသင့်ပေသည်။

တစ်ခါက အပျိုတန်ဖိုးမြင့်မားစေရန်၊ အပျိုဂုဏ် ဝင့်ထည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ရန် မည်သို့လုပ်ရမည်နည်း။ မည်သို့ စွမ်းဆောင်ရမည်နည်းဟု မေးခွန်း ထုတ်ဖူးသည်။

အပျိုတန်ဖိုး မြင့်မားရေးအတွက် သော့ချက်များကို ရှာလျှင် အောက်ပါအတိုင်း တွေ့ရ၏။

၁။ အပျိုတန်ဖိုး မြင့်မားရေးအတွက် အနေအထိုင် အပြော အဆို ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းပါ။

၂။ ရှေ့ငွေ အဝတ်အစားဆင်ယင်မှုနှင့် ကိုယ်ကျင့်သိက္ခာ ဆင်ယင်မှု နှိုင်းယှဉ်ပါ။

၃။ တပ်မက်မှုကို ထိန်းသိမ်းပါ။

## ရှေးရှေးက မိန်းမထိန်းသိမ်းနည်း

ရှေးရှေးကဆိုလျှင် ယောကျ်ားကလေးမှ မြတ်သည်ဟု ပြော ကြ၏။ မိန်းမကို အယုတ်မျိုးဟု သတ်မှတ်ကြ၏။ ယောကျ်ားကလေး ဘယ်လောက်ဆိုးဆိုး ထောင်အပြင် တန်းမရှိဘူး၊ သမီးမိန်းကလေးရှင် ဖြစ်ရတာက တစ်ပန်းရှုံးသည်ဟု ပြောကြသည်။ မိန်းကလေးဆို ထိန်း နိုင်မှပဲဟု ပြောကြ၏။

သမီးမိန်းကလေးမှာ သမင်နှင့်တူသည်။ အန္တရာယ်များသည်။ ထို့ကြောင့် သမီးမိန်းကလေးဆိုလျှင် သမီးတစ်ကောင်၊ နွားတစ်ထောင် ဟူသော စကားနှင့် နှိုင်းကာ သမီးတစ်ကောင်(တစ်ယောက်) ထိန်း သိမ်းရတာ၊ နွားတစ်ကောင် ထိန်းသိမ်းရတာလောက် ပင်ပန်းသည်ဟု ပြော၏။

ထို့ကြောင့် ရှေးရှေးက မိဘများသည် သမီးသည်လေးများကို

www.burmeseclassic.com

www.burmeseclassic.com



ဗိုင်းကောင်းကျောက်ဖိဖြစ်အောင် သွန်သင်ကြသည်။ စည်းကမ်းတွေ ထားသည်။ အပျို့စိတ်ကလေး ဝင်ပြီး နွေလေရူးနှယ် လှုပ်ရှားမည်ကို စိုးသည်။

ထို့ကြောင့် ဝါယက်၊ ဗိုင်းငင်အလုပ်မှစ၍ ဆန်ဖွပ်၊ မောင်း ထောင်း အလုပ်ပါမကျန် လက်မလည်အောင် ခိုင်းထားသည်။ ထို့အတူ စိတ်ကို ဘာသာရေးအသိက ထိန်းသိမ်းနိုင်သဖြင့် ဘာသာရေး သာသ နာရေး အလုပ်များကို စိတ်ဝင်စားလာအောင် စွမ်းဆောင်ကြသည်။

ယင်းသို့ ရှေးအခါက မိန်းကလေးများသည် လျှပ်ပေါ်လော် လည်ခြင်း ကင်းသည်။

အေးချမ်းစွာ နေတတ်သည်။

## ရှေးထုံးကို ပယ်ခြင်းကား မဟုတ်ပါ

မြန်မာစကားတစ်ခုရှိ၏။ 'ရှေးထုံးလည်း မပယ်နှင့်၊ ဈေးသုံး လည်း မလွယ်နှင့်'ဟု ဖြစ်သည်။ ထို့အတူ 'ရှေးထုံးပယ်က လွဲတတ် သည်၊ ဈေးသုံးလွယ်က မွဲတတ်သည်'ဟု အနက်ဖွင့်သည်လည်း ရှိ၏။

သို့သော် ယခုအခါသည် ခေတ်ကာလများစွာ ပြောင်းလဲ လာခဲ့သလို အခြေအနေများ ဖြစ်စဉ်များလည်း ပြောင်းလဲလာပြီဖြစ် သည်ကို နားလည်ထားရပေမည်။ ထို့ကြောင့် အရာရာအား တရားသေ စွဲမှတ်ထားလျှင်ကား မှားတတ်၏။ အဘယ့်ကြောင့်ဆိုသော် ရေမြေ သဘာဝ ပြောင်းလဲမှုနှင့်အတူ အခြေအနေ အပြောင်းအလဲများသည် ရှိနေသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ရှေးသူဟောင်းများက မိန်းမကောင်း မိန်းမမြတ်တစ်ဦး ဖြစ်စေရန်အတွက် ဟိရီ၊ ဩတ္တပ္ပတရားရှိရန် လိုအပ်သည်ဟု ပြောခဲ့ကြ၏။

ဟိရီနှင့် ဩတ္တပ္ပကို အနက်ဖွင့်လျှင်

ဟိရီ = အရှက်၊

ဩတ္တပ္ပ = အကြောက်ဟု တွေ့ရ၏။

ဟိရီ၊ ဩတ္တပ္ပ အရှက်အကြောက်မရှိသော မိန်းကလေးတစ်ဦးသည် မိန်းမကောင်း မိန်းမမြတ် မဖြစ်ဟု ပြောသည်။ အပျိုတန်ဖိုး၊ အပျိုဂုဏ်မရှိဟု ဆိုသည်။

ဟိရီ၊ ဩတ္တပ္ပ အရှက်အကြောက်သည် အပျိုတန်ဖိုးကို မြင့်မားရေး၊ အပျိုဂုဏ်ကိုတည်ဆောက်ရေးအတွက် ဟိရီဆိုသည့် အရှက်သည် အမှန်ပင်လိုအပ်သော်လည်း ယနေ့ ခေတ်ကာလအခြေအနေအရ ဩတ္တပ္ပ အကြောက်သည် မလိုအပ်ဟု ဆိုချင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် အပျိုမလေးတစ်ဦးသည် မိမိ၏အပျိုတန်ဖိုးမြင့်မားစေရေး၊ အပျိုဂုဏ်ကို ဆယ်စေရေးအတွက် ပေါ့သွမ်းသော စကားဆိုရမှာ၊ လျှပ်ပေါ်လော်လည်သော အဝတ်အစား ဝတ်ရမှာ ရှက်သဖြင့် အပျိုတန်ဖိုးမြင့်မားစေသည်။ အပျိုဂုဏ်ကို တည်စေသည်။

သို့သော် ယနေ့လို ယောကျ်ားနှင့် မိန်းမ ဒွန်တွဲ ရင်ပေါင်တန်းနေရသောအချိန်တွင် အကြောက်တရားရှိနေပါက ဘယ်သို့လျှင် အောင်မြင်မှုကို ရနိုင်မည်နည်း။

မြန်မာစကားတွင် ကြောက်တတ်လျှင် ဝန်ကင်းဟုဆိုသော်လည်း ဒီကနေ့အခါတွင် ကြောက်တတ်သူတိုင်း ဝန်ပိကြသည်မှာ မျက်မြင် ကိုယ်တွေ့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ပင် ဒီကနေ့ခေတ် ယောကျ်ားကလေးများသည်နိုင်ရမည်ထင်သူများကို ဖိခြောက်တတ်သည့် အစဉ်အလာရှိ၏။ မိန်းကလေးတစ်ယောက်က ကြောက်သလို ရှုံ့သလိုဟန်ရှိနေလျှင် နောက်ချင်ပြောင်ချင်ကြ၏။ နှောင့်ယှက်ချင် ကြ၏။

ထို့ကြောင့် မိန်းကလေးများသည် မကြောက်တရားကို စွဲကိုင်ထားရန် လိုသည်ဟု ပြောကြသည်။

'ဘာမှ ကြောက်စရာမလိုဘူး'ဟု နားလည်ထားသင့်၏။ တစ်ခါက ယောကျ်ားကလေးများ မနောက်ရဲမပြောင်ရဲသည့် မိန်းကလေးတစ်ဦးကို စပ်စုဖူး၏။ သူမက ပြောသည်မှာ ရိုးရိုးလေး။

'ဆရာ၊ ကျွန်မ ဟန်ပန်တွေကို တွေ့မှာပေါ့၊ ကျွန်မကတော့ ခပ်တည်တည်ပဲ၊ ဘာမှဂရုမစိုက်ဘူး၊ လူကို နောက်တာ ပြောင်တာလာလုပ်ရင် ပြန်တုံ့ပြန်လိုက်တာပဲ၊ ဒီတော့ ကျွန်မကို ဘယ်သူမှ မနှောင့်ယှက်ရဲဘူးလေ'

အမှန်တော့လည်း သူပြောသည်မှာ မှန်ကန်သည်။ မိန်းကလေးတစ်ဦးသည် (ဓားဆောင်ထားသလို)လာနောက်မယ်၊ ရိုမယ်ဆိုရင် အရှုပ်ပွင့်သွားအောင် ထိုးလိုက်မယ်ဟူသော ဟန်ပန်မျိုးဖြင့် နေလျှင် ဘယ်သူမှ မကပ်ရဲ၊ မနှောင့်ယှက်ရဲကြပေ။

ထို့ကြောင့် အပျိုကလေးများသည် ကြောက်စိတ်ကို ဖယ်ထားရန် လိုသည်၊ ရင်ဆိုင်စရာရှိသည်ကို ရဲရဲရင်ဆိုင်ရန် လိုသည်ဟုသာ ဆိုရချေမည်။

www.burmeseclassic.com

www.burmeseclassic.com



## အနေအထိုင်၊ အပြောအဆိုနှင့် ဝတ်စားဆင်ယင်မှု

အပျိုဘော်ဝင်လာပြီဆိုသည်နှင့် ကလေးမဟုတ်တော့သလို ကလေးလိုနေလို့ မရတော့ချေ။ အပျိုကလေး ဖြစ်လာသည်နှင့်အမျှ တင်သား ရင်သားကလေးများ ပြည့်ဖြိုးလာပြီဖြစ်သဖြင့် အရင်က နေသလို (ကလေးဘဝလို)နေလို့မရတော့၊ ဝတ်လို့မရတော့။

အဝတ်အစားဆိုသည်မှာ အပူ၊ အအေးခံနိုင်ရုံ၊ အရှက် လုံခြုံရုံ အတွက်သာ ဖြစ်ပေသည်။ အဝတ်အစား လော်လည်လျှင်ကား သူတစ်ပါး နှာခေါင်းရှုံ့ခံရမည်မှာ သေချာသည်။

ဒီကနေ့ အပျိုကလေးတော်တော်များများသည် ရုပ်ရှင်များ၊ ဗွီဒီယိုများကိုကြည့်ကာ မင်းသမီးများ ဝတ်စားသည်ကို အားကျကြသည်။ အတုခိုးကြသည်။ သူတို့ဝတ်သလို ဝတ်ကြသည်။ မဝတ်နိုင်သူက ဝတ်နိုင်ရန် ကြိုးစားကြသည်။ ထို့ကြောင့် အပျိုကလေးများ အပျိုတန်ဖိုးမဲ့ကာ အပျိုရည်ပျက်ခဲ့ရသူ များစွာရှိသည်။

ထို့ကြောင့် အပျိုမလေးများသည် ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ဆင်ခြင်ရန် လိုအပ်၏။

အပျိုကလေးများ အဝတ်အစားဆင်ယင်မှုကို ဆင်ခြင်သင့်သလို အနေအထိုင်လည်း ဆင်ခြင်တတ်ရန် အထူးလိုအပ်သည်။

အပျိုမလေးများသည် အပျိုဘော်ဝင်၍ အပျိုစိတ်ကလေး ပေါ်လာသည့်အတွက် သွေးသားလှုံ့ဆော်မှုနှင့်အတူ စိတ်လှုပ်ရှားလာတတ်သည်။ ဆန့်ကျင်ဘက်လိင်ဖြစ်သည့် ယောကျ်ားကလေးများ မိမိ

www.burmeseclassic.com

www.burmeseclassic.com



ကို လိုလားလာရန် ပွဲလွှားမလေးလို နေတတ်သည်။ ဟိုစပ်စပ်၊ သည်စပ်စပ်၊ ဟိုကူး သည်ကူးနှင့် ဟန်ရေးပြတတ်သည်။

ဤအပြုအမူများသည် မကောင်းဟုမဆိုနိုင်ပါ။ မြန်မာစကားတွင် 'အနေမတတ်တော့ ဖြုံသလို'ဟု ရှိသည်။ အနေမတတ်သဖြင့် မိမိကို အထင်မကြီးဘဲ အထင်သေးတတ်သည်ကို အထူးသတိချပ်သင့်သည်။

ထို့အတူ 'အပြောမတတ်တော့ ဆဲသလို'ဆိုသည့်စကားလည်း ရှိသည်။ ထိုစကားနှင့်အတူ အပျိုမလေးများအဖို့ စကားအရာ လိမ္မာရန် လိုအပ်သည်ဟု ဆိုချင်၏။

အပျိုမလေးများက စကားချိုကြသော်လည်း အချို့ အပျိုမလေးများက စကားမဆိုတတ်၊ ရန့်ရင်းကြမ်းတမ်းစွာ ပြောတတ်ကြသည်။

ယင်းသို့ ချိုသာစွာ ပြောရမည့်အစား ရန့်ရင်းကြမ်းတမ်းစွာ ပြောသဖြင့် ဆန့်ကျင်ဘက်လိင်ဖြစ်သည့် ယောကျ်ားများ၏ အငြိုးအတေးကို ခံစားရသည်။

တစ်ခါက တစ်ခုလပ်မလေးတစ်ဦးက ပြောဖူး၏။

'ကျွန်မ အခုလိုဘဝရောက်ရတာ ကျွန်မ အပြောမတတ်လို့ဘဲဆရာ၊ ချစ်ရေးဆိုလာသူကို ကျွန်မ ကြမ်းတမ်းရိုင်းစိုင်းစွာ တုံ့ပြန်ခဲ့တယ်၊ ဒါကြောင့် ကျွန်မ အငြိုးခံရသလို အချိုးခံလိုက်ရတာပေါ့လေ၊ ကျွန်မရဲ့ ကြမ်းတမ်းရိုင်းပျမှု ရလဒ်ဟာ လင်ပစ်မ တစ်ခုလပ်ဘဝပဲလေ ...'

www.burmeseclassic.com

www.burmeseclassic.com



## ရွှေငွေအဝတ်အစားဆင်ယင်ခြင်းနှင့် ကိုယ်ကျင့်သိက္ခာဆင်ယင်ခြင်း၏ နှိုင်းယှဉ်ချက်

ဒီကနေ့ မျက်မှောက်လောကတွင် ရှိနေကြသော အပျိုမလေးများကို လေ့လာလျှင် ရွှေငွေအဝတ်အစား ဆင်ယင်ခြင်းတန်ဖိုးနှင့် ကိုယ်ကျင့်တရား သိက္ခာ ဆင်ယင်ခြင်းတန်ဖိုးကို ခွဲခြားမသိကြသေးသည်ကို တွေ့ရ၏။

'ကောင်းမှအကွပ်၊ လှမှာအဝတ်တဲ့၊ ကျွန်မတို့ အပျိုအရွယ်မိန်းကလေးတွေဟာ အဝတ်အစားကောင်းကောင်းဝတ်နိုင်မှ ရွှေကလေး ဆင်ယင်နိုင်မှ လှရာဝင်တာဆရာရဲ့'

အပျိုမလေးတစ်ဦးက ကျွန်တော့်ကိုပြောဖူးသည်။ သည်စကားကို ကြားရတော့ ကျွန်တော့်ရင်ထဲ အတော်ကလေး မကောင်းဖြစ်သွားရသည်။ အပျိုမလေး အတွေးမှားနေပြီဟုလည်း နားလည်လိုက်သည်။

စင်စစ် အဝတ်အစားနှင့် လက်ဝတ်ရတနာဆိုသည်မှာ ခန္ဓာကိုယ်ပေါ်မှာသာ ရှိသည်။ အရေပြားတစ်ထောက်ကို အလှဆင်ခြင်းသာဖြစ်၏။

သာမန်အမြင်နှင့်ကြည့်လျှင် အဝတ်အစားနှင့် လက်ဝတ်ရတနာပစ္စည်းသည် လှရာဝင်သည့်အရာဟု ထင်ရသော်လည်း စင်စစ်အားမဟုတ်ပါချေ။ ဘဝ၏ ထာဝရတန်ဖိုးနှင့် အပျိုဂုဏ် အပျိုအဆင့်ဖိုးမြင့်မားစေရေးအတွက် ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ရေးသည်သာ အလိုအပ်ဆုံးလည်းဖြစ်၊ တန်ဖိုးအကြီးဆုံးလည်း ဖြစ်သည်ကို သိရှိသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်တစ်ခုလုံး ရွှေအတိ ဖုံးအုပ်ထားသော်လည်း ကိုယ်ကျင့်သိက္ခာမရှိလျှင် မည်သူက တန်ဖိုးထားမည်နည်း။

ခန္ဓာကိုယ်နှင့် အရှေ့ပြားပေါ် အလှဆင်နိုင်သော အဝတ်အစား ရွှေငွေပစ္စည်းထက် ကိုယ်ကျင့်သိက္ခာ ဖြူစင်သန့်ရှင်းခြင်းသည် ထာဝရဖြစ်ပြီး အပျိုကလေးဖြစ်ပါက အပျိုဂုဏ်ဝံ့ထည်ကာ တန်ဖိုးကြီးမားသည်ကို သတိချပ်ရမည်ဖြစ်သတည်း။

## တပ်မက်မှုကို ထိန်းသိမ်းပါ

ဗုဒ္ဓဟောကြားသော တရားဒေသနာတော်မြတ်များကို လေ့လာလျှင် 'တဏှာ'တည်းဟူသော 'တပ်မက်မှု'သည် လွန်စွာကြောက်စရာကောင်းကြောင်း တွေ့ရသည်။

ထို့အတူ ယနေ့ အမျိုးဂုဏ်ကို ထိန်းသိမ်းရမည့် အပျိုကလေးများ အပျိုဂုဏ်ပျက်ခြင်း၊ အပျိုတန်ဖိုးကျဆင်းခြင်း အကြောင်းများကို လေ့လာလျှင် တပ်မက်မှုကြောင့်ဖြစ်သည်ကို တွေ့ရလေသည်။

တပ်မက်မှုဟူသည် အဘယ်နည်း။

ဘာတွေကို အများဆုံး တပ်မက်ကြသနည်း။

ဒါကို စူးစမ်းရမည် ဖြစ်သည်။

ယနေ့ အပျိုကလေးများ အပျိုဂုဏ်ပျက်ပြယ်ခြင်း၊ အပျိုတန်ဖိုးကျဆင်းခြင်းအကြောင်းကို လေ့လာလျှင် အဝတ်အစားကို မက်မောခြင်း၊ ရွှေငွေရတနာပစ္စည်း မက်မောခြင်းကြောင့် ဖြစ်သည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော တစ်နှစ်ခန့်က မိတ်ဆွေစခန်းမှူး၏ အကူအညီကြောင့် သဇ္ဇာနွယ်ဆိုသော မိန်းကလေးတစ်ဦးနှင့် ဆုံတွေ့ရသည် သဇ္ဇာနွယ်သည် အသက်၁၇နှစ်ခန့်သာ ရှိသေးသည်။ သဇ္ဇာနွယ်က ခန္ဓာကိုယ်ကို ရောင်းစားသည့် အပျက်မလေးဖြစ်သည်။

သဇ္ဇာနွယ်က ကျွန်တော့်ကိုတွေ့တော့

'ဆရာက စာရေးဆရာဆိုတော့ ကျွန်မအကြောင်းကိုသေသေချာချာ ပြောပြချင်တယ်၊ ဆရာ ဝတ္ထုရေးဖြစ်ရင် ပညာပေးဝတ္ထုတစ်ပုဒ်ဖြစ်မှာ ဆရာ'

ဟု ပြောသည်။ ထို့နောက် သဇ္ဇာနွယ်က သူမ၏အကြောင်းကို ပြောပြလေသည်။

သဇ္ဇာနွယ်ဟူသော အမည်သည် အမည်ရင်းမဟုတ်ပါ။ သူမ၏အမည်ရင်းသည် မထွေးနွယ်သာ ဖြစ်လေသည်။ မထွေးနွယ်၏ မိဘများသည် သာမန်လက်လုပ်လက်စားများသာ ဖြစ်လေသည်။ မိဘများသည် မချမ်းသာကြသော်လည်း တစ်ဦးတည်းသော သမီးဖြစ်သဖြင့် အလိုလိုက်သည်။ ကိုယ်တိုင် အစုတ်နှင့်နေပြီး မထွေးနွယ်ကို ကောင်းကောင်းဝတ် ကောင်းကောင်းနေစေသည်။

အစက မထွေးနွယ်သည် အလှအပကို ဒီလောက်မမက်မော။ သို့သော် မှုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ ဆိုသလို ကောင်းကောင်းဝတ်နိုင်စားနိုင်သည့် သူငယ်ချင်းများနှင့် အတွဲများလာသောအခါ အဝတ်အစား အလှအပကို ခုံမင်လာသည်။

ယနေ့ခေတ်အခါက အဝတ်အစားဆိုသည် အသစ်အဆန်းပေါ်မဆုံးသော ကာလဖြစ်သည်။ သို့ကြောင့် မထွေးနွယ်သည် ကောင်းကောင်းဝတ်နိုင်စားနိုင်ရေးအတွက် အလုပ်ဝင်လုပ်သည်။ ခက်သည် က

www.burmeseclassic.com



တစ်လ တစ်လ ရသည့်လုပ်ခသည် အဝတ်အစားဖိုးကို နိုင်အောင် မစွမ်းဆောင်နိုင်။

သို့နှင့်...

မထွေးနွယ်ဆိုသည့် သဥ္ဇာနွယ်သည်.... ။

ကျွန်တော်က...

'သဥ္ဇာ အဝတ်အစား လက်ဝတ်ရတနာ တပ်မက်မှုကြောင့် ဒီဘဝရောက်ရတာ ဟုတ်ပါပြီ။ ဒီဘဝရောက်ဖို့ အကြောင်း ဘယ်လို ဖန်လာတယ်ဆိုတာ ပြောမပြနိုင်ဘူးလား၊ ပြီးတော့ ဒီလိုစဖြစ်တာ ဘယ်နှစ်နှစ်ရှိပြီလဲ'

သဥ္ဇာနွယ်က

'ပြောပြနိုင်ပါတယ် ဆရာ၊ သဥ္ဇာ ဒီဘဝကို စရောက်တာက ၁၆ နှစ်လေ၊ သဥ္ဇာအလုပ်လုပ်ပေးမယ့် ရတဲ့လခက တစ်လ တစ်လ စားစရိတ် လမ်းစရိတ်နဲ့ အဝတ်အစားကောင်းကောင်း မဝတ်နိုင်ဘူး၊ ဒီအချိန်မှာ နာမည်တော့ မပြောချင်တော့ပါဘူး၊ အဒေါ်ကြီး တစ်ယောက်က သဥ္ဇာကို လူတစ်ယောက်နဲ့ တစ်ပတ်တစ်ရက်၊ တစ်လ လေးရက် နေနိုင်မလား၊ တစ်လ နှစ်ထောင်ရမယ်လို့ပြောတယ်၊ ဘယ်သူမှလည်း မသိနိုင်ပါဘူးတဲ့'

သူမ စကားဖြတ်သည်။ ခပ်သဲ့သဲ့ရယ်သည်။

'သဥ္ဇာကလည်း လှချင်ပချင်၊ ဝတ်ချင်စားချင်နေတော့ ခေါင်း ညိတ်လိုက်တယ်၊ ဟုတ်တော့ဟုတ်တယ်၊ ဘယ်သူမှ မသိပါဘူး၊ တစ် ပတ်မှာ စနေတစ်ညပဲ တွေ့ရတာ၊ တနင်္ဂနွေ မနက်ဆိုပြန်တာ၊ ခက် တာက သဥ္ဇာက ပိုဝတ်ချင်တယ်လေ၊ ပြောရရင် ရွှေလည်း ဝတ်ချင် တယ်လေ၊ ပြီးတော့ ဒီကိစ္စက ဖြစ်ပြီးမှတော့ မရှူးဘူးမှတ်တယ်

www.burmeseclassic.com



ဒါကြောင့် ငွေများများရအောင် အဆက်အသွယ်ရှာပြီး အော်ဒါလိုက်တယ်၊ ဒီလိုနဲ့နေလာခဲ့တာ ဆရာနဲ့ဆုံရတဲ့ အခြေအနေအထိ ဆိုပါတော့'

ကျွန်တော် သဘ္ဘာနွယ်၏အကြောင်းကို နားထောင်ရင်း လောကတွင် အဝတ်အစားလက်ဝတ်ရတနာ မက်မောမှုကြောင့် မိန်းမပျိုလေးပေါင်း ဘယ်လောက်များများ ပျက်စီးခြင်းနှင့် ဆုံးခန်းတိုင်ပြီလဲဟု စဉ်းစားမိပြီး သောက ပင့်သက်ဖြာမိပါတော့သည်။

ဒီလို တပ်မက်ရင် ဒီလိုဖြစ်တတ်သည်ဆိုသည်ကို အပျိုမလေးများ သိထားသင့်သည်။

ဒီလို အဝတ်အစား လက်ဝတ်ရတနာ မက်မောမှုကြောင့်မိန်းကလေးများ အပျိုဘဝ ဆုံးရှုံးရသည်။ ဘဝပျက်ရသည်။ အချို့ဆိုလျှင် အမျိုးဖျက် မိန်းကလေးဘဝသို့ ရောက်ရသည်မှာလည်း အများကြီးပင်။

ထို့ကြောင့် မိန်းမပျိုကလေးများ ကိုယ့်အိုးနှင့်ကိုယ့်ဆန် တန်ရုံသာ စဉ်းစားပါ၊ အဝတ်အစား လက်ဝတ်ရတနာ တပ်မက်မှုများပြားလာလျှင် ဘဝပျက်၊ အလှပျက်တတ်သည်ကို အစဉ်အမြဲ သတိထားသိထားကြရန် လိုအပ်လှပေသတည်း။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၅ ]

## တန်ဆေး လွန်ဘေး၊ အပျိုကလေးတွေ သတိထား

ဒီကနေ့ခေတ်က ယခင်ကလို ဇာတ်ပွဲအငြိမ့်ပွဲတွေ လှိုင်လှိုင် မရှိသော်လည်း စတိတ်ရှိုးများ၊ ဗွီဒီယိုများကတော့ များပြားလှသည်။

တချို့မိဘများက

'ကျုပ်သမီးက စတိတ်ရှိုးသိပ်ကြိုက်တာ၊ စတိတ်ရှိုးဆို သွားတာပဲ၊ ဝါသနာမို့ မတားပါဘူး'

ဟု ဂုဏ်ယူပြောကြသည်။

တချို့မိဘက

'သမီးက ဗွီဒီယို သိပ်ကြိုက်တာ၊ ဗွီဒီယိုမကြည့်ရရင် မနေနိုင်ဘူး၊ သူတို့လည်း ဒါပဲပြောစရာရှိတာ၊ ကြည့်ခွင့်ပြုထားတယ်'

ဟု ပြောသည်။

ဒါ မှန်ကန်ပါသလား... ။

www.burmeseclassic.com

www.burmeseclassic.com



## အပျော်ဆိုတာ

အသေအချာတွေးကြည့်လျှင် အပျော်အပါးဆိုတာ များပြားလှသည်။ အပျော်အပါးဆိုသည်ကို သရုပ်ခွဲကြည့်လျှင်မူ ပေါ့ပါးလွတ်လပ်မှုဟု နားလည်ရသည်။

အပျော်အပါး ဆိုသည့်စကားကို သုံးသပ်ကြည့်လျှင် အပျော်ဆိုသည်မှာ အလေးမထားခြင်း၊ ပေါ့ပေါ့ပြုလုပ်ခြင်းဟု နားလည်ရသည် 'အပါး'ဆိုသည့် စကားကမူ နောက်မီဆွဲစကား ဖြစ်တန်ရာ၏။

အပျော်ပြုလုပ်ခြင်းသည် အကောင်းတော့မဖြစ်နိုင်ပေ... အဘယ်ကြောင့်ဆိုသော် အပျော်ပြုလုပ်ခြင်းမှ သောက ဖြစ်နိုင်သောကြောင့် ဖြစ်သည်။

ယနေ့ မိန်းမပျိုလေးများ အပျော်အဖြစ် ဗွီဒီယိုကြည့်ခြင်း၊ ဝတ္ထုဖတ်ခြင်းများ ပြုလုပ်သည်ကို တွေ့ရမည်။ ဤသို့ အပျော်အဖြစ် ဗီဒီယိုကြည့်ခြင်း၊ ဝတ္ထုဖတ်ခြင်းနှင့်အတူ အတုခိုးကြသည်ကို တွေ့ရသည်။ အပျော် ဗီဒီယိုကြည့်ခြင်း၊ ဝတ္ထုဖတ်ခြင်းသည် မဆိုးလှသော်လည်း အတုခိုးကြခြင်းကိုမူ ဆိုးသည်ဟု ကျွန်တော်တို့ ယူဆရမည် အဘယ်ကြောင့်နည်း။

ယနေ့ ဗွီဒီယိုလောကကို လေ့လာကြစို့။

ယနေ့ ဗီဒီယို တော် တော်များများသည် ပညာပေးထားများထက် ဖြေဖျော်ရုံသက်သက် စိတ်ကူးယဉ်ကောင်းရုံ သက်သက်သာများလှသည်။ အချို့ဆို မင်းသား မင်းသမီး အဝတ်အစားအမျိုးမျိုးဝတ်ပြပြီး ချစ်ကြ တွဲကြ ကကြနှင့် တစ်ကားပြီးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကားမျိုးကို ကြည့်ဖြစ်သော မိန်းမပျိုကလေးအဖို့ အဝတ်အစားလှလှ ချုပ်ဝတ်ရန်သာ အတုခိုးကြမည်။ အခြား ပညာရစရာမရှိ၊ အတုခိုး မှားကြဖို့သာ ရှိသည်။

ပိုဆိုးသည်က အနောက်တိုင်း ဗွီဒီယိုကားများသာဖြစ်သည်။ အနောက်တိုင်း ဗွီဒီယိုကားများကိုကြည့်လျှင် လိင်လှုံ့ဆော်မှု များများပါသည်။ ခြင်ထောင်ခန်းတွေ စိတ်ပြေနပြေ ရိုက်ပြသည်။

ဒီလိုကားမျိုးကြည့်မိလျှင် လိင်လှုံ့ဆော်မှုဒဏ်သာ ခံရမည်။ ကောင်းလာနိုင်မည်မဟုတ်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေနှင့် ကိုယ့်သားသမီး လူပျိုပေါက်၊ အပျိုပေါက်ကလေးများ ဗွီဒီယိုကြည့်ရန်အတွက် ကားရွေးပေးရန် လိုသည်။

ချစ်လို့ 'အလိုလိုက်ခြင်းသည် နှစ်လိုက်သလို ဖြစ်သွားလျှင် တစ်သက်တာလုံး ယူကျုံးမရစရာ ဖြစ်သွားလျှင်ကား ရင်နာရခြင်းသာ အဖတ်တင်မည့်ကို သတိချပ်ရန် အထူးလိုအပ်သည်။

ဗွီဒီယိုရုပ်ရှင်က လူပျိုပေါက်၊ အပျိုပေါက်ကလေးများကို အဆိပ်သင့်နိုင်သလို၊ စာပေကလည်း အဆိပ်သင့်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် စာပေတိုင်းသည် လူတိုင်းနှင့်မသင့်တော်သောကြောင့် ဖြစ်၏။

'အလိမ္မာ စာမှာရှိ' ဆိုသော်လည်း စာဖတ်တိုင်း အလိမ္မာကို မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် စာပေတွင် ဗဟုသုတ ပညာပေး စာပေနှင့် အပျော်ဖတ်စာပေဟု ရှိနေသောကြောင့် ဖြစ်၏။

ဆရာကြီး ဦးဗဂျိုင်က *တိုးတက်ရေးလက်စွဲ* စာအုပ်တွင် 'တိုးတက် ကြီးပွားလိုသူတို့သည် စာများကို ရွေးချယ်စိစစ်၍ ဖတ်ရမည်'ဟု ညွှန်ပြထားသည်ကို ဖတ်ရဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ မိန်းမပျိုကလေးများ၊ ယောကျ်ားပျိုကလေးများ 'အဆိပ်သင့် လူသား' မဖြစ်ရန်အတွက် စာကို ရွေးဖတ်ရမည်။

သည်နေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် မကြာမီ လပိုင်းက ကျွန်တော် အမှတ်မထင် ဖတ်လိုက်ရသော ဝတ္ထုတိုတစ်ပုဒ် အကြောင်းကို ရေးပြလိုသည်။ စာမူပါ မဂ္ဂဇင်းက ရောင်းတန်းဝင်ဖြစ်သလို ဝတ္ထုတိုရေးသည့် စာရေးဆရာမက သည်း ရောင်းတန်းဝင် စာရေးဆရာမ ဖြစ်သည်။ ဝတ္ထုအမည်ကိုမူ မပြောလိုပါ။

ဇာတ်လမ်းကမူ ဤသို့ဖြစ်၏။

အပျိုကြီး ဆရာဝန်မတစ်ဦး မြို့ထဲလာရင်း အကြောနှင့် ခြေထောက်နာသွားသည်။ ထိုအခါ လူငယ်လေးတစ်ဦးက ကူညီပြီး အိမ်အထိ လိုက်ပို့သည်။ အိမ်ရောက်တော့ လူငယ်က ပြန်ခါနီး နောက်အကူအညီလိုလျှင် ပြောပါဟု ပြော၏။ ဆရာဝန်မ အပျိုကြီးက တကယ်ကူညီမယ်လားဟု မေးရင်း တစ်ခုကူညီပါဟုဆိုသည်။ ဆရာဝန်မ အပျိုကြီး တောင်းသည့်အကူအညီက ပြန်ခါနီးလူငယ်အား နမ်းခိုင်းခြင်းဖြစ်သည်။

ဝတ္ထုဇာတ်လမ်းက ဒါပဲဖြစ်သည်။ ဒီလို ဝတ္ထုက လူရွယ်၊ အပျိုပေါက် လူပျိုပေါက်ကလေးများကို အကျိုးပြုပါသလား၊ အဆိပ်မသင့်နိုင်ဘူးလား။

## ပွဲလမ်းသဘင်၊ အပျိုမနှင့် ဖြစ်လေ့ဖြစ်ထများ

ပွဲလမ်းသဘင်များတွင် အများဆုံးတွေ့ရတတ်သည်က လူပျိုပေါက်ကလေးများနှင့် အပျိုပေါက်ကလေးများ ဖြစ်သည်။ အလှဆုံးဝတ်၊ အလှဆုံး ပြင်ဆင်ပြီး လွတ်လပ်ပေါ့ပါးစွာ သွားလာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အတည်အငြိမ်မရှိ။

စင်စစ်မူ ဤသည်မှာမဆန်းကြယ်ပါ။ အဘယ့်ကြောင့်ဆိုသော် အပျိုမလေးများ ပွဲလမ်းသဘင်သို့ သွားခြင်းသည် လွတ်လပ်စွာ သွားကြခြင်းသာ ဖြစ်၏။

'ကျွန်မဘဝမှာ အပျော်ဆုံး အချိန်ကို ပြောပါဆိုရင် ပွဲလမ်းသဘင် သွားရတဲ့အချိန်ကို ပြောမယ်၊ ဘာကြောင့်လဲဆိုရင် ဒီအချိန်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်လွတ်ကိုယ်လွတ်သွားရလို့ပဲ'

ဟု အပျိုမလေးတစ်ဦးက ပြောဖူးသည်။

ပွဲလမ်းသဘင်ဆိုသည်မှာ မီးရောင်တွေ ထိန်လင်းပြီး လူတွေ အများကြီးရှိသော်လည်း မိန်းမပျိုကလေးများအတွက် အင်မတန် ကြောက်စရာကောင်းသည်ကို သိထားရန် အထူးလိုသည်။

တစ်ခါတလေ အကြောင်းမဟုတ်သော်လည်း ပွဲလမ်းသဘင် သွားပါများလျှင် အန္တရာယ်နှင့်နီးလာပြီဟု နားလည်ထားသင့်သည်။

ပွဲလမ်းသဘင်များတွင် မနုဿမှုဆိုးများရှိ၏။ ဤကဲ့သို့ပင် ဖြားယောင်း သွေးဆောင်တတ်သည့် ပညာသည်များ ရှိသည်။

ဤကဲ့သို့ပင် အချို့သော စားနေကျ ကြောင်ပါးကြီးများ၏ လက်ပါးစေဖြစ်သော အောင်သွယ်တော်ကြီးများသည် မိန်းကလေးများ ပွဲလမ်းသဘင်လာသည်ကို နှစ်သက်ကြသည်။

ကိုယ်တိုင် စည်းရုံးလို့ရလျှင် စည်းရုံးကြသည်။

အောင်သွယ်တော်၏ အလှော်ကောင်းသဖြင့် ကြောင်ပါးတို့ ရင်ခွင်သို့ သက်ဆင်းရောက်ရှိရသည့် အဖြစ်ပေါင်း များစွာရှိသည်။

တစ်ခါက ပွဲခင်းတစ်ခု၏ မှောင်ရိပ်တွင် အသည်းပလူးခံနေရသည့် အပျိုမတစ်ဦးကို တွေ့ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ပင် အပျိုမလေးတွေနောက် လိုက်ပြီး ချစ်စကားနှင့် မြူဆွယ်၊ မှောင်ရိပ်ရောက်မှ ချောင်းပိတ်လိုက်သည့် ယောကျ်ားတွေလည်း များစွာရှိသည်။

ထို့ကြောင့် အပျိုမလေးများသည် မိမိဘဝပန်း လန်းဆန်းရန်အတွက် ပွဲလမ်းသဘင် နှံ့မင်စိတ်ကိုလျှော့ရန် အထူးလိုအပ်လှပေသည်။

တစ်ခါက မိန်းကလေးတစ်ဦးသည် ပွဲလမ်းသဘင် သွားရင်း တွေ့ခဲ့သည့် ယောကျ်ားပျိုအား အထင်ကြီးမိသဖြင့် ဗိုက်တစ်လုံး အဆစ်ကျန်ခဲ့သည်ကို ကြားဖူး၏။

စင်စစ်တော့မူ ပွဲလမ်းသဘင်တွင် အပျိုစိတ်ဝင် မိန်းမပျိုကလေးများအား ဖြားယောင်းသွေးဆောင်ရန် မာယာကြိုးဆင်နေသည့် ယောကျ်ားတွေ များစွာရှိနေ၏။

ထို့ကြောင့်

'ပွဲလမ်းသဘင် သွားချင်စိတ်ကို ချုံးနှိမ်ပါ၊ ကြော့ကြော့ဝတ်လို့ စကားချိုချို ပြောတတ်သူကို ရှောင်ပါ'

ဟူသော စကား လက်ဆောင်ပါးလိုက်ရပါသတည်း။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၆ ]

## လှရေး ပရေး နှင့် ကျန်းမာရေး

မိန်းကလေးတစ်ယောက်သည် မွေးရာပါအလှကို ပိုင်ဆိုင်ထားသော်လည်း ထိုမိန်းကလေးသည် ကျန်းမာရေးနှင့်ပြည့်စုံခြင်းမရှိပါက တကယ့်အလှရတနာ ပိုင်ဆိုင်ရသူ မဖြစ်နိုင်ပေ။

စင်စစ်မူ အတောက်ပဆုံးအလှဆိုသည်မှာ ကျန်းမာရေးကောင်းမွန်သူသာ ဖြစ်၏။ ဗုဒ္ဓ၏ မိန့်ဆိုချက်များကို လေ့လာလျှင် 'အာရောဂျ ပရမံ လာဘံ' ဟုရှိသည်။ ကျန်းမာခြင်းသည်သာ အကောင်းဆုံး လာဘ်တစ်ပါးဟု ဆိုနိုင်ပေသည်။

အဆာယ်မျှ လှပသူဖြစ်စေ ကျန်းမာရေးနှင့် ပြည့်စုံခြင်းမရှိလျှင် ဆန့်ကျင်ဘက်လိင်ဖြစ်သည့် ယောကျ်ားများ၏ စွဲမက်ခြင်းကို ခံရမည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အပျိုမလေးများသည် ကျန်းမာရေး ပြည့်စုံအောင် ကြိုးစားစွမ်းဆောင်သင့်သည်။

သို့သော် အချို့သော မိန်းကလေးများက လှဖို့သာ လိုသည်ဟု အတွေးမှားထားကာ လှပရေးကိုသာ ဦးစားပေးကြသည်။ ကျန်းမာရေးကောင်းမွန်ခြင်းကို အလှအပနှင့် ဖုံးကွယ်ကြ၏။

ဤသည်မှာ အမှားသာဖြစ်၏။ ကျန်းမာရေးကို အလှအပနှင့် ဖုံးကွယ်လို့မရချေ။ အဘယ့်ကြောင့်ဆိုသော အလှအပဆိုသည်မှာ တစ်ခဏသာဖြစ်ပြီး ကျန်းမာရေးသည် ထာဝရဖြစ်သောကြောင့်တည်း။

တစ်ခါက ကျွန်တော့်ဇနီး၏ တပည့်မလေးတစ်ဦးက သူ့ချစ်သူ၏ လက်ထပ်ခွင့်တောင်းခံခြင်းကို ငြင်းပယ်လိုက်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်က အံ့သြကြသည်။

'ဒီကောင်လေးက မှုမှုကို သိပ်ချစ်တာ၊ ဘာကြောင့် မှုမှုက ငြင်းလိုက်ရတာလဲ'

ဟု တွေးကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း နားမလည်။

တစ်နေ့ ကျွန်တော်တို့အိမ်ကို အလည်လာတော့ ကျွန်တော် မအောင့်နိုင်သဖြင့် မေးလိုက်၏။

မှုမှုက မချိပြုံးဖြင့်

'ဆရာသိချင်တယ်ဆိုရင် မှုမှုပြောပါ့မယ်၊ မှုမှု ကိုဇော်ကို ငြင်းပယ်လိုက်တာက မှုမှုက ကျန်းမာရေးပြည့်စုံသူ မဟုတ်လို့ဘဲ ဆရာ'

ကျွန်တော်က

'ကျန်းမာရေးဆိုတာ ကုသရင် ပျောက်ကင်းတာပဲ မှုမှု၊ သူလည်း ထိုက်သင့်သလောက် နားလည်နေတာပဲ'

'မှန်တော့မှန်ပါတယ် ဆရာ၊ ဒါပေမယ့် ဒီအချိန်မှာ ဖြတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ ပိုကောင်းတယ်လို့ မူမူထင်တယ်ဆရာ၊ ဆရာ စဉ်းစားကြည့်လေ မူမူနဲ့ သူ့ရဲ့ချစ်ခြင်းဟာ ၅၂၈သွယ်နဲ့မဟုတ်ဘူး၊ ၁၅၀၀နဲ့ချစ်ကြတာ၊ ၁၅၀၀ မေတ္တာဆိုတာ တဏှာပေမနဲ့ ယှက်နွယ်နေတာ၊ သွေးသားဆန္ဒ တွေပါနေပြီ၊ သူ့ ဆန္ဒကို မူမူမဖြည့်နိုင်ရင် သူ ဘယ်အတိုင်းအတာအထိ သည်းခံနိုင်မလဲ၊ ကြာမြင့်ခြင်းနဲ့အတူ သောကရှိလာမှာ၊ ဒီအချိန်မှာ ဖြတ်လိုက်တာ ပိုကောင်းပါတယ်ဆရာ'

တကယ်တော့လည်း မူမူ့အယူအဆသည် မှန်ကန်ပေသည်။ တစ်ယောက်ကိုတစ်ယောက် ချစ်သည်ဆိုသော်လည်း ဆန္ဒဖြည့်ဆည်း နိုင်ခြင်း မရှိလျှင် ငြိုငြင်လာမည်။

ထို့ကြောင့် တိုတိုနှင့် စခန်းဖြတ်လိုက်ခြင်းသည်သာ ပိုမှန် သည်ဆိုရမည်။ ဒီနေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် မိမိတို့ ရပ်ကွက် အတွင်းမှ ကောင်မလေးတစ်ဦးနှင့် ကောင်လေးတစ်ဦး၏ အကြောင်းကို တင်ပြလိုသည်။

သူတို့နှစ်ဦးက ရပ်သိရွာသိ ချစ်သူများဖြစ်၏။ တစ်တွဲတွဲသွား လာကြသည်။ ကောင်မလေးက ပိန်ပိန် သွယ်သွယ်နှင့် လှသည်။ ယောကျ်ားကလေးက အလုပ်အကိုင်ကောင်းပြီး ယောကျ်ားပီသသူ။ သူတို့သည် လက်ထပ်ယူမည်ဟု သတင်းပြေးနေသည်။

သို့သော် တကယ့်တကယ်ကျတော့ သူတို့နှစ်ဦးသည် ဖူးစာ မဆုံ။ နဖူးစာ မှင်ရည်ပဲကျဲသလားမသိ၊ လွဲသွားသည်။

ကောင်ကလေးက ဖွံ့ထွားထွားနှင့် ရှက်ကြမ်း ရည်ကျိုးခံ ရှိသည့် မိန်းကလေးကို ဗြုန်းစားကြီး ယူလိုက်သည်။ ဟို မိန်းကလေး ခမျာ ငရဲပြာလူးသလိုတည်း။ ကောင်မလေး အပေါင်းအသင်းများက ကောင်လေးကို သစ္စာမဲ့သူဟု ပြောကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကိုယ်တိုင်လည်း သစ္စာတရားကို မြတ်နိုးသူ ဖြစ်သောကြောင့် ကောင်ကလေးကိုမျက်မှောင်းကျိုးသွားသည်။

သို့သော် ကျွန်တော့်စိတ်ထဲတွင် အကြောင်းတစ်ခုတော့ရှိမည်ဟု ထင်နေသည်။

တကယ်တော့လည်း ထင်သည့်အတိုင်းပင်၊ ကျွန်တော်က ကောင်လေးနှင့် တစ်နေ့တွင် ဆုံတော့

'ဟာ ကျော်ကျော်၊ အတော်ပဲ ငါ မင်းကို တွေ့ချင်နေတာ'

ဟု ပြောလျှင် ကောင်လေးက

'ဆရာ၊ စန္ဒာနဲ့ပတ်သက်လို့ မရှင်းလင်းဘူး မဟုတ်လား'

ဟု ပြန်မေးသည်။

'အေးကွ၊ မင်းနဲ့စန္ဒာဟာ သိပ်ချစ်ကြသူတွေပဲ၊ မင်းကိုလည်း စန္ဒာက သိပ်ချစ်ရှာတာ၊ ဒါ မင်းသိပါတယ်လေ၊ မင်း ဘာဖြစ်လို့ သစ်စိမ်းချိုး ချိုးသွားတာလဲ၊ မင်းကိုယ်မင်း သစ္စာဖျက် ယောက်ျားရိုင်း ဖြစ်သွားမှာ မတွေးမိဘူးလား'

ကောင်လေးက ပြုံးသည်။

'ကျွန်တော်သိတယ်ဆရာ၊ ကျွန်တော်စန္ဒာ့ကို ချစ်သလို၊သစ္စာမရှိသူလို့ ကျွန်တော့်ကို သမုတ်မှာလည်း ကျွန်တော်မခံချင်ဘူး၊ ဒါပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် ပတ်ဝန်းကျင်အလယ်မှာ သစ္စာရှိသူဆို့ အပြောခံပြီး သောက ဖြစ်မနေချင်ဘူး'

'မင်းပြောတာ ငါဖြင့် နားမလည်တော့ဘူး'

'ကျွန်တော် ရှင်းပြပါ့မယ် ဆရာ၊ ရှင်းရှင်းပြောရရင် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာ့ကို ဥပက္ခာပြုလိုက်တာ စန္ဒာ့ကို မချစ်လို့မဟုတ်ဘူး၊ စန္ဒာ့ကို သိပ်ချစ်တယ်၊ ဒါပေမယ့် ကျွန်တော် စန္ဒာ့အကြောင်းကိုသိတော့ ကျွန်တော် သတ္တိမရှိတော့ဘူး၊

'ရှင်းရှင်းပြောရရင် စန္ဒာ့မှာ ရောဂါရှိနေတယ်ဆရာ၊ စန္ဒာ ဟာ အလှအပတွေနဲ့ ဖုံးကွယ်ထားပေမယ့် စန္ဒာ့မှာ ရင်သားကင်ဆာ ရောဂါရှိနေတာ ကျွန်တော်သိနေတယ်၊ စန္ဒာဟာ ကျန်းမာရေးပြည့်စုံသူ မဟုတ်ဘူး၊

'ဒီတော့ ကျွန်တော် စဉ်းစားရပြီ၊ ကျွန်တော် စန္ဒာ့ကို ဘယ်လောက်သည်းခံနိုင်မလဲ၊ ပြီးတော့ ကျွန်တော်ယယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖို မဖြစ်ချင်ဘူး ဆရာ၊ ဒါကြောင့် ကျွန်တော် စန္ဒာ့ကို ကျောခိုင်းလိုက်တာ'

ကျွန်တော် ကောင်လေးစကားကို နားထောင်ရင်း အသိတစ်ခုရလိုက်သည်။ မည်မျှပင် ချစ်သူဖြစ်ပါစေ၊ မိမိချစ်သူသည် ကျန်းမာရေး ပြည့်စုံခြင်း မရှိပါက လက်မတွဲဝံ့ကြပေ။

သို့ကြောင့် အပျိုမလေးများသည် မိမိကိုယ်မိမိ လှရေး ပရေးသာ မကြည့်ဘဲ ကျန်းမာရေးကိုလည်း ဖြည့်ကြရန် လိုသည်ဟု သတိပေးလိုက်ချင်သည်။

## ကျန်းမာရေးအတွက် အကောင်းဆုံးနည်း

တစ်ခါက မိတ်ဆွေ တစ်ဦးနှင့် ကိုယ်ကာယ သင်တန်းသို့ ရောက်သည်။ အပျိုမလေးများ ကိုယ်ကာယသင်တန်း တက်နေကြသည်ကို မြင်တော့ ကျွန်တော် အတော်ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ခေတ်က တိုးတက်လှသည်။ ကျန်းမာရေးအတွက် အေရိုဗစ်သင်တန်း တက်မလား၊ အားကစားသင်တန်းတစ်ခုခုကိုပဲ တက်မလား၊ ကောင်းသည်။

မကောင်းသည်က လှသထက်လှရန်အတွက် တကုတ်ကုတ်နှင့် အလုပြင်နေခြင်းသာ ဖြစ်သည်။

ကျွန်တော်နှင့် နီးစပ်သည့် အပျိုမလေးများအားလည်း ကျွန်တော်က ကျန်းမာရေးကောင်းအောင် လုပ်ကြပါဟု ပြောတတ်သည်။ ထို့ကြောင့် တစ်ခါက အပျိုမလေးတစ်ဦးက ကျွန်တော်အား ...

'သမီးတို့ ကိုယ်ကာယသင်တန်းလည်း မတက်နိုင်ဘူး၊ အေရိုဗစ်သင်တန်းလည်း မတက်နိုင်ဘူး၊ တစ်နိုင်တစ်ပိုင်ကျန်းမာရေးကောင်းဖို့ နည်းမရှိဘူးလား'

ဟု မေးသည်။

'အေး၊ ငါပြောမယ်'

ဟု ပြောခဲ့သည်။

ထို့ကြောင့် ကျွန်တော် နီးစပ်ရာကို ရှာစမ်းရသည်။ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာရသည်။ သည်အခါ ကျန်းမာရေးအတွက် အကောင်းဆုံးနည်းများကို တွေ့ရသည်။

ဤနည်းများက...

၁။ အပျိုမလေးများသည် အပျိုဖော်ဝင်ချိန်မှ စ၍ဓမ္မတာသွေးပေါ်လာသည်။ ဓမ္မတာသွေး ပေါ်ခြင်းသည် သွေးညစ် သွေးဟောင်းများမှ သွေးသစ်လဲခြင်းဖြစ်သည်။ ထို့ကြောင့် ဓမ္မတာသွေးပေါ်ချိန်ကို ဂရုစိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှန်ပါစေ။ ချုပ်စာများကို မစားပါနှင့်။ သန့်ရှင်းပါစေ။

၂။ နံနက်စောစောထပါ။ ကိုယ်လက်လှုပ်ရှားမှုကို ဖြစ်စေသည့် အိမ်မှုကိစ္စအလုပ်များကို မှန်မှန်လုပ်ပါ။

၃။ ဆီး၊ လေ၊ ဓာတ် မှန် မမှန်ကို ဂရုစိုက်ပါ။ အကယ်၍ ချုပ်လျှင် အပူအအေးသင့်တင့်ရုံ စပ်ထားသည့် ဝမ်းနုတ်ဆေးကို စားပါ။

၄။ နံနက်စောစော အိပ်ရာအထတွင် ရေအဝသောက်ပါ။ ရေချိုးလျှင် အသားကို သွေးရောင်ထအောင် ပွတ်ပေးပါ။ ထမင်းစားပြီး ရေကို ဝဝသောက်ပါ။

ဤနည်းများသည် သဘာဝမိခင်က ပေးသည့် ကျန်းမာဝဖြိုးအလှတိုးစေသော နည်းများသာဖြစ်ပါသည်။

## လှသထက် လှစေချင်

အပျိုမလေးတိုင်းသည် လှချင်ကြ၏။ သို့သော် အပျိုမလေးများသည် လှချင်လွန်းသဖြင့် အလှပြင်ရင်းမှ 'လှချင်လွန်းလို့ သွားချောင်တိုက် ရေစီးကမ်းပြိုလိုက်' ဆိုသည့်ကိန်း ဆိုက်နေကြသည်ကို တွေ့ရသည်။

ဥပမာတစ်ခုပြောရလျှင် အပျိုမလေးများသည် မျက်နှာချေကိုလိမ်းတတ်၏။ မျက်နှာချေသည် ထုံးကျောက်၊ မြေဖြူနှင့်ရောပြီး အသားနှင့်မသင့်သော ဆေးဝါ၊ ဆေးနီတို့ ခြယ်ထားသော ကြာကြာစွဲလိမ်းလျှင် အသားမွဲခြောက်ခြောက် ဖြစ်သည်သာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ပင် ဖြူရော်ရော်ဖြစ်နေသော နှုတ်ခမ်းနှင့် ပါးပြင်ကို အနီရောင် ဆေးဆိုးထားခြင်းဖြင့် တစ်ခဏ လှသည် ထင်ရသော်လည်း ဆေးပြယ်သွားလျှင် အကြည့်ရ ဆိုးလှပေသည်။

ထို့ကြောင့် …

မိန်းမပျိုကလေးများသည် အဓိကကျသော မျက်နှာလှစေရန်အတွက် မြန်မာ့သနပ်ခါးခေါက်နှင့် ဆီးခေါက်ကိုသာလိမ်းသင့်သည်ဟု ဆိုချင်သည်။

သနပ်ခါးက အသားအရေကို ညက်ညောစေပြီး ကျန်းမာရေးအတွက်လည်း စိတ်ချရသော အရာဖြစ်၏။ ဤကဲ့သို့ပင် မျက်နှာတွင် တင်းတိတ် စွဲနေပါကလည်း ဆီးခေါက်၊ သနပ်ခါးခေါက်ကို ဆားနှင့် သွေး၍လိမ်းပါက ပျောက်ကင်းနိုင်သည်ကို သတိချပ်နားလည်ထားသင့်သည်။

## အပျိုမလေးများအတွက်
## အကောင်းဆုံး အလှထင်ပေါ်အောင်လုပ်နည်း

အပျိုမလေးများ အလှပြင်ကိရိယာမျိုးစုံ၊ အလှပစ္စည်းမျိုးစုံဖြင့် အလှပြင်နေကြခြင်းသည် လှသည်ထက်လှစေချင်သောကြောင့်ဖြစ်လေသည်။ စင်စစ်မူ ငွေကုန်ကြေးကျခံကာ အလှပြင်နေကြခြင်းသည် အကောင်းဆုံး လှပနည်းကို မသိသောကြောင့်ဖြစ်သည်။

အလှဟူသည် အရေပြားတစ်ထောက်သာ ရှိသည်ကို သိထား

www.burmeseclassic.com

www.burmeseclassic.com



ပါ။ ပေါင်ဒါသည် မျက်နှာချေလိမ်းခြင်းသည် အရေပြားတစ်ထောက်သာ ရှိပါသည်။ အကယ်၍ မျက်နှာထားဆိုးသူဆိုပါစို့ မည်သို့လျှင် လိမ်းခြယ်၍ လှအောင် လုပ်နိုင်မည်နည်း။

လောကတွင် အလွန်တရာ အကြည့်ရ ဆိုးလောက်အောင် အကျည်းတန်သူ နည်းပါသည်။

မည်သို့ဆိုစေ၊

အရုပ်ဆိုးသူကိုပင် လှပ ထင်ပေါ်အောင် ပြုလုပ်နိုင်သည်ကို အစဉ် သတိရထားပါ။

နည်းရှိပါသည်။

ထိုနည်းက...

၁။ **စိတ်ကိုအလှဆင်ပါ။**

လောကတွင် ရှိသော အလှအပပေါင်း များစွာအနက် စိတ်အလှသည် တန်ဖိုး အကြီးဆုံးဟု နားလည်ပါ။ မကောင်းသော စိတ်ကြမ်း စိတ်ဆိုးကြောင့် နဂိုလှပသူကိုပင် အရုပ်ဆိုးစေပါသည်။ စိတ်နူးညံ့သူအဖို့ မျက်နှာကြည်လင်ပါသည်။ စိတ်ပျို့မှ ကိုယ်နုကြောင်း နားလည်ပါ။

၂။ **ကြောင့်ကြစိတ် မထားပါနှင့်။**

လူတို့သည် သူတစ်ပါးနှင့်နှိုင်းယှဉ်ကာ ကိုယ်ကိုယ်ကိုယ် နှိမ့်ချတတ်သည်။ သြော် သူတို့က လှလိုက်တာ၊ တို့များတော့ ကံမကောင်းဘူးဟု မတွေးပါနှင့်။ လူတိုင်းတွင် အလှတစ်ခု ရှိစမြဲပင်။ မိမိအလှကို ရှာဖွေ ဖော်ထုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၃။ သန့်ရှင်း သပ်ရပ်စွာနေပါ။

ပြီးစလွယ်မနေပါနှင့်။ ခန္ဓာကိုယ် သန့်ရှင်းပါစေ။ အဝတ်အစားကို သပ်ရပ်စွာဝတ်ပါ။

ဟူ၍ တင်ပြလိုက်ရပါသည်။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၇ ]

## ယောကျ်ားမက်တဲ့ ဆေး

ဒီကနေ့ အပျိုကလေးများ လှသထက်လှအောင် ပြုပြင်နေကြခြင်း၊ ကြာအမှုအရာမျိုးစုံဖြင့် ပြောဆို ပြုမူနေကြခြင်း၊ အဝတ်အစားအမျိုးမျိုး ဝတ်ဆင်ကာ သွားလာနေကြခြင်းများသည် ယောကျ်ားကလေးများ စွဲမက်လာစေရန် စိတ်ဝင်စားလာစေရန်အတွက် ပြုလုပ်ခြင်းသာ ဖြစ်သည်။

မေးလျှင်ကား 'ဟာ ဟုတ်တာပေါ့'လို့ ဝန်ခံကြလိမ့်မည် မဟုတ်ချေ။

မည်သို့ဆိုစေ၊ မိန်းကလေးများ၏ မသိစိတ်တွင် ယောကျ်ားကလေးများ၏ စွဲမက်မှု၊ ဂရုပြုမှုကို ခံယူချင်ကြသောကြောင့်ဖြစ်သည်ကို မပြောဘဲနှင့် သိသာလှပေသည်။

ဤသို့ ပြုမူနေထိုင်ခြင်းကကော အမှန်တကယ် ယောကျ်ားမက်ဆေးလား ဆိုသည်ကို အပျိုကလေးများ မသိကြ။ စင်စစ်တော့မူ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြုလုပ်နေခြင်းဖြင့် ယောကျ်ားများ၏ စွဲမက်မှုကို ခံရလိမ့်မည် မဟုတ်။

မျက်စေ့နောက်၊ အထင်သေးခံရရုံသာ ရှိပေမည်။

သို့ဆိုလျှင် အမှန်တကယ် ယောကျ်ားမက်ဆေးက အဘယ် နည်း။

## ယောကျ်ားများပြောသည့် ယောကျ်ားမက်ဆေးနည်း

ကျွန်တော်သည် အပျိုဘဝအကြောင်း ပညာပေးစာအုပ် တစ်အုပ် ရေးသားရန်အတွက် အပျိုမလေးများ သိထားသင့်သည့်ယောကျ်ား မက်ဆေးနည်းကို ရှာဖွေခဲ့သည်။ သုတေသန ပြုခဲ့သည်။

ငါးကို လိုချင်လျှင် ရေမှာ ရှာရမည်။ သစ်ပင်ထက်မှာ ရှာလို့ မရ။ သားကောင်လိုလျှင်ကား တောထဲဝင်ရသည်။ ဆရာလိုလျှင် ကျောင်းသင်ခမ်းသို့ သွားရမည်။ မထေရ်မြတ်တို့နှင့် တွေ့ရမည်။

အရက်ဝိုင်းသွားလျှင် အရက်ပဲ ရမည်။

ကျွန်တော်သည် ယောကျ်ားမက်ဆေးကို လိုသဖြင့် ယောကျ်ား များနှင့် တွေ့ခဲ့သည်။ စူးစမ်း သုတေသနပြုခဲ့သည်။

ယောကျ်ားများထံမှ တွေ့ရသည့် ယောကျ်ားမက်ဆေးကား

## ယောကျ်ားများသည် လျှို့ဝှက်မှုကို မက်မောကြသည်

ယောကျ်ားများသည် လျှို့ဝှက်မှုကင်းမှုကို မမက်မောကြ။

www.burmeseclassic.com

www.burmeseclassic.com



ဒါက မဆန်းချေ။ အဘယ့်ကြောင့်ဆိုသော် လူတိုင်းသည် ခက်ခက်ခဲခဲ ရယူရမှု တန်ဖိုးထားသည်။ လွယ်လွယ်ရလျှင်ကား ဘာကိုမှ တန်ဖိုးမထားတတ်သည်မှာ ယောကျ်ားများ သဘာဝဖြစ်သည်။

## အချစ်ကို လျှို့ဝှက်ပါ

ယောကျ်ားလေးတစ်ဦးသည် မိန်းကလေးတစ်ဦးကို ချစ်၏။ 'မင်းကိုချစ်တယ်ကွာ'ဟုပြော၏။ ကျွန်မလည်း ချစ်တာပါပဲ ဟု တုံ့ပြန်လျှင် စိတ်ထဲ ပေါ့သွားတတ်၏။

သို့သော် မိန်းကလေးက အမှန်တကယ်ချစ်သော်လည်း

'ကျွန်မ စဉ်းစားပါရစေဦးနော်၊ အချစ်ဆိုတာ တူနှစ်ကိုယ် ထာဝရ လက်တွဲဖို့ နိဒါန်းပျိုးခြင်းလည်းဖြစ်လို့ စဉ်းစားချင်ပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါနော်'

ဟု ပြောလျှင် 'ဩော် သူက လွယ်လွယ်နဲ့ အချစ်ကို မဆုံးဖြတ်ဘူးကိုး'ဟု စဉ်းစားကာ လေးစားတတ်သည်။ တန်ဖိုးထားတတ်သည်။

ထို့ကြောင့် ယောကျ်ားကလေးများ မက်ကာ၊ တန်ဖိုးထားစေရန်အတွက် ချစ်သည့်စိတ်ကို လျှို့ဝှက်ထားခြင်းဖြင့် ယောကျ်ားတို့၏ မက်မောမှုကို ခံယူပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လျှို့ဝှက်ပါ

မိမိတို့ နိုင်ငံသည် အနောက်နိုင်ငံမဟုတ်၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ထွန်းကားသော အရှေ့တိုင်းဖြစ်သည်။ ထို့ကြောင့် အနောက်တိုင်းလို ကျင့်သုံး၍ မရပေ။

ယနေ့ အပျိုမလေးများကို ကြည့်ရင်း ကျွန်တော် ရင်မောရသည်။ ဤကား အခြားမဟုတ်၊ မထုတ်ဖော်သင့်သည်ကို ထုတ်ဖော်နေခြင်းမင်း။ စင်စစ် အတွင်းသားဟူသည်က မမြင်အပ်သည့်အရာ၊ လုံခြုံရမည့်အရာ။

အနောက်နိုင်ငံများတွင် မလုံ့တလုံ၊ မပေါ်တပေါ်နှင့် ယောကျ်ားများကို မြူဆွယ်ကြသည်။ ဆန္ဒစိတ်ကို လှုံ့ဆော်ကြသည်။ ဤဓလေ့ မြန်မာအပျိုလေးတို့ထံ ရောက်နေသည်မှာ ရင်နာစရာဖြစ်၏။

အမှန်တော့မူ ဤသို့ လှစ်ပြခြင်းသည် မက်ဆေးမဟုတ်။ ထကြွဆေးသာ ဖြစ်သလို ဒုက္ခကို ဖိတ်ခေါ်ခြင်းသာ ဖြစ်၏။

ယောကျ်ားသည် ယောကျ်ားသာဖြစ်၏။ သွေးသား ဆန္ဒကိုသာ ဖြည့်ဆည်းကြမည်၊ သို့သော် တန်ဖိုးထားကြမည်တော့ မဟုတ်။

ထို့ကြောင့် မိန်းကလေးများ မြန်မာဆန်ကြစေလိုသည်။ မဖြစ်သင့်သည့်အရာကို မဖြစ်စေပါစေနှင့်။

သိုသိပ် လျှို့ဝှက်တတ်ခြင်းသည်သာ ယောကျ်ားမက်ဆေး အမှန်ဖြစ်သည်ကို သတိချပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ယဉ်ကျေးစောင့်ထိန်းခြင်းနှင့် မက်မောအောင်ပြုပါ

ယောက်ျားများ မက်မောသည့် မိန်းကလေးများကို လေ့လာလျှင် ထိုမိန်းကလေးများသည် ယဉ်ကျေးသော၊ စောင့်ထိန်းသောသူများ ဖြစ်သည်ကို တွေ့ရသည်။

အချို့ အပျိုမလေးများမှာ အစက ယဉ်ကျေးသလို၊ စောင့်ထိန်းသလိုရှိသော်လည်း ချစ်သူဖြစ်သွားလျှင် ယဉ်ကျေးခြင်းကိုလည်းကောင်း၊ စောင့်ထိန်းခြင်းကိုလည်းကောင်း ဥပေက္ခာပြုလိုက်ကြသည်။ ချစ်သူပဲဟု သဘောထားလိုက်ခြင်းသည် အမှားသာဖြစ်၏။

ထို့ကြောင့် မက်ဆေးမဖြစ်ဘဲ ဖျက်ဆေးဖြစ်သွားတတ်ပါသည်။ ယောက်ျားတို့ ကြာကြာမက်မောစေရန်မှာ ကြာကြာစောင့်ထိန်းကြရန်သာ ရှိတော့သည်။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၈ ]

## ကြာ (သို့မဟုတ်) အထူးပြု အမူအရာ

'ကြာ'ဟူသော စကားမှာ ပေါရာဏ စကားတစ်ခုသာဖြစ်ပြီး ခေတ်ဝေါဟာရနှင့် အနက်ဖွင့်ဆိုလျှင်ကား မျက်နှာချိုသွေးခြင်း ယောကျ်ားတစ်ယောက် စွဲမက်လာအောင် မျက်နှာပေးကောင်းခြင်းဟု ဆိုရလေမည်။

'ကြာကြည့်'တို့ မည်သည် အဝေးမှမြင်ရသည်ထက် နီးလာလေ ပို၍တန်ဖိုးရှိလာလေဟု ဆိုရမည်။

စကားပြောသည့်အခါ မျက်နက်ဝန်းကလေး စောင့်ကာင်ကြည့်ခြင်း၊ ပြုံးယောင်သန်းခြင်းသည် ယောကျ်ားတို့ စွဲမက်စေသော ကြာတစ်မျိုးဟု ဆိုရမည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သည် 'ကြာ'က ချစ်စရာ၊ စွဲမက်စရာဟု ခေါ်ရမည်။ ပြောရလျှင် 'ကြာ'ဆိုသည်မှာ လူတစ်ယောက် စွဲမက်လာအောင် ဆွဲဆောင်ခြင်း သဘောရှိပေသည်။ သို့ရာတွင် 'ကြာ'ကို နေရာတိုင်း သုံးလျှင်ကား မကောင်းဟုဆိုရမည်။

အဘယ့်ကြောင့်ဆိုသော် ပင်ကိုယ်'ကြာ'တို့မည်သည် သဘာဝသတ္တိအရ တည်ငြိမ်အေးမြကြည်လင်သလို ယောက်ျားတို့သာမဟုတ်၊ မိန်းမချင်းပင် စွဲလန်းချစ်ခင်၏။

ထိုမိန်းကလေးကို ချစ်စရာကောင်းတဲ့ မိန်းကလေးဟု ထောပနာ ပြုကြမည်။

ထိုကြာမျိုးက

၁။ မျက်လုံးကလေး ထောင့်ကပ်ကြည့်ခြင်း

၂။ မျက်ခွံကလေး လှန်ကြည့်ခြင်း

တို့ဖြစ်သည်။

ထို ကြာမျိုးမှာ ကလက်ခြင်း မပါသောကြောင့် တည်ငြိမ်သည်။ ယောက်ျားတို့၏ စိတ်နှလုံးကို သိမ်းကြုံးယူငင်တတ်သည်။ ညှို့ဓာတ်ပါသည်ဖြစ်သလို မိန်းမကောင်း မိန်းမမြတ်ဟု အခေါ်ခံရမည်။

သို့သော် ကြာအပေးလွန်လျှင်ကား'ငါးသိုင်းများ ဟင်းဟုန်'ဆိုသကဲ့သို့ ဖြစ်တတ်သည်။ 'အလကား ကြာများတဲ့ မိန်းမပါကွာ'ဟု အပြောခံရမည် ဖြစ်၏။

ထို့ကြောင့် 'ကြာ'ကို နေရာတိုင်း အသုံးမချသင့်ဟု ဆိုချင်သည်။ စေတနာစကား ပါးလိုက်ချင်သည်။

စင်စစ်မူ အပျိုစိတ်ဝင်လာသော မိန်းကလေးများသည် ယောက်ျားကလေးများ စွဲမက်လာစေရန်အတွက် ကြာပေးတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြာများလျှင်ကား ပတ်ဝန်းကျင်၏ အပြောကို ခံရမည်ဖြစ်သလို ပျက်စီးခြင်းနှင့်လည်း ရင်ဆိုင်ရတတ်၏။

ထို့အတူ ကြာများခြင်းအတွက် နဂိုရှိရင်းစွဲ အပျိုဂုဏ်၊ အပျိုတန်ဖိုးများ ကျဆင်းကာ သူတစ်ပါးက

'အလကား ကြာများတဲ့ မိန်းကလေးပါကွာ၊ ပျက်စီးမှာပါပဲ' ဟု အားမနာဘဲ ပြောခြင်းခံရနိုင်သဖြင့် ဆင်ခြင်ရန် အထူးလိုအပ်လှပေသည်။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၉ ]
## အပျိုစင်တို့ ရင်ထဲခိုဝင် စွဲစေသည့် အတွေးမှားများ

လောကစဉ်လာ ဓမ္မတာအရ အကောင်းနှင့်အဆိုးသည် ဒွန်တွဲဖြစ်တည်နေ၏။ အကောင်းသည် ချမ်းမြေ့ခြင်းကိုဖြစ်စေပြီး အောင်မြင်မှု နိမိတ်လက္ခဏာဟု ဆိုနိုင်၏။ အဆိုးကမူ သောကကိုဖြစ်စေသည့် ဆုံးရှုံးမှုဆိုလျှင်လည်း မမှားပေ။

ယင်းသို့ ဖြစ်တည်နေသည့် အကောင်းနှင့်အဆိုး၏ သဘောသဘာဝကိုလည်းကောင်း၊ ဖြစ်စဉ်တရားကိုလည်းကောင်း လူတိုင်းကောင်းစွာ သိကြသည်။ လောကတွင် အဆိုးဆိုသမျှ ပိုင်ဆိုင်ချင်သူမရှိ၊ အဆိုးကို ပိုင်ဆိုင်ရယူရန် ကြိုးစားသူလည်း မရှိ။

လူတိုင်းသည် အဆိုးဟူသမျှနှင့် ကင်းဝေးရန် အားထုတ်ကြ၏။

အကောင်းကို ရယူရန် ကြိုးပမ်းကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်မူ အဆိုးဟူသည်ကလည်း အကောင်းကို ရှာဖွေရင်း တွေ့ကြုံရသော အရာတစ်ခုသာလျှင် မဟုတ်လား။

မှန်သည်။ အကောင်းကိုရှာရင်း ကြုံရသော အမှား(သို့မဟုတ်) အဆိုးသည် လူ့လောကအတွင်းသို့ သူ့ အလိုလိုရောက်လာခြင်းမဟုတ်။ လူသားတို့၏ အသိဉာဏ်ကို စိုးမိုးနေသည့် အတွေးမှား၊ အမြင်မှားများမှ စတင် သန္ဓေတည်လာခြင်းသာ ဖြစ်၏။

တွေးခေါ်ပညာရှင် 'ကွန်ဖြူးရှပ်'က အတွေးမှား၊ အမြင်မှားနှင့် ပတ်သက်၍ ဤသို့ ကောက်ချက်ချသည်ကို မှတ်သားခဲ့ရဖူး၏။

ဤကား

*'အတွေးမှား အမြင်မှားတို့သည် ဘဝ၏ခါးသီးမှု အားပေးစွမ်းသော စေတမန်နတ်တစ်မျိုးဟု ခေါ်နိုင်သည်။ အတွေးမှားနှင့် အတွေးမှန်ကို မဝေဖန်နိုင်သမျှ ဘဝ၏ အောင်မြင်မှုကို မရနိုင်'*

ဟု ဖြစ်သည်။

ထို့ကြောင့် အတွေးအမြင် မမှားစေရန် ဂရုစိုက်အပ်သည်။ အထူးသဖြင့် ယောကျ်ားကလေးများထက် မိန်းကလေးများက ပို၍ ဆင်ခြင်သင့်သည်ဟု ထင်သည်။

အဘယ့်ကြောင့်ဆိုသော် အမှားနှင့်ကြုံလျှင် မိန်းကလေးများသည် ယောကျ်ားကလေးများထက် နစ်နာကြသောကြောင့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆရာသင်နှင့် ဆွေးနွေးချက်များ

ဆရာသင်သည် ကျွန်တော်လေးစားရသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၏။ သူသည် တည်ကြည်သူဖြစ်သလို ဗဟုသုတလည်း ကြွယ်သည်။

တစ်ခုသောညနေခင်းတွင် ကျွန်တော့်ထံသို့ ဆရာသင်ရောက်လာသည်။ ဆရာသင်က ရောက်မဆိုက်ပင်

'အတော်ပဲကွ၊ မင်းနဲ့ငါ ဆွေးနွေးစရာ ရှိနေတယ်'

ဟု ပြောသည်။

'ဘာများ ဆွေးနွေးချင်လို့လဲ ဆရာသင်'

'တခြားတော့ မဟုတ်ပါဘူး၊ မင်းက သမီးဆိုးမစာတွေ ရေးမလို့ စီစဉ်နေတယ်ကြားလို့ ငါလာတာ၊ မင်းကို အကြံပေး ဆွေးနွေးချင်တယ်လေ'

'ကောင်းတာပေါ့ ဆရာသင်၊ ဆွေးနွေးတာပေါ့၊ ဆရာသင် ဘာတွေ ဆွေးနွေးချင်လဲ'

'ငါ ဆွေးနွေးချင်တာက မိန်းကလေးတွေရင်ထဲ ခိုဝင်စွဲငြိစေတဲ့ အတွေးမှားတွေ အကြောင်းလေ၊ ဘယ်လို အတွေးမှားတွေဆိုတာ မင်း သုတေသနပြုပြီးပြီလား'

ကျွန်တော်က ခေါင်းခါရင်း

'သေသေချာချာတော့ သုတေသနမပြုရသေးဘူး ဆရာသင်၊ ဆရာသင် လေ့လာပြီးရင်တော့ ပြောပါဦး'

'ဒါဆို နားထောင်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး မိန်းမများ၊ အထူးသဖြင့် အပျိုမများ၏ ရင်ထဲသို့ တိုးဝင်ကာ မှင်းမူတတ်သည့် အတွေးမှားများကို ပြောပြ၏။

ထိုအတွေးမှားများက

၁။ စိတ်ကြီးဝင်ခြင်း

၂။ အထင်ကြီးစိတ်

၃။ မျက်နှာများခြင်း

စသည်တို့ ဖြစ်လေသည်။

## အတွေးမှားနှင့် ဖွင့်ဟဝန်ခံချက်

### က။ စိတ်ကြီးဝင်ခြင်း (သို့မဟုတ်) စိတ်ကြီးဝင်သဖြင့် ဒုက္ခကြုံရသည့် ခင်ခင်ကြီး

*ပြောတော့မပြောချင်ဘူးဆရာ၊ ပြောရရင် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလိုပဲ၊ ကိုယ်မှားခဲ့တဲ့ အမှားတွေနဲ့အတူ အတော်ကလေးလည်း ယူကျုံးမရဖြစ်ရတယ်။*

*ခင်ခင်ကြီးကို မိုက်လှချည်လားလို့ ဆရာက ပြောမှာ။ အမှန်တော့ ဒီလိုပြောမယ်ဆိုလည်း ဆရာမလွန်ပါဘူးလေ၊ ဒါ အမှန်တရားပဲဥစ္စာ၊ ခင်ခင်ကြီးကလည်း တွင်းတူးမိုက်မိသကိုး။*

*ခင်ခင်ကြီးရဲ့ မိဘတွေက ဆင်းရဲတယ်လို့ ပြောရမှာ ပင်ပန်းကြီးစွာ ရှာစားရသူတွေလေ။ ဒါပေမယ့်ခင်ခင်ကြီးကို သိပ်ချစ်တော့ အလိုလိုက်တယ်၊ အကြိုက်ဆောင်တယ်။*

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုယ်တိုင် အစုတ်ဝတ်ပြီး ခင်ခင်ကြီးကို အလှဆုံး ဝတ်ဆင်စေတာ။ ခင်ခင်ကြီးကို ကြည့်ပြီး ဘယ်သူကမှ ဆင်းရဲတဲ့ မိဘနှစ်ပါးက မွေးတဲ့သမီးလို့ပြောမှာမဟုတ်ဘူး။

ခင်ခင်ကြီးက အပျံစားဝတ်ပြီး ကြော့ကြော့ကလေးနေတာ။ မသိရင် သူဌေးသမီးပဲ။ ဒီလိုဝတ်၊ ဒီလိုနေနိုင်လို့ ခင်ခင်ကြီးဟာ ပိုက်ဆံရှိ သားသမီးတွေကြားမှာ လူရာဝင်နေတာလေ။

အင်း ပြောလက်စမို့သာ ပြောရမှာ ရှက်တော့ရှက်သား ဆရာရေ။ ကဲပါလေ၊ ရှက်ရှက်နဲ့ပဲ ပြောရတော့မှာပေါ့။

ပန်းတို့သည် ရေမြေလိုက်လို့ အရောင်ပြောင်းသည်လို့ ပြောမလား၊ ပြောရရင် သူတို့နဲ့ပေါင်းရင်း ဘဝကိုမေ့လာတယ်၊ ငါဆိုတဲ့ အတ္တတွေ ဝင်လာတယ်။

ငါ ဒီအသိုက်အဝန်းမှာ ဝင်ဆန့်လာပြီ။ ဒီတိုင်းဆို ငါ အထက်တန်းစားပဲဖြစ်ရမယ်။ အောက်တန်းစား ဥာဉ်တွေ ဖျောက်ရမယ်။ အဆင့်နိမ့်နေတာတို့ ကိုယ်နဲ့အဆင့်ကွာတဲ့ သူတွေနဲ့ ပေါင်းတာကို ရှောင်ရမယ် ဘာညာပေါ့ဆရာရယ်။ ဒီလို အတွေးဆိုးတွေတွေးရင်း ကိုယ့်ကိုယ်ကိုယ်ထင်တစ်လုံးနဲ့ စိတ်ကြီးဝင်လာတယ်။

ကိုယ်နဲ့ဘဝတူတွေကိုရှောင်တတ်လာတယ်။ ဆက်ဆံရင်လည်း မတူသလို၊ မတန်သလိုနဲ့ပေါ့။

ဒီလို နေလာဖန်များတော့ ဘဝတူတွေကလည်း ကြဉ်လာတယ်။

မှတ်မိသေးတယ် ဆရာ။

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီး အပျိုမက ပြပြပြင်ပြင်နဲ့ ခေတ်မီမီ ဆင်ယင်လာတော့ စိတ်ဝင်စားသူ များလာတယ်။ စိတ်ဝင်စားသူတွေထဲမှာ ဘဝတူတွေလည်း ပါတယ်။

'ခင်ခင်ကြီးကို ကျုပ်ချစ်တယ်'

လို့ ဆိုလာတယ်။

ခင်ခင်ကြီး ရယ်လိုက်တယ်။

'ကိုယ်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦးလေ၊ အမဲရိုးက ဟင်းအိုးမှ အားမနာရှင်'

လို့လည်း မထောက်မညှာ ပြောတတ်လာတယ်။

'ခင်ခင်ကြီးရယ် တို့က ဘဝတူပါ'

'ဘာ ... ဘာပြောတယ်၊ ဒီမှာ ရှင် ခင်ခင်ကြီးကို တန်းလာညှိနေတာလား၊ ဟင်း... ဟင်း... လာလာချည်သေး'

ခင်ခင်ကြီး မလိမ်ချင်ဘူးဆရာ။ ခင်ခင်ကြီး 'လူမလိုင်' လို့ ခေါ်တဲ့ လူတန်းစားကြားမှာ ဝင်ဆန့်လာတာများတော့ အောက်ကို ငုံ့မကြည့်ချင်ဘူး။ ငါ အောက်တန်းစား မယားမဖြစ်စေရဘူးလို့ မသိစိတ်က ကြိမ်းဝါးလာတယ်။

ဒါကြောင့် တချို့က ခင်ခင်ကြီးကို 'မဗျိုင်း' လို့ပြောတယ်။ ဂရုမစိုက်ပါဘူး၊ ပြောကြ၊ ပြောကြ၊ ခင်ခင်ကြီးကတော့ မလျှော့နိုင်ဘူး။

ပြောလို့ပြောတာမဟုတ်ဘူးဆရာ။ ခင်ခင်ကြီးကို သူတို့ အသိုက်အဝန်းက လူပျိုတွေကလည်း အရေးပေးတယ်။ ခင်ခင်ကြီးမှ ခင်ခင်ကြီးပဲ။

အဆိုးဆုံးက 'ရဲမြင့်။'

www.burmeseclassic.com

www.burmeseclassic.com

၈၆ * အောင်မြတ်ဦး

ရဲမြင့်အဖေက စတိုးဆိုင်ပိုင်ရှင်ကြီးလေ။ တိုက်နဲ့ကားနဲ့နေတာ။ သူ့အချစ်ကိုရတော့ ခင်ခင်ကြီး ပျော်လိုက်တာ။ စားအတူသွားအတူ။ သူကလည်းခင်ခင်ကြီးကိုပြောတယ်။ ကရုဝိတ်လား၊ အင်လျားလိတ်လားတဲ့။ သကာဆမ်းထားတဲ့ စကားတွေလေ။

တကယ်ကို ကြည်နူးစရာကောင်းတာ။ ဒါပေမယ့် ကြည်နူးမှုဟာ သိပ်မကြာပါဘူး ဆရာ။ ခင်ခင်ကြီးနဲ့သူ … ချစ်ရည်မှုလို့ မကြာခင် သူလိုချင်တာ ရပြီးတော့…

ရဲမြင့် အင်းလျားလိတ်မှာဆရာဝန်မလေးနဲ့ လက်ထပ်သွားတယ်လေ။

ဆရာရယ် ခင်ခင်ကြီး မရှက်ပါဘူး။ ခုတော့ ခင်ခင်ကြီး ပိုင်ဆိုင်လိုက်ရတာက သောကနဲ့ ရဲမြင့်ရဲ့ နှလုံးသွေးတစ်ဝက်နဲ့ ဖွဲ့နှောင်ခဲ့တဲ့သန္ဓေသား။ ပြောရရင် ဒါဟာ စိတ်ကြီးဝင်ခြင်းရဲ့ ရလဒ်ပဲဆရာ။

## ၁။ အထင်ကြီးစိတ် (သို့မဟုတ်) သူဌေးကတော် အခေါ်ခံချင်တဲ့ မြနှင်းသက်

ပြောချင်တာ ပြောကြလေ။ မြနှင်းတို့က လှုလိုက်ချင့်လိုက်တာပဲ။ မြနှင်းတို့ ဆင်းရဲတယ်၊ ချို့တဲ့တယ်။ မပြည့်စုံဘူး။ ဒီတော့ သူဌေးကတော်လို့ အခေါ်ခံချင်တာ ဆန်းသလား။

ပြီးတော့ လောကမှာရှိတဲ့ လူတိုင်းဟာ မဟာဝင့်မတာ၊

www.burmeseclassic.com



မကြောင့်မကြနေချင်ကြတာချည်းပဲ။ မြနှင်းလည်း လူပဲ ဥစ္စာ။

နောက်တစ်ခု ရှိသေးတယ်၊ မြနှင်းဘဝလေ။ မြနှင်းက လေးတန်းအထိပဲ ပညာသင်ဖူးတာ၊ လေးတန်းအောင် တယ်ဆို ကျောင်းထွက်လိုက်ရတာ၊ ကျောင်းနေရမယ့် အရွယ်မှာ အလုပ်ခွင်ဝင်လိုက်ရတာ။

မြနှင်းဘဝက ခက်ခဲပင်ပန်းစွာ ရုန်းကန်ရတဲ့ ဘဝ။ မြနှင်း စိတ်မပျက်ပါဘူး။ ခက်တာက မြနှင်း အသက်၁၃၊၁၅ လောက်မှာ ပြဿနာဖြစ်လာတာ။ အပျိုဘော်ဝင်လာပြီး ခန္ဓာကိုယ် အချိုးအဆစ်တွေလည်း ပြောင်းလာတယ်။ အဟုတ်ပြောတာ။ မြနှင်း ကိုယ်ကာယအလှသင်တန်း လည်း မတက်ဖူးဘူး။

ထင်းခွေ၊ ရေခပ်၊ အုတ်သယ်၊ အလုပ်တွေကို လုပ်ရင်း မြနှင်း ခန္ဓာကိုယ် အချိုးအဆစ်တွေ ပြောင်းလာတယ်။

'ဒီကလေးမကို သေသေချာချာ ပြင်ဆင်ပေးလိုက်ရင် သိပ်ချောလာမှာ'

မြနှင်းကိုကြည့်ပြီး ဒီလိုပြောကြသူတွေ အများကြီးရယ်။ ဒီတော့လည်း မြနှင်း နေကြည့်ချင်လာတယ်။ ပြောရရင် ဒီအချိန်မှာ ကိုစိုင်းနဲ့တွေ့ရတာ။

ကိုစိုင်းဆိုတာ မြနှင်းတို့ခေါ်တဲ့အမည်ပါ။ သူ့အမည် အပြည့်အစုံက ကိုင်းအောင်တင့်တဲ့။ ကိုစိုင်းဟာ ရုပ်ရည် ချောမောတယ်။ စကားလည်း ချိုတယ်။ ဝတ်လိုက်စား လိုက်တာလည်း တကယ့်အပျံစားချည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုင်းကို သဘောကျသူဆိုလည်း များပ။ တကယ်ပြောတာ။ မြနှင်းလည်း သဘောကျတာပဲ။ ဒါပေမယ့် မမှန်းဝံ့ပါဘူးလေ။ မြနှင်းက ဆင်းရဲတယ်။ ကိုစိုင်းက သူဌေးသား။ မိုးနဲ့ မြေ။

ပြောလို့ ပြောတာ မဟုတ်ဘူး။ ကိုစိုင်းက မြနှင်းကို အလေးပေးလာတော့ ဝမ်းသာလိုက်တာ။

'ချစ်တယ်၊ အစ်ကို မြနှင်းကို ချစ်တယ်'

လို့ ပြောတော့ ဘာဖြေရမှန်းတောင် မသိဘူး။ ရင်ထဲမှာ ပျော်လိုက်ရတာ။

'ရှင်...'

တအံ့တသြနဲ့ ကြည့်မိတယ်။

'ဘာလဲ မင်းအံ့သြနေလား၊ ဘာ အံ့သြစရာလဲကွ၊ မင်းက ချစ်စရာကောင်းတယ်၊ အစ်ကိုက ချစ်တယ်၊ ကဲ ဘယ်လိုလဲ'

'မြနှင်း ... မြနှင်း ဘာပြောရမလဲ အစ်ကိုရယ် မြနှင်း မစဉ်းစားဝံ့ပါဘူး'

'ဘာဆိုင်လဲကွ၊ အစ်ကိုက မင်းကိုချစ်တယ်၊ ဒါပဲ၊ အချစ်မှာ အဆင့်အလွှာမရှိဘူး၊ မင်း အစ်ကိုကို့ချစ်တယ် မဟုတ်လား၊ အစ်ကို မင်းကိုယူမယ်'

မြနှင်း အံ့သြတယ်၊ ဝမ်းသာတယ်။ မြနှင်းကိုယ် မြနှင်း ကံဇာတာ စန်းပွင့်တက်လာပြီလို့ ထင်တယ်လေ။ ကိုစိုင်းက သူဌေးသားပဲ။ အစ်ကိုနဲ့ယူလိုက်ရင် မြနှင်းဘဝ တစ်မျိုး ပြောင်းသွားပြီလို့ ယူဆထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း မြနှင်း သူ့ဆန္ဒကို လိုက်လျောခဲ့တယ်။ သူ့ အလိုကျ ဖြစ်စေခဲ့တယ်။

'မြနှင်း ဘာမှအားမငယ်နဲ့နော်၊ အစ်ကို့ မိဘတွေကို နားလည်အောင် ပြောပြမယ်၊ အားလုံးအဲဆင်ပြေသွားရင် မြနှင်းအတွက် ဘာမှမလိုတော့ဘူး'

ဒီတုန်းက... အဆင်မပြေရင် ဆိုတာကို မတွေးခဲ့ဘူး။ ယုံတာကိုး။ ယုံလို့လည်း ပုံခဲ့တာပဲ။

ခက်တာက ပုံခဲ့ပြီးမှ သောကဆိုတာ တွေ့ရတာလေ။

တစ်နေ့ အိမ်ကို အမျိုးသမီးတစ်ဦး ရောက်လာတယ်။ အစက ဘယ်သူမှန်းမသိဘူး။ သိတော့ စိုးကြောက်မှုနှင့် အတူ ယူကြုံးမရ ဖြစ်ရပြီလေ။

ရောက်လာတဲ့ အမျိုးသမီးက ကိုစိုင်းဇနီးလေ။ မယား ကြီးဆိုတော့ မြနှင်းဟာ... မြနှင်းဟာ...။ ကံကောင်းတာ က ကိုစိုင်းမယားကြီးက မိန်းမပီသတာပဲ။

'မမ မင်းကို အထူးအထွေမပြောချင်ဘူး၊ မင်းဟာ စိုင်း ရဲ့ ဒုတိယသားကောင်ပဲ၊ မင်းအတွက် အချိန်ရှိပါသေးတယ် ကွယ်၊ မင်းကို မမ သနားတယ်၊ မင်း ထွက်ပေါက်ရှိရင် ပြေးတော့၊ မင်း သိပ်မနစ်နာသေးဘူး မဟုတ်လား'

မြနှင်း ဘာပြောရမလဲ၊ ပြောလည်းမပြောချင်တော့ဘူး။ ကိုစိုင်းကို အထင်ကြီးခဲ့မိတဲ့ မြနှင်းအတွက် ရလဒ်က ဘာလဲ... ။

မြနှင်း နောက်တစ်လှမ်းဆုတ်ရင်း မငိုပြီး ပြုံးလိုက် တယ်။ မြနှင်း နစ်နာခဲ့ပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



'မြနှင်း အပျိုရည် ပျက်ခဲ့ပြီ ....'
'မြနှင်း အပျိုရည် ပျက်ခဲ့ပြီ ....'

၈။ မျက်နှာများခြင်း (သို့မဟုတ်)
အသည်းတစ်ရာ အကြင်နာ တစ် ဆိုတဲ့ ဝေဝေ

ကျွန်မ သိပ်တော့မပြောချင်ဘူးဆရာ။ လိုရင်းပဲ ပြောချင်တယ်။ ကျွန်မ အတွေးများကို ရင်ဝယ်ပိုက်ခဲ့မိလို့ပဲ ပြောရမှာ။ အဲဒီလိုပဲ ဆရာက တစ်ဆင့် မိန်းကလေးတွေကို ပြောပေးပါ။ မျက်နှာမများကြနဲ့။ သစ္စာထားကြ လို့လေ။

တကယ်တော့ ကျွန်မ ရည်းစားတွေ ထည်လဲထားတာ မျက်နှာများချင်လို့မဟုတ်တာ အမှန်ပဲ။ ဆရာ မရယ်နဲ့နော်။ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ခေါင်းခေါက်ရွေး ဆိုတဲ့စကားကို ယုံစားလို့လေ။

ရှုးတာမဟုတ်ဘူး ဆရာ၊ ကိုယ့်ကိုကြင်နာတဲ့သူကို ရွေးချင်လို့ ရည်းစားများများထားခဲ့တာ။ ခုတော့ ထင်သလို ဖြစ်မလာဘူးလေ။

ကိုသန်းမြင့်ကို ဝေဝေ အမြစ်မမြင်ပါဘူး။

တကယ်တော့ ကျွန်မက စပြီး ရည်းဖောက်ခဲ့တာပဲ။ အစက ကိုသန်းမြင့် ကျွန်မကိုချစ်တာ အမှန်ပဲ။ ချစ်သူကို ကျွန်မ သစ္စာဖောက်ခဲ့တာပဲ။ ကိုသန်းမြင့်လက်ထဲက ကျွန်မ ရည်းစားတစ်ယောက်ပြီးတစ်ယောက် ထားခဲ့တာ။

ဒုတိယတစ်ကျော့ ကိုသန်းမြင့်ရောက်လာတော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းမြင့်ကို ယုံနေပြီ။ ဒါကြောင့်လည်း ကိုသန်းမြင့်ကို ကျွန်မပုံခဲ့တာ။ သူခေါ်ရာ ပါခဲ့တာ။

ဒါပေမယ့် ဒီတစ်ခါတော့ ကိုသန်းမြင့်က ကျွန်မကို အငိုးထားခဲ့ပြီ။ ကျွန်မက သစ္စာပျက်ခဲ့တယ်၊ သူက ဟန်ဆောင်ခဲ့တယ်။

ခုတော့… ခံရသူက ကျွန်မလေ။

ကျွန်မ ချစ်သူပစ်မလေး ဖြစ်နေပြီ။

'ကာလ ဝိဘက် တံကောက်တက်'လို့ ဆိုမလား… ။ ခုတော့ ဝေဝေဆိုတာ၊ လူတစ်ပတ်နွမ်း လင်ပစ်မလေးဖြစ်နေပြီ။

ကျွန်မတော့ တစ်ခုပဲပြောချင်တယ်ဆရာ။

'မျက်နှာများသူတို့ရဲ့ ရလဒ်ဟာ ဒါပဲရှင့်'လို့လေ။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၀ ]

## မိဘမဲ့ကျောင်း မလောင်ခင်တား (သို့မဟုတ်) အချစ်သည် ကစားစရာမဟုတ်

ကျွန်တော်သည် အပျိုမလေးတွေအတွက် စာတစ်ပုဒ်ရေးရန် အပျိုမလေးများအား အနီးကပ်လေ့လာခဲ့သလို သူတို့ကလေးများ၏ ပြုမူလုပ်ကိုင်မှုများကိုတွေ့ရသောအခါ ကျွန်တော် ရင်တုန်ပန်းတုန်ဖြစ်ရသည်။

အဘယ်ကြောင့်ဆိုသော် ဒီကနေ့ မိန်းမပျိုလေးများသည် အလွန်သတ္တိကောင်းကြသောကြောင့် ဖြစ်သည်။ အပျိုရိုင်းကလေးများ ပီပီ စိတ်ရိုင်းတွေပင် ဝင်နေကြလေရော့သလား။ ဒီကနေ့ လမ်းပေါ်မှာ ရုပ်ရှင်ရုံတွေမှာ၊ ပန်းခြံတွေမှာ အတွဲကလေး များစွာကို မြင်ရ၏။ မြင်ရသည့် အတွဲကလေးများထဲတွင် မိန်းကလေးအများစုသည် ၁၅၊ ၁၆ နှစ်အရွယ်အရွယ်များက များသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အချစ်ကိုခံစားမှု၊ ထိတွေ့ပုံများက ရဲတင်းလွန်းလှသည်ဟု ထင်သည်။

အချစ်ကို ကစားစရာဟု ထင်နေရှာသလား... ။

✡

မြတ်မြတ်ဆွေ၏ အသက်သည် ၁၆နှစ်သာ ရှိသေးသော်လည်း အရွယ်နှင့်မလိုက်အောင် ဖွံ့ထွားသည်။ ပြင်သည့် ဆင်သည့်နေရာတွင်လည်း မင်းသမီးရှုံးလောက်သည်။ မြတ်မြတ်ဆွေသည် ဟန်ပန်မှင်မောင်းကလည်း ကောင်းပ။

ပြီးတော့ မြတ်မြတ်ဆွေသည် အရွယ်ငယ်သော်လည်းရည်းစားသနာထားရာတွင် စံပြုလောက်ရဲ့။ ဟော တစ်ယောက်၊ ဟော ကစ်ယောက်တွဲသည်။

*'ဆွေတို့ကတော့ ရှင်းရှင်းပဲ၊ ဘယ်သူ့ကိုမှ မခိုက်ဘူး။ တွဲမယ်၊ မတွဲချင်ရင် ဂျောင်းပဲ၊ ယောကျ်ားဆိုတာ စွဲလမ်းရမယ့်သူမဟုတ်ဘူး၊ ဆွေတို့ အသည်းကလည်း မာမာပဲ'*

ဟူသည်ကား သူ့ လက်သုံးစကား။

လောကတွင် မြတ်မြတ်ဆွေလို အတွေးမှားများ ငုပ်နေသူ အပျိုရိုင်းလေးများ ဘယ်လောက်ရှိမလဲ။ စင်စစ် ဤအတွေးမျိုးသည် ဒုက္ခကို ဖိတ်ခေါ်သည့် အတွေးမျိုးသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လောကတွင် အသည်းမာသည့် ယောက်ျားပညာသည် များစွာ ရှိသည်။

ဤလို ယောက်ျားမျိုးနှင့်တွေ့လျှင် အပျိုမမြတ်မြတ်ဆွေ အသည်းမာနိုင်ပါ့မလား… ။

✡

တစ်ခါက ကျွန်တော်မိတ်ဆွေတစ်ဦး၏ အကူအညီနှင့် မိန်းကလေးတစ်ဦးကို တွေ့ရသည်။ အမည်ကိုမူ မပြောလိုတော့ပါ။ အကြောင်းကြောင်းကြောင့် သိုဝှက်ထားချင်သည်။ အဘယ့်ကြောင့်ဆိုသော် သူကလေးက အတွေးမှားကြောင့် ဒုက္ခပင်လယ်ဝေနေသူ။

သူ၏ ပြန်လည်ပြောပြချက်များက သင်ခန်းစာယူစရာမို့တင်ပြလို၏။ သူ ပြောပြချက်များက အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာက မေးလို့သာ ပြောရမှာ၊ ပြောတော့ မပြောချင်ဘူး၊ ပြီးတော့ ပြောလည်းပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မအကြောင်းကို သင်ခန်းစာယူတတ်ရင် ကျွန်မလို မဖြစ်ကြတော့ဘူးလေ။

ဟုတ်တယ်ဆရာ။ ပြောရရင် ကျွန်မဟာ အချစ်ကို ပေါ့ပေါ့တွေးတာ အမှန်ပဲ။ ကျွန်မကို ချစ်ရေးဆိုလာရင် ကျွန်မက ချစ်လိုက်တာပဲ။ အချစ်ဆိုတာကလည်း ကုန်ခမ်းနိုင်တဲ့ အရာမဟုတ်ဘူးလေ။ ချစ်လိုက်လို့ ပွန်းပဲ့သွားတာလည်း မဟုတ်ဘူး။

ချစ်သောသူနဲ့ တွဲသွား တွဲလာရတာကလည်း ခံစားမှုတစ်မျိုးပဲ။ အပျိုစင်ဘဝမှာပဲ အချစ်ကို ရေလဲသုံးနိုင်တယ်လို့ ခံယူခဲ့တာ။ တကယ်တော့ ဒါ အမှားပဲ။

ချစ်တယ်ဆိုရင် ကျွန်မပျော်တယ်။အပေါင်းအသင်းတွေကြားမှာ စန်းပွင့်လွန်းသူအဖြစ်လည်း ကျွန်မဂုဏ်ယူတယ်။ ငါ သူနဲ့ ဘယ်ရောက်ခဲ့တယ်၊ သူက ငါ့ကိုဆို ကြွေနေတာပဲ ငါ လက်ညှိုးညွှန်ရင် ဖြစ်တာပဲလို့ ပြောလိုက်ရတာ အမော။ တစ်ယောက်ကို ဖြတ်လိုက်လို့ အပေါင်းအသင်းတွေက မေးရင် 'အချစ်ကုန်ဆုံးသွားပြီလေ၊ ငါ့အတွက် အချစ်သစ်တွေက အမြဲဝေနေတာပဲ'လို့ ပြောရတာကိုပဲ ကျေနပ်တယ်။

ပြောရရင် ကျွန်မရဲ့ အခုအဖြစ်က အချစ်သစ်ရှာရင်း

www.burmeseclassic.com

www.burmeseclassic.com



*နစ်ရတဲ့အဖြစ်ဆရာရဲ့။ အချစ်သစ်တွေဟာ ပျော်ရွှင်စေတဲ့ နှလုံးသားပုံရိပ်တွေလို့ ထင်ခဲ့တဲ့ကျွန်မကို အထင်မှား ကြောင်း ပြလိုက်တဲ့ ပြယုဂ်ပဲလေ။*

*ကျွန်မ အခုလို စော်ကားခံလိုက်ရတာက အချစ်သစ်နဲ့ ပျော်မွေ့ချင်တဲ့ ဆန္ဒကြောင့်ပဲ၊ အချစ်ဆိုတာ ကစားစရာ၊ အပျော်သတ်မှတ်စရာ မဟုတ်ဘူးဆိုတာ သိတော့ နှောင်း နေပြီလေ။ ဝမ်းနည်းစရာပေါ့ ဆရာရယ်။*

✡

အပျိုမလေးများစွာက အချစ်သစ်များနှင့် ပျော်မွေ့ခြင်းကို စန်းပွင့်မှုဂုဏ်ဟု ထင်နေကြသည်။ စင်စစ်မူ ဂုဏ်မဟုတ်ပေ။ ဤ ကဲ့သို့ပင် စန်းပွင့်ခြင်းသည် ဒုက္ခ၏ နိမိတ်ပုံဖြစ်သည်ကို နားလည်ထား သင့်၏။

အဘယ်ကြောင့်ဆိုသော် မိန်းကလေးများသည် ယောကျ်ားကလေးများစွာ၏ အချစ်ကို ခံယူနေရခြင်းအား ဂုဏ်ဟု ထင်မှတ်နေ ကြသောကြောင့်ပင်။ မိန်းကလေးများဘက်မှ ယောကျ်ားကလေးများ ၏ အချစ်ကို ခံစားရခြင်းသည် ဂုဏ်ဖြစ်ကောင်းဖြစ်မည်။ သို့သော် ယောကျ်ားကလေးများ၏ အတွင်းစိတ်အမှန်ကို သိလျှင်ကား ဂုဏ်ယူ ကြလိမ့်မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



## ရည်စားများသော မိန်းကလေးများနှင့် ယောက်ျားလေးများ၏ သဘောထား

ယောက်ျားဆိုသော သတ္တဝါသည် ကိုယ်ကိုယ်တိုင် ရည်းစားများကောင်း များမည်။ ကိုယ်ထာဝရလက်တွဲမည်ဟု ကြံရွယ်ထားသော မိန်းကလေးကိုကား တည်ကြည်၍ သစ္စာကြီးသောသူဖြစ်စေချင်သည်၊ ဖြစ်ရမည်ဟု သတ်မှတ်သည်။

ရည်စားများသော မိန်းကလေးများအား အထင်ကြီးသည့် အလေ့အထမရှိ။ ကိုယ်တိုင်ချစ်သော်လည်း ကိုယ့်အချစ်ကို ဟန်ရိုး မထားလျှင် အငြိုးထားသည့် အလေ့အထရှိသည်။

ယောက်ျားသည် ကျားသတ္တဝါဖြစ်သလို ကျားစိတ်ရှိသည်။ ဖြတ်သွားသော မိန်းကလေးအား ကြည့်ကာ ပြောကြသည့်စကားကို တင်ပြလိုသည်။

တစ်ဦးက

"ဟာ… ဟို မိန်းကလေးက ချောတယ်နော်… "

ဟုပြောသည်။ တစ်ဦးက …

"သူလား၊ သူက အချစ်ပဒေသာပင်ကြီးလေ၊ မင်း ခူးချင်လား စဉ်းစားနော်၊ အညွန့်အဖူးလေးတွေ ကုန်ပြီ၊ ဘာလဲ၊ မင်း ကြွက်ဖျင်း ဂိုဏ်းဝင်ချင်လို့လား"

ဟု ပြန်ပြောသည်။

ဒါက ယောက်ျားတို့ သဘာဝပင်။ ယောက်ျားတစ်ချို့သည် အခွင့်ရလျှင် ဆန့်ကျင်ဘက်လိင်တို့အား ကိုယ်ထိလက်ရောင်ကျူးလွန် ချင်သည်။ သို့မဟုတ်လျှင်ကား ပါးစပ်အရသာခံတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် မိန်းကလေးအနေနှင့် ဘယ်သို့ရှိမည်နည်း။

စင်စစ်တော့မူ မိန်းကလေးဟူသည် အရှုံးဘက်က လူသားများဖြစ်၏။ 'ဖက်'နှင့် ပမာတူသည်။ အချွန်ပေါ်ကျလည်း ပေါက်တတ်သည်။ အချွန်က ကျလည်း ပေါက်တတ်၏။

ထို့ကြောင့် စောင့်စည်းရမည်။ အချစ်ကို တန်ဖိုးထားရမည်။

အချစ်သည် ကစားစရာမဟုတ်သလို မီးကို မလောင်ခင်က တားရမည်ဟု သတိပေးချင်ပေသည်။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၁ ]

## မိန်းမလှ ပန်းပန်၊ တစ်ပွင့်တန်

မိန်းမလှပန်းပန် တစ်ပွင့်တန် ဆိုသောစကားသည် ရှေးလူကြီးများ၏ ဆိုစကားသာဖြစ်သည်။ အဓိပ္ပါယ်က မိန်းမဟူသည် သစ္စာတရားလက်ကိုင်ထားရမည်။ သို့မှသာ မိန်းမမြတ်ဖြစ်မည်ဟု ဆိုထားခဲ့ခြင်းသာဖြစ်၏။

မှန်သည်။ မိန်းမတစ်ယောက်သည် ရုပ်ဆိုးသူဖြစ်စေ၊ ရုပ်လှသူဖြစ်စေ ပန်းကိုတစ်ပွင့်တည်းပန်မှသာ ယဉ်စစနှင့် အလှပိုသည်ဖြစ်သည်။ တစ်ခေါင်းလုံးအပြည့် ပန်ထားလျှင်ကား အရူးဟုသာ ခေါ်မည်တည်း။

ဤကဲ့သို့ပင် ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ မိန်းကလေးများအဖို့ တစ်ယောက်ကိုတစ်ယောက် တန်ဖိုးထားကာ ချစ်တတ်ရန် အထူး လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါင်းလုံး ပန်းဝေအောင်ပန်က အရွှးလို့ခေါ်ကြမည်ဖြစ်သလို မည်မျှ လှပသောသူဖြစ်စေ သစ္စာတရားကို အမိက မထားဘဲရှိလျှင် မည်သူမျှ အထင်ကြီးကြလိမ့်မည် မဟုတ်။ ဒါကို အပျိုမလေးများ နားလည်ထားသင့်သည်။

ရှေးရှေးက ချစ်သူများ တစ်ဦးကိုတစ်ဦး သုံးနှစ်သုံးမိုး စောင့်စားချစ်ကြခြင်းသည် သစ္စာတရား၏ ပြယုဂ်ဟုဆိုလျှင် မမှားချေ။

ဒီနေ့ခေတ်ကာလ အပျိုမလေးများကမူ သဘောကျနိုင်ပါစ။

တစ်ခါက မိတ်ဆွေ၏အိမ်တွင် မိတ်ဆွေနှင့်စကားပြောရင်း ရှေးရှေးခေတ် သုံးနှစ်သုံးမိုး သစ္စာရှိရှိချစ်ကြပုံသို့ ရောက်သွားစဉ် မိတ်ဆွေ၏တူမ အပျိုမလေးက...

'သုံးနှစ်သုံးမိုးတောင် စောင့်စားချစ်နေကြတယ်ဆိုတော့ ဖျင်းစရာကြီးဖြစ်နေမှာပေါ့...'

ဟု ပြောသည်။ ကျွန်တော်က

'သစ္စာခိုင်မြဲမှုကို ရှာတဲ့ နေရာမှာတော့ ထိုက်တန်တဲ့ဒုက္ခရှိမှာပေါ့'

ဟု ပြန်ပြောသည်။

အပျိုမက

'သမီးကတော့ ဒီကျင့်သုံးမှုဟာ ခေတ်နောက်ကျသွားပြီ ထင်တယ်'

'ခေတ်နောက်မကျဘူး သမီး၊ ဒီစနစ်ဟာ ဘယ်ခေတ် ဘယ်အခါမှာဖြစ်ဖြစ် အသုံးဝင်နေသလို ကျင့်သုံးနေသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလို သစ္စာခိုင်ခိုင် ချစ်နိုင်ခြင်းဟာ ထာဝရလက်တွဲဖော်

www.burmeseclassic.com

www.burmeseclassic.com



တွေအတွက် အလိုအပ်ဆုံးပဲ၊ အဲဒီလို ရက်ရှည်လကြာ ချစ်လာတာနဲ့ အမျှ တစ်ယောက်အမှားကို တစ်ယောက်မြင်တယ်၊ ပြုပြင်သင့်တာကို ညှိနှိုင်း ပြုပြင်နိုင်တယ်'

ဟု ကျွန်တော်က ပြောလိုက်ပြီး စကားရပ်လိုက်လျှင် သူငယ်ချင်းက ဆက်၍ပြောလေသည်။

'ဟုတ်တယ် သမီး၊ တကယ်တော့ ဖေဖေတို့ အခုလို သာယာတဲ့အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်နိုင်တာဟာ တစ်ယောက်ကို တစ်ယောက် နှစ်ရှည်လများ သစ္စာနိုင်ခိုင်နဲ့ ချစ်လာကြလို့ပဲ၊ လူတိုင်း မလွဲမသွေ ရင်ဆိုင်တွေ့ရမယ့် အိမ်ထောင်ရေးခရီးမှာ သာယာချမ်းမြေ့စေဖို့အတွက် သစ္စာတရားဟာ ဆင်မြန်းသင့်ဆုံး လည်ဆွဲရတနာပဲ ကွယ့်'

ဟု ပြောသည်။

မှန်သည်။ သစ္စာတရားဆိုသည်မှာ လူတိုင်းဆင်မြန်းသင့်သည့် ရတနာဖြစ်သလို၊ မိန်းမများအတွက် အလိုအပ်ဆုံးဖြစ်သည်ကို မိန်းမပျို ကလေးများ၊ သိထားသင့်သည်။

✡

www.burmeseclassic.com

www.burmeseclassic.com



'ဘစ်ယောက်ဆို တစ်ယောက်တည်း တစ်ပွင့်တည်းပန်'ဆိုသောစကားသည် မိန်းကလေးတို့အတွက် အလိုအပ်ဆုံး ကျင့်သုံးသင့်သည့်အရာဖြစ်ပေသည်။ သစ္စာတရားကို ဦးထိပ်ထားတတ်သော စောင့်စည်းခြင်းနှင့် နေတတ်သော မိန်းမပျိုလေးများကို ဆန့်ကျင်ဘက်လိင်များက စိတ်ဝင်စားသည်။ လေးစားသည်။

မျက်နှာများတတ်သော မိန်းမပျိုလေးများ၊ သစ္စာတရားကို မျက်ကွယ်ပြုကာ စောင့်စည်းခြင်း ကင်းမဲ့သော မိန်းမပျိုလေးများ၏ အနာဂတ်နှင့် သူတို့နှင့်ပတ်သက်၍ ယောကျ်ားကလေးများ၏ သဘောထားကို တွေ့ရသောအခါ ရင်နင့်ရလေသည်။

မကြာမီလအတွင်းက ကျွန်တော့်မိတ်ဆွေ၏ သားကလေး မိန်းမယူသည်။ ယူသော မိန်းကလေးသည် ကျွန်တော်တို့ရပ်ကွက်မှဖြစ်ပြီး ရည်းစားများများထားတတ်သည့် မိန်းကလေးဖြစ်သည်။

တစ်နေ့ ကျွန်တော့်ထံသို့ မိတ်ဆွေဖြစ်သူ ခင်မောင်ရောက်လာသည်။ ကျွန်တော်က...

'မင်းတို့ ချွေးမချောရလို့ ပျော်နေကြတယ်မဟုတ်လား'

ဟု မေးလိုက်သည်။

သူက မဲ့၍

'မပျော်ပါဘူးကွာ၊ အိမ်က ချွေးကောင်ကို ပြောမရလို့ ထားရတာ၊ ငါတို့က သဘောတူတာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

'ဟာ ကောင်မလေးက မဆိုးပါဘူးကွ'

'ဘာ မဆိုးရမှာလဲ၊ မော်မော့်အကြောင်းကို မင်းအသိပဲ၊ လူတကာနဲ့ တွဲနေတာ၊ ယောက်ျားတွေနဲ့ နေရာတကာမှာ တွေ့နေတာ၊ ဘယ်လို ကြည်ဖြူနိုင်မှာလဲ'

ကျွန်တော်က

'လောကမှာ အရေးကြီးတာက ကိုယ့်လက်ထဲရောက်လာတဲ့ အခါမှာ ကောင်းဖို့ပါကွ၊ လူတစ်ယောက်အတွက် အရေးကြီးတာ အတိတ် မဟုတ်ပါဘူး၊ ပစ္စုပ္ပန်ပါ'

ကျွန်တော်က စိတ်မကောင်းစွာဖြင့် ရှင်းပြလိုက်သည်။

စင်စစ် မော်မော်မှာ ပြောသလောက်ဆိုးသည့် မိန်းကလေး တော့မဟုတ်ပေ။ သို့သော် ခင်မောင် ဘာကြောင့်ပြောသည်ကို ကျွန် တော်နားလည်သည်။

အမှန်တော့မူ မိန်းကလေးဘဝဆိုသည်က စောင့်စည်း ထိန်း သိမ်းနိုင်မှ တန်ကာကျသည့် ဘဝဖြစ်၏။ အစွန်းအထင်းတစ်ခုဖြစ်လျှင် လိုအပ်သည်ထက်ပို၍ အပြောခံရသည်မှာ ဓမ္မတာပင်ဖြစ်သည်။

သို့ဖြင့် တစ်နေ့ ကျွန်တော်နှင့် မော်မော်တို့လင်မယား ဆုံ ဆည်းကြသည်။ ကျွန်တော်နှင့်မော်မော်က စကတည်းက ခင်မင်ရင်းနှီး နေသဖြင့် ကျွန်တော်က

'မော်မော်၊ မင်းတို့ အဆင်ပြေကြရဲ့လား'

ဟု မေးလိုက်သည်။

မိတ်ဆွေ၏ သားက ...

'ဦးလည်း မေမေတို့အကြောင်း သိသားပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

မော်မော်က ...

'ဖေဖေတို့မှာ အပြစ်မရှိပါဘူး၊ မော်မော်ကလည်း အရင်က အနေမတတ်ခဲ့ဘူးကိုး၊ ဒီတော့ မော်မော်လည်း အနေအထိုင် အပြော အဆို ဆင်ခြင်နေတယ်လေ၊ တဖြည်းဖြည်းတော့ နားလည်လာကြမှာ ပါ၊ အချိန်တော့ စောင့်ရမှာပေါ့ ဦးရယ်'

ဟု ပြောရှာသည်။

ကျွန်တော် မော်မော့်စကားကို နားထောင်ရင်း သက်ပြင်းကို ချလိုက်မိသည်။ ဤကဲ့သို့ပင် အပျိုမလေးများအတွက် ဆင်ခြင်ရမည့် အချက်များကို စေတနာဖြင့် တင်ပြလိုက်ပါသည်။

ဤကား

၁။ အပျိုဘဝတွင် အနေအထိုင်ကျစ်လျစ်ရန် လိုအပ်ကြောင်း။

၂။ အပျိုဘဝက အနေအထိုင်မဆင်ခြင်မှုသည် အိမ်ထောင်သည် ဘဝအထိ အရိပ်လို ကပ်ပါလာတတ်ကြောင်း။

၃။ စောင့်စည်းခြင်း၊ အကျင့်သိက္ခာပြည့်စုံခြင်းသည် အနာဂတ် ဘဝအထိ ငြိမ်းအေးကြောင်း စသည်တို့သာ ဖြစ်သည်။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၂ ]

# ယောက်ျားကြိုက် အရည်အချင်း

အပျိုမလေးများသည် အပျိုဘော်ဝင်လာသည်နှင့် တစ်ပြိုင်နက် ဆန့်ကျင်ဘက် လူသားဟု ခေါ်ဆိုအပ်သည့် ယောက်ျားသားများ မိမိအား စိတ်ဝင်စားစေချင်ကြသည်။ ထိုသူများ၏အချစ်ကို ခံယူ၍ပြသည်။

တစ်ခါက ကျွန်တော့်ထံသို့ မိတ်ဆွေတစ်ဦး ရောက်လာသည်။ သူက

'ဆရာမြတ်နဲ့ ဆွေးနွေးစရာရှိလို့'

'ဘာများလဲကွ'

'ဆရာက မိန်းမအကြောင်း စာအုပ်တွေရေးပြီး အော[illegible]င်လာတော့ ဆရာ့ကို မိန်းမတွေနဲ့ပတ်သက်လို့ မေးရဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ငါ မိန်းမ စပါယ်ရှယ်လစ် မဟုတ်ဘူးနော်၊ သုတေသီတစ်ဦးပါ။ နေ့ဆောင်း သုတေသနပြုရသလောက် ပြန်ရေးပြတာ၊ ငါမသိတာ ရှိဦးမယ်'

ဟု ပြောသည်။ သူက

'ဒါတော့ ဆရာမြတ် သိမှာပါ'

'ဘာမို့လို့လဲ'

'မိန်းမတွေ ဘာကြောင့်အလှပြင်နေသလဲ'

'လှချင်လို့ပေါ့'

'မှန်တော့မှန်တယ်၊ အားလုံးမမှန်သေးဘူး'

'ဒါဖြင့် မင်း ပြောပါဦး'

'မိန်းကလေးတွေ အလှပြင်တာက လှချင်လို့သက်သက် မဟုတ်ဘူး ဆရာမြက်ရဲ့၊ ယောက်ျားတွေ သဘောကျလာအောင်လို့ ချစ်လာအောင်လို့ ဆရာရဲ့'

ကျွန်တော် သူ့စကားကို အင်မတန် သဘောကျသွားရလေသည်။

သူပြောသည်မှာ မမှားချေ။ အဘယ်ကြောင့်ဆိုသော မိန်းကလေးများ အကျအန အလှပြင်၍ လှပလာသည်ကို ယောက်ျားများက ဂရုထားပြီး စွဲမက်လာလျှင် ကျေနပ်ကြမည်မှာ အမှန်ပင်ဖြစ်လေသည်။

ရှေးရှေးကလည်းကပင် မိန်းမများသည် ယောက်ျားများ၏ နှစ်သက်ခြင်းနှင့် ဂရုစိုက်ခြင်းကို ခံယူချင်ကြသော သူများဖြစ်၏။

ပြောရလျှင် ယနေ့ အပျိုမလေးများ အလှဆုံးပြင်၊ အလှဆုံး ဝတ်ပြီး ကြာကလေးပေး၊ ဟန်ကလေး ထုတ်ကာ နေကြခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားများ၏ မြတ်နိုးနှစ်ခြိုက်ခြင်းကို ခံယူချင်ကြသောကြောင့်သာဖြစ်၏။

ဤသို့ဆိုလျှင် ယောက်ျားများ၏ စွဲမက်နှစ်ခြိုက်ခြင်းကို ခံရမည်လား။

ဤသို့ ...

၁။ အလှပြင်ခြင်း

၂။ ဝတ်ကောင်းစားလှ ဝတ်ခြင်း

၃။ ကြာပေးခြင်း

၄။ ဟန်မူရာ လုပ်ခြင်း

စသည့် ပြုလုပ်မှုများသည် အမှန်တကယ် ယောက်ျားများ စွဲမက်စေသော၊ ချစ်ကြိုက်စေသော အရည်အချင်းလား။

ဒါကို အပျိုမလေးများ ဆင်ခြင်သင့်ပေသည်။

## ယောက်ျားများပြောသော ယောက်ျားကြိုက်အရည်အချင်း

ယောက်ျားများ၏ ချစ်ကြိုက်မှုကို ယောက်ျားများထံမှသာ ရယူနိုင်သည်။ ထို့ကြောင့် ကျွန်တော် ယောက်ျားများနှင့်တွေ့ခဲ့သည်။ ယောက်ျားများ၏ လျှို့ဝှက်ထားသော မိန်းကလေးများနှင့် ပတ်သက်သည့် နှစ်ခြိုက်မှု အရည်အချင်းကို လေ့လာခဲ့သည်။

ထိုအခါ ယောက်ျားတို့ လျှို့ဝှက်ထားသော ယောက်ျားကြိုက် အရည်အချင်းကို သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်းကြယ်သည်ဟုမှ မဆိုသာပါ။

အင်မတန်ဆိုးသွမ်းသော လူဆိုးတစ်ဦးသည် သူ၏ရင်သွေးကို လိမ္မာသူ ဖြစ်စေလိုသည်။ ရုပ်ဆိုးသူက သူ့ရင်သွေးအား ရုပ်ရည်ချော မောသူ ဖြစ်စေလိုသည်။

ယောက်ျားတို့၏ သဘာဝသည်လည်း ဤသို့ပင် ဖြစ်လေ သည်။

## ချစ်သူရွေးချယ်မှုနှင့် ယောက်ျားတို့ သဘောထား

၁။ ယောက်ျားတို့သည် မည်မျှဆိုးရွားသူဖြစ်စေ၊ ကိုယ်ချစ်ရသူ ကိုယ်ရည်ရွယ်သူသည် လိမ္မာသူ ဖြစ်စေလိုသည်။

၂။ ယောက်ျားတို့သည် ကိုယ်တိုင် မည်မျှအရုပ်ဆိုးသူ ဖြစ်စေ၊ ကိုယ့်ချစ်သူ ကိုယ်ရည်ရွယ်သူအား လှပသူ ဖြစ်စေလိုသည်။

၃။ အစွန်းအထင်း ကင်းသူကို လိုလားသည်။

၄။ ကိုယ့်ကို ကြင်နာသူ ဖြစ်စေလိုသည်။

၅။ ဂုဏ်ရှိပြီး အဆင့်မြင့်သူ ဖြစ်စေလိုသည်။

ဤကား ယောက်ျားများ လိုလားသည့် အချက်များဖြစ်၏။ စင်စစ်တော့မူ မိန်းကလေးများအား အလိုရမ္မက်ကြီးသူဟာ ပြောကြ ဆိုကြသော်လည်း အမှန်ဆိုရလျှင် ယောက်ျားများသည် မိန်းမများထက် အလိုရမ္မက်ကြီးသည်ကို သတိချပ်ပါ။

ထို့ကြောင့် ....

www.burmeseclassic.com

www.burmeseclassic.com



အပျိုမလေးများအဖို့ –
၁။ ကိုယ့်ဂုဏ်၊ ကိုယ့်တန်ဖိုး တိုးမြှင့်ပေးပါ။
၂။ အနေအထိုင် ကျစ်လျစ်ပါစေ။
၃။ စောင့်စည်းခြင်းဖြင့် ဘဝကို အလှဆင်ပါ။
ဟု အကြံပြုလိုက်၏။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၃ ]

## သတိ (သို့မဟုတ်) အပျိုမလေးများ သတိထား

ကိစ္စတိုင်းအား အ ပေါ်ယံကြည့်လျှင် အပေါ်ယံသာ မြင်မည် ဖြစ်၏။ နှိုက်နှိုက်ချွတ်ချွတ် လေ့လာမှသာ တိတိကျကျမြင်မည်မှာ မမှားတာဖြစ်လေသည်။

ကျွန်တော်သည် စာရေးဆရာပီပီ သုတေသီမျက်လုံးနှင့် လေ့လာလိုက်သောအခါ မိန်းမများ၏ သာမန်မမြင်နိုင်သော ကိစ္စများကို မြင်တွေ့ရသလို အပျိုမလေးများ၏ အထူးဂရုပြုရမည့်ကိစ္စများကို မြင်တွေ့ရလေသည်။

ယနေ့ အပျိုမလေးများကို လေ့လာလိုက်သောအခါ သတိ

www.burmeseclassic.com

www.burmeseclassic.com



ထားရမည့် ကိစ္စများကို တွေ့ရ၏။ အပျိုမလေးများသည် အပျိုစိတ်၏ လှုံ့ဆော်မှု၊ သွေးသားလှုံ့ဆော်မှုများနှင့်အတူ သဘာဝကျင်ဘက်လိင်ဖြစ်သည့် ယောကျ်ားများ၏ စိတ်ဝင်စားမှု၊ မြတ်နိုးချစ်ခင် စွဲမက်မှုအတွက် စွမ်းဆောင်မှုများ ပြုလုပ်နေသော်လည်း ငါးစာသာမြင်၍ ငါးမြှားချိတ် မမြင်သော ငါးကဲ့သို့ ဖြစ်နေသည်ကို တွေ့ရ၏။

ငါးစာသာမြင်၍ ငါးမြှားချိတ်ကိုမမြင်လျှင် လူ၏ အစာသာ ဖြစ်ရမည်။

ဤကဲ့သို့ပင် မိန်းကလေးများသည် ယောကျ်ားကလေးများ စွဲမက်စေမှုအတွက် မလိုလားအပ်သော လိုက်လျောမှုပြုမိလျှင် မတွေးရဲပြီ။ မတွေးဝံ့စရာပင်။

## သတိ၊ ရန်သူရှိသည်

အပျိုမလေးများသည် ယောကျ်ားများ၏ စွဲမက်မြတ်နိုးမှုကို လိုလားကြသောကြောင့် အမျိုးမျိုးအလှပြင်ကြသည်။ အလှဆင်ကြသည်။ လှသဖြင့် ကြည့်ကောင်းအောင်ပြင်ဆင်ကြသဖြင့် ယောကျ်ားလေးများ၏ ချစ်ခင်မှုကို ရမည်။ သို့သော် ရရှိသော ချစ်ခင်မှုနှင့်အတူ အန္တရာယ်လည်း ရှိသည်ကို သတိချပ်ရပေမည်။

အဘယ်ကြောင့်ဆိုသော် ယောကျ်ားတိုင်းသည် စောင့်စည်းခြင်းမရှိကြ၊ သစ္စာမရှိကြ။

အကယ်၍ အပျိုမလေးများသည်

၁။ မစောင့်စည်းသူနှင့်တွေ့လျှင်

www.burmeseclassic.com

www.burmeseclassic.com



၂။ အခွင့်အရေးယူတတ်သူနှင့်တွေ့လျှင်...

ထို့ကြောင့် ...

အပျိုမလေးတိုင်းသည် ကိုယ့်ဘဝ ငြိမ်းချမ်းသာယာရေးအတွက် စည်းထားပါ။ ထိုစည်းက စောင့်စည်းခြင်းမည်သည့် စည်းသာဖြစ်သတည်း။

## အချစ်ကိုယုံ၊ ပုံပါနဲ့လုံးလုံး

'အချစ်'အကြောင်းကို မိန်းကလေးများ ပြောကြ၏။ သို့သော်အသေးအချာ လေ့လာကြည့်လိုက်လျှင် အပျိုမလေးများသည် အချစ်အကြောင်းကို ပြောနေကြသော်လည်း အချစ်အကြောင်းကို မသိကြသည်က များပါသည်။

စင်စစ်မူ အချစ်နယ်သည် ကျယ်လှ၏။ အထူးသဖြင့် ၁၅၀၀ မေတ္တာနယ်သည် ပို၍ကျယ်လှ၏။ ၅၂စသွယ် မေတ္တာဟုခေါ်သည့် မောင်ချစ်နှမချစ်၊ သားသမီးတို့အချစ်သည် ရိုးသားဖြူစင်သော်လည်း ၁၅၀၀ မေတ္တာဟူသည့် ချစ်သူနှင့် ချစ်သော အချစ်က တဏှာယုက်သန်းနေသည်။ ပရိယာယ်များ၏။ မာယာကြွယ်၏။

ဒါကိုတော့ အပျိုမလေးများ သိထားသင့်ပါသည်။ စင်စစ်မူယနေ့အခါတွင် ကြားနေရသည့် များစွာသော အပျိုမလေးများ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်း သတင်းများကို သုတေသနပြုလိုက်လျှင် မိန်းမပျိုကလေးများ အချစ်ကိုယုံလိုက်သောကြောင့် ဖြစ်သည်ဟု ကောက်ချက်ချမိပါသည်။

အချစ်ကို ယုံသင့်သလား။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကိုယုံ၍ ဘဝပုံသင့်သလား။

စဉ်းစားကြည့်ပါ။

## မယုံရသောသူများ

လောကတွင် အကောင်းရှိသလို အဆိုးလည်းရှိသည်။ ရိုးသားသူများရှိသလို မရိုးသားသူများလည်း ရှိလေသည်။ အပျိုမလေးများအဖို့ ရိုးသားသူနှင့်တွေ့လျှင် တန်ဖိုးရှိသော အပျိုဘဝ ခိုင်မြဲမည်ဖြစ်သော်လည်း မရိုးသားသူနှင့်တွေ့လျှင် တန်ဖိုးရှိသော အပျိုဘဝ ပျက်သုဉ်းရမည်မှာ မုချပင်ဖြစ်၏။

အပျိုမလေးများအဖို့ အချစ်ကိုယုံပြီး ပုံသည့်အပြုအမူများကို မပြုလုပ်သင့်သလို အပျိုမလေးများ အထူးသတိချပ်ရမည့် အချက်ကို တင်ပြလိုသည်။

စာရေးသူ တင်ပြမည်က အခြားမဟုတ်။

စားနေကျ ကြောင်ပါးကြီးများအကြောင်းပင် ဖြစ်သည်။

ထိုသူများက အခြားသူများမဟုတ်၊ အသက်အရွယ် **ကြီး**ရင့်သော လူကြီးများတည်း။ ထိုသူများက သိက္ခာ၊ သမာဓိ **အရေ**ကို ခြုံထားကြသည်။ အမှတ်တမဲ့ကြည့်လျှင် မခုတ်တတ်သည့် ကြောင်များနှင့်တူသည်။ သို့သော် စားနေကျ ကြောင်ပါးများ။ ဥပုသ်စောင့်သည်ဆိုသော ကျားများသာ။

ထိုသူများက

၁။ အပျိုမလေးများကိုတွေ့လျှင် သမာဓိရှိဟန်ဖြင့် "ကြည့်စမ်း တူမကြီးက လှလို့ ဝလို့ပါလား ..." ဟု ပြောမည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ထိပ်ပုတ်ခေါင်းပုတ် လုပ်မည်။

၃။ အပျိုမလေးများ နှစ်သက်သည့် ပစ္စည်းကို ဝယ်ပေးမည်။

၄။ အပျိုမလေးများကို ထိန်းသိမ်းဟန် ပြုမည်။

စင်စစ်မူ ထိုအပြုအမူများသည် ဟန်ဆောင်ပြုမူချက်များသာ ဖြစ်၏။ ဤသည်ကို အပျိုမလေးများ ယုံသဖြင့် ထိုလူကြီးများနှင့် လက်ပွန်းတတီးနေလျှင် ထိုလူကြီးများက စားနေကျ ကြောင်ပါးကြီးများ ဖြစ်သဖြင့် သူ့ကျော့ကွင်းအတွင်းသို့ရောက်အောင် ဆွဲဆောင်မည်။ အကယ်၍ သူ့ ကျော့ကွင်းထဲသို့ ရောက်သွားလျှင်... ။

ထို့ကြောင့် အပျိုမလေးများ ကိုယ့်ဦးလေးအရွယ်၊ ဘကြီးအရွယ်ရှိသည်ဆိုပြီး မယုံမိစေရန် အထူးသတိချပ်ရပေမည်။

## အပျိုမလေးများအတွက် အဆောင်ကောင်း

အပျိုမလေးများအတွက် အမိက အရေးကြီးဆုံးသော အချက်သည် အပျိုဘဝ တန်ဖိုးမြင့်မားရေးနှင့် အစွန်းအထင်းမဲ့သော အပျိုဘဝ ပိုင်ဆိုင်ရန်ဖြစ်၏။ ယင်းသို့သော အပျိုတန်ဖိုးအား ထိန်းသိမ်းနိုင်ရန် အတွက် အဆောင်ကောင်းလိုသည်။

အဆောင်ကောင်းကား။

၁။ ချစ်သူကို သစ္စာရှိစွာချစ်ရန် ကြိုးစားပါ။

၂။ ချစ်သူဘဝတွင် ကိုယ်ကာယ နီးနှောလိုမှုသည် အချစ် စစ် မဟုတ်။ တန်ဖိုးရှိသော ယောက်ျားသည် ထိုအမှုကို ရှောင်ထိန်း၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ အနေအထိုင် အပြောအဆို ယဉ်ကျေးပါ။

၄။ ဆိတ်ကွယ်ရာကို ရှောင်ရှားပါ။

၅။ ကိုယ့်ဦးကြီး၊ ဘကြီးအရွယ်ဆိုပြီး မယုံပါနှင့်။

ဤသည်မှာ အပျိုမလေးတို့အတွက် အပျိုဘဝတစ်သက်တာ အဆောင်ကောင်းဖြစ်သဖြင့် ဂရုတစိုက် စောင့်စည်း ထိန်းသိမ်းရန် အထူးလိုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၄ ]

# အပျို သရုပ်ခွဲ (သို့မဟုတ်) အပျိုဘဝ အနုလုံ ပဋိလုံ

အများက ယောကျ်ားမရသေးသူများကို အပျိုဟု ခေါ်ကြသည်။ ယေဘုယျသာ ဖြစ်၏။ အပျိုဘဝကို အသေအချာစူးစမ်းကြည့်သောအခါ အပျိုတို့တွင် အမျိုးအစားလေးမျိုးရှိသလို တစ်မျိုးနှင့်တစ်မျိုး စိတ်သဘော သဘာဝချင်း မတူညီကြောင်းတွေ့ရသည်။

ထိုအပျိုလေးမျိုးကို သရုပ်ခွဲလျှင် ဤသို့တွေ့ရ၏။

## ၁။ အပျိုပိုင်း

အပျိုဘော်ဝင်စ ၁၃နှစ်မှ ၁၇နှစ် အတွင်းကာလကို ယေဘုယျသတ်မှတ်နိုင်သည်။ ထိုအရွယ်က အပျိုဘော်ဝင်စ၊ ရာသီမှုတာလာ

www.burmeseclassic.com

www.burmeseclassic.com



စ၊ ခန္ဓာကိုယ် ဖွံ့ဖြိုးစဖြစ်သလို ကျိုးအတောင်ပေါက်စကဲ့သို့ မတည်ငြိမ်သော အရွယ်ဖြစ်သည်။

အရာရာကို စူးစမ်းလိုစိတ်ရှိသည်။ မိုက်ရူးရဲဆန်သည့် အရွယ်ဟုဆိုရမည်။ သူ့ရဲကောင်းလုပ်တတ်သည့် အရွယ်လည်းဖြစ်သည်။ ထိုအရွယ်သည် မိဘထိန်းသိမ်းမှု မှန်ကန်ရန် အလိုအပ်ဆုံးသောအရွယ်ဖြစ်သည်။

## ၂။ အပျိုစင်

တည်ငြိမ်စ အရွယ်ဟု ဆိုရမည်။ အသက် ၁၇နှစ်ကျော်မှ အသက် ၂၅နှစ်အတွင်း သတ်မှတ်နိုင်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ သွေးသားဓမ္မတာ မှန်ကန်သောအရွယ်လည်းဖြစ်၏။

စိတ်လိုက်မာန်ပါ လုပ်ကိုင်မှုနည်းသည်။ ချင့်ချိန်သည်။ ထိုအရွယ်တွင် သတိထားရန်ကား အလှအပ ပိုင်ဆိုင်သူဖြစ်လျှင် လှဂုဏ်မောက်တတ်သည်။ အရက်အကြောက် ခွဲခြားနိုင်သောအရွယ်လည်းဖြစ်သည်။

## ၃။ အပျိုကြီး

ရင့်ရော်စပြုသော အရွယ်ဟုလည်း ဆိုရမည်။ အသက် ၂၅နှစ်မှ ၃၀အတွင်း သတ်မှတ်နိုင်သည်။ ထိုအရွယ်တွင် အများဆုံးဖြစ်တတ်သည်က ရတာမလို၊ လိုတာမရဖြစ်နေခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်မိမိ မကျေမနပ် ဖြစ်နေတတ်သည်။ နေရာတကာ ခွင် သိက္ခာရှိသလိုနှင့် ချိုးဖောက်ရန်ကြိုးစားတတ်သည်။ ဆရာလုပ် ချင်သည့်စိတ် ရှိလာတတ်သည်။ ငယ်ရွယ်သူ ယောကျ်ားလေးများကို အရေးပေးလာတတ်သည်။ အရောဝင်တတ်သည်။

## ၄။ အပျိုဟိုင်း

အသက်၃၀မှ ၄၀အတွင်း ကာလဖြစ်သည်။ အလှအပတို့ လည်း ကျဆင်းစပြုလာသဖြင့် စိတ်မါပ်ကျနေတတ်သော အရွယ်ဖြစ် သည်။ ဘာသာရေးကိစ္စကို စိတ်ဝင်စားသယောင်ယောင်ရှိတတ်သော် လည်း အတွင်းစိတ်က အိမ်ထောင်ရေးကို စိတ်ကူးယဉ်လာတတ်သည်။

, စိတ်ဓာတ်က ရင့်ကျက်သလိုရှိသော်လည်း ပျော့ညံ့သည်။ အိမ်ထောင်ရှင်များ မုဆိုးဖိုများနှင့် အရောတဝင် နေတတ်သဖြင့် ဂရုစိုက် ရသည့်အရွယ်ဖြစ်သည်။ မလွတ်လပ်သူများနှင့်ငြိစွန်းတတ်သည့်အတွက် ဂရုစိုက်ရမည့်အရွယ်ဟု ဆိုရမည်။

## အပျိုဟုတ်မဟုတ် ဆန်းစစ်နည်း

ယနေ့ခေတ်က အတုအယောင်ပေါသည့် ခေတ်ဖြစ်သည်။ ဟန်ဆောင်မှုနှင့် ဖုံးကွယ်နိုင်သည်။ ယင်းသို့ ယခင်က ဆိုကြသလို တင်သားကို ကြည့်လို့မရ။ ရှေးက ဆိုခဲ့သည့် 'နိမ့်တုန်မြင့်တုန် တင်ပါးဆုံ အပျိုဂုဏ်' ဆိုသော စာချိုးနှင့် တွက်မရတော့။

ယခုအခါ အပျိုဟုတ်မဟုတ် ကြည့်ရန်ကား တစ်နည်းသာရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုနည်းက တခြားမဟုတ်၊ အကွင်းစိတ်သဏ္ဌာန်ကို အထင်းသား ဖော်ပြနေသည့် မျက်လုံးသာ ဖြစ်၏။

မျက်လုံးမှ အကြည့်အပြုံးသည် ဖုံးကွယ်၍ မရချေ။

အပျိုစင်တို့သည် ရှက်ရွံ့မှုရှိ၏။ ရှက်ရွံ့မှုကို ဟန်ဆောင်လို့မရ။ ထို့ကြောင့် အပျိုစစ်မစစ် သိလိုလျှင် ...

၁။ မျက်လုံးကို ကြည့်ပါ။

၂။ မျက်လုံးထဲတွင် ရှက်ရွံ့မှုရှိမည်။ (ရှက်ရွံ့မှုကို လုပ်ယူရသော်လည်း ရေရှည်မရပါ။ စိတ်ရှည်ရန် လိုပါသည်။)

အဘယ်ကြောင့်ဆိုသော် အပျိုရည်ရှိန် မပြည့်တော့သူ၏ မျက်လုံးထဲတွင် ရှက်ရွံ့မှု မဲ့သွားသည်။ ရဲရင့်သည်။ အပျိုရည်ရှိန် ပြည့်သူများက ရဲရင့်မှုမရှိပါ။ ရှက်ရွံ့ခြင်း၊ ရှက်ဖြာနေသည်ကို အချိန်ယူအကဲခတ်ကြည့်ပါ။ လွယ်လွယ် သိရမည်တော့ မဟုတ်ချေ။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၅ ]

## အပျိုတို့ အိမ်ထောင်ရေးနှင့် မိဘတာဝန်

တစ်နေ့တွင် ကျွန်တော့်ထံသို့ မိတ်ဆွေတစ်ဦး ရောက်လာသည်။ သူက အခြားမဟုတ်၊ ကျွန်တော်၏ ထုတ်ဝေသူတစ်ဦးလည်းဖြစ်ခဲ့သူ၊ ရေးဖော်လည်းဖြစ်သူ ဟိန်းအောင်ကျော် အမည်ခံ ချစ်ညွန့် ဖြစ်သည်။

'မင်း အပျိုစိတ်အကြောင်း ရေးနေတယ်ဆို'

'ဟုတ်တယ်'

'ဒါဆို အကြံပေးရဦးမယ်'

'အင်း လုပ်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'တခြားတော့ မဟုတ်ဘူးကွ၊ အပျိုစိတ်၊ အပျိုအကြောင်း ရေးရင် အပျိုမတွေရဲ့ အိမ်ထောင်ရေး ရွေးချယ်မှုကိစ္စကို ညွှန်းပြဖို့လို တယ်'

သူ့စကားကို နားထောင်ရင်း ရေးရမည်ဟု ကျွန်တော် ဆုံး ဖြတ်လိုက်သလို သုတေသနပြု လေ့လာရတော့သည်။ မှန်သည်၊ ရေး ဦးမည်။ အပျိုဘဝ အပျိုစိတ်ကိုရေးလျှင် အပျိုမတို့ မလွှဲမသွေ ရင်ဆိုင် ရမည့် အိမ်ထောင်ဖက် ရွေးချယ်မှုကို ချန်လှပ်ထားလို့မရ။

## အိမ်ထောင်ဘက်ရွေးချယ်ရာတွင် စဉ်းစားရမည့်အချက်များ

အိမ်ထောင်ရေးဆိုသည် အပျိုဘဝ၏ နောက်ဆုံးလှမ်းရာဖြစ် ၏။ ထို့ကြောင့် အိမ်ထောင်ဖက်ရွေးချယ်ရာတွင် အထူးသိထားရန် အချက်များကို တင်ပြရမည်။

ယင်းတို့ကား –

၁။ သက်တူရွယ်တူ

အပျိုမအချို့က ကိုယ့်အိမ်ထောင်ဖက်ကို သက်တူရွယ်တူဖြစ် လိုကြသည်။ ဤသည်မှာ လင်ခံဆက်ဆံရေးအရ အကောင်းဆုံးဖြစ်သည်။ အတွေ့အကြုံ အသိအမြင် ညီမျှသဖြင့် ညှိနှိုင်း ဆွေးနွေးဖော်ဟုလည်း ဆိုနိုင်သည်။ ဘဝတစ်လျှောက်လုံး လက်တွဲရမည့် ခရီးဖော်ဖြစ်သဖြင့် အိမ်ထောင်ဖက်ရွေးချယ်ရာတွင် အသင့်တော်ဆုံးဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ အသက်ကြီးသူ၊ ငယ်ရွယ်သူ

အပျိုမတို့ အိမ်ထောင်ဖက် ရွေးချယ်ရာတွင် အထူးသတိပြုရမည့်အချက်ပင်။ မြန်မာစကားတွင် ကြီးလျှင်မှီ၊ ငယ်လျှင် ချီဟုရှိသည်။ အသက်ကြီးသူကို အိမ်ထောင်ဖက် ရွေးချယ်သဖြင့် မိမိက ဆိုးနွဲ့ရနိုင်သော်လည်း ပွဲလယ်မတင့် ဖြစ်တတ်သဖြင့် စိတ်ဓါတ်ကျနိုင်သည်။

ကျန်းမာရေးအရလည်း မကောင်းဟု ဆိုရမည်။

ဤကဲ့သို့ပင် ငယ်ရွယ်သူယူမိပါက မိမိက လိုက်မမီဖြစ်တတ်သည်။ မိမိက အိုမင်းပြီး ခင်ပွန်းက ငယ်ရွယ်သဖြင့် စိတ်ညစ်ရတတ်သည်။ ထို့ကြောင့် အိမ်ထောင်ဖက် ရွေးချယ်ရာတွင် ရေရှည်အတွက် စဉ်းစားသင့်၏။

## ၃။ ဘဝတူ

ဘဝချင်း နီးစပ်သလို ဒိုးတူဘောင်ဘက် ရုန်းကန်နိုင်သည့် အိမ်ထောင်ဖြစ်နိုင်သည်။ တစ်ဦးကိုတစ်ဦး ခွင့်လွှတ်နိုင်သဖြင့် စိတ်ချမ်းသာမှု ရနိုင်သည်။

## ၄။ ဂုဏ်မြင့်သူ

အိမ်ထောင်ရေးသုခနှင့် လွဲတတ်သည်။ မိမိထက် အဆင့်အတန်းမြင့်မားနေသူဖြစ်သဖြင့် ဖိနှိပ်ခြင်းကို ခံစားရတတ်သည်။ အိမ်ထောင်ဖက်ရွေးချယ်ရာတွင် ဝတ်လိုစိတ်၊ စားလိုစိတ်တစ်ခုဖြင့် ဂုဏ်မြင့်သူကို မရွေးချယ်မိရန် အရေးကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်ထောင်ရေးကိစ္စသည် ထာဝရခရီးရှည်ဖြစ်သောကြောင့် အထူး သတိချပ်ပါဟု အကြံပြုလိုသည်။

## မိဘတို့ တာဝန်

'သမီးတစ်ကောင်၊ နွားတစ်ထောင်'ဟု ရှေးစကားရှိသည်။ သမီးပျိုရှိသော မိဘများသည် ကိုယ့်ရင်သွေးဖြစ်သည့် သမီးရတနာကလေးတန်ဖိုးမြင့်မားစေရန်အတွက် အထူးသတိထားရန် လိုအပ်သည်။

မိဘအုပ်ထိန်းမှု ညံ့ဖျင်းလျှင် ညံ့ဖျင်းသည့်အလျောက် သမီးပျိုကလေး၏ဘဝ ယိုယွင်းသွားနိုင်သည် မဟုတ်လား။ ထို့ကြောင့် မိဘများတွင် တာဝန်ရှိသည်။ မျက်ခြေမပြတ် အကဲခတ်နေရန် အထူးလိုအပ်သည်ဟု ဆိုချင်သည်။

တချို့က ကိုယ့်သမီးပျိုကို ယုံတတ်သည်။

ဤသည်မှာ အမှားပင်ဖြစ်သည်။ မယုံနှင့်ဟုမပြောလို၊ သို့သော် သတိချပ်နေရန် လိုသည်။

ထို့ကြောင့်

၁။ အပျိုစိတ်သည် လေရူးနှင့်တူသည်ကို သတိပြုနားလည်ထားပါ။

၂။ ကြမ်းတမ်းစွာ ဆုံးမခြင်းကို ရှောင်ပါ။

၃။ သမီးပျိုများ မိဘကိုချစ်ခင်ပါစေ၊ စိုးရွံ့မှု မရှိပါစေနှင့်။

၄။ ဆန္ဒကို လိုက်လျောပါ၊ လွှတ်မပေးပါနှင့်။

၅။ အပေါင်းအဖော်များနှင့် အပြင်အပသို့ သွားလာတတ်သောအကျင့် မရှိပါစေနှင့်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ချစ်သူ ရည်စားရှိသည်ကို ခါးသီးစွာ မငြင်းဆန်ပါနှင့်၊ ကိုယ်တိုင်လေ့လာပါ။ ဆိတ်ကွယ်ရာ၏ မကောင်းကျိုးကို သိလာအောင် လိမ္မာပါးနပ်စွာ ပြောပြပါ။

၇။ မိန်းမပျိုများကို အန္တရာယ်ဖြစ်စေသည့် အကြောင်းများထဲတွင် သက်ကြီးယောကျ်ားများလည်း ပါသဖြင့် ကိုယ်တိုင် သတိထားပါ။

၈။ အချိန်တန်လျှင် အိမ်ထောင်ချပေးရန် လိုအပ်သည်။

စသည့် အချက်များသည် မိဘများဘက်မှ တင်းကျပ်စွာ လိုက်နာရမည့် စည်းကမ်းချက်များလည်း ဖြစ်သည်။

သားသမီးမကောင်း မိဘခေါင်းဟု ရှေးစကားရှိသည်။

ထို့အတူ သမီးပျိုများ၏ ပျက်စီးခြင်း အကြောင်းတရားများတွင် မိဘတို့ တာဝန်ပျက်ကွက်ခြင်းလည်း ပါသည်ကို အထူးသိချပ်ရမည်ဟု စေတနာစကား ပါးလိုက်ရပါသည်။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com

# အပျိုစိတ်၊ အပျိုတို့၏ လျှို့ဝှက်ချက်
# နောက်ဆက်တွဲ

-၁-

## အပျိုမတို့၏ ပင်ကိုယ်စိတ်နှင့် သဘာဝဖြစ်စဉ်

လောကတွင် ယောက်ျားများနှင့် လိင်သဘာဝချင်း မတူညီသည့် လူသတ္တဝါတစ်မျိုးအား 'မိန်းမ'ဟု ခေါ်ကြသည်။ စင်စစ်မူ မိန်းမဟူသည်မှာ ယေဘုယျခေါ်ဆိုလိုက်သည့် အမည်သာဖြစ်၏။

သို့သော် မိန်းမကို သရုပ်ခွဲလျှင်ကား အပျိုနှင့်အအိုဟူ၍ ရှိသည်။

အပျိုသည် နုနယ်သည့် အမျိုးအစားဖြစ်၏။

အအိုကမူ လူ့လောကတွင်းဝယ် ကျင်လည်ဖြတ်သန်းပြီးသည့် အတွေ့အကြုံများ ရှိနေသောကြောင့် ရင့်ကျက်သည့် သဘောရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



အအိုသည် အပျိုများထက် အတွေ့အကြုံရှိပြီး ရင့်ကျက်သည့်အမျိုးဟုလည်း ခေါ်နိုင်သည်။

အပျိုများကမူ အတွေ့အကြုံနည်းသူများ ဖြစ်သလို နုနယ်သော ထိလွယ် ရှလွယ်သောအမျိုးဖြစ်၏။

မည်သို့ဆိုစေ၊ မိန်းမများသည် အပျိုဖြစ်စေ၊ အအိုဖြစ်စေ သဘာဝ ကရားအရ မိုခိုသူများပိပိ စွဲလမ်းတတ်သည့် သဘောရှိသည်ကို တွေ့ရလေသည်။

အများအားဖြင့် မိန်းမသည် ထိလွယ်ရှလွယ်သော သဘောရှိ၏။ ပြောင်းလဲတတ်သော သဘောရှိ၏။

ယခု အလူးဖွင့်ဆိုလိုသည် မှာ အပျိုမတို့အကြောင်းပင် ဖြစ်သည်။

## အပျိုမတို့၏ ပင်ကိုယ်စိတ်သဘာဝ

လူအတော်များများက မိန်းမဟူသည် အသည်းမာသည့်အမျိုးအစားဟုပြောကြသည်။ စင်စစ်မူ ယင်းအတွေးအခေါ်သည် ရာနှုန်းပြည့် မမှန်ကန်သော အတွေးအခေါ်သာ ဖြစ်သည်ဟု ဆိုရမည်။

အဘယ်ကြောင့်ဆိုသော် မိန်းမတော်တော်များများကို လေ့လာကြည့်လျှင် မိန်းမဟူသည် အသည်းနှလုံး ပျော့ပျောင်းပြီး အပြောင်းအလဲမြန်ဆန်သော အမျိုးအစားထဲမှ ဖြစ်သည်ဟု ဆိုရလေမည်။

အကြောင်းကိုဆိုသော် မိန်းမများသည် အသည်းနုကြသည်က များပါသည်။ အမြင်တွင် သံမဏိလို မာကျောနေသော်လည်း မသိစိတ်က ပျော့ပျောင်းနေသည်ဟု ဆိုရလေမည်။ အဘယ်ကြောင့်ဆို

www.burmeseclassic.com

www.burmeseclassic.com



သော် မိန်းမများသည် မိခင်မျိုးနွယ်စုများဖြစ်သလို၊ ကြင်နာတတ်သော သဘောရှိသောကြောင့်ပင်။

မည်မျှပင် မုန်းတီးသူဖြစ်စေ၊ သနားဂရုဏာ သက်ဝင်လာလျှင် မုန်းတီးစိတ်ကိုပြင်ကာ ချစ်စိတ်ဝင်တတ်သည်မှာ မိန်းမများဖြစ်သောကြောင့်တည်း။

သည်နေရာတွင် တိုက်ဆိုင်လာသဖြင့် သာဓက ပုံဆောင်သော အကြောင်းတစ်ခုကို တင်ပြလိုသည်။ ထိုအကြောင်းက အခြားမဟုတ်။ ကျွန်တော့် မိတ်ဆွေ တစ်ဦးဖြစ်သည့် မောင်မောင်တင့် အကြောင်းပင်ဖြစ်လေသည်။

မောင်မောင်တင့်သည် ကျွန်တော်တို့နှင့် ဝါသနာတူ စာရေးသမား တစ်ဦးဖြစ်၏။ ၁၉၈၀ စုနှစ်လောက်က ကျွန်တော်တို့ အဖော်တွဲကြ၏။ သူက ကျွန်တော်တို့ထဲတွင် တစ်ဦးတည်းသောလူပျိုလည်း ဖြစ်၏။ မောင်မောင်တင့်ကွင် ချစ်ရသူတစ်ဦး ရှိ၏။ သူမကား ဆေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသူဖြစ်လေသည်။ အမည်က ရွှေရည်ဦးဖြစ်၏။

ရွှေရည်ဦးကို မောင်မောင်တင့် အခါခါ ချစ်ရေးဆိုခဲ့၏။ ရွှေရည်ဦးက မည်သို့မျှ မတုံ့ပြန်။

'ရွှေရည် စဉ်းစားပါရစေဦး'

'ရွှေရည် ကျောင်းကိစ္စပြီးမှ စဉ်းစားပါရစေ'

ဒီလို ဒီလိုပဲ အကြောင်းပြန်သည်။ မည်သို့ဆိုစေ၊ မောင်မောင်တင့်က ဖွဲကြီးသည်။ ရွှေရည်ဦးအရိပ်လို့ ပြောရမလောက်ပင် ရွှေရည်ဦး နောက်မှာ ထက်ကြပ်မကွာ လိုက်နေသည်။

ကြာလာသော ရွှေရည်ဦး၊ သနားသွားဟန်မသိ။

www.burmeseclassic.com

www.burmeseclassic.com



'မောင်မောင့်ကို ရွှေရည်ချစ်ပါတယ်'

ဟု ပြောသည်။

ဒါက ပထမအချက်။

ဒုတိယအချက်က ရွှေရည်ဦး အမ်ဘီဘီအက်စ်ဘွဲ့ရပြီး တစ်နှစ်အကြာ အဖြစ်အပျက်ဖြစ်လေသည်။ ထိုအချိန်က မောင်မောင်တင့်နှင့် ရွှေရည်ဦးတို့သည် ချစ်သက်နိုင်နေပြီ။ ထိုစဉ် ရွှေရည်ဦး မိဘများက ရွှေရည်ဦးကို နေရာချပေးရန် စီစဉ်သည်။ ဒီသတင်းကို မောင်မောင်တင့် သိသွားသည်။

ရွှေရည်ဦးနဲ့တွေ့သည်။

'ကိုယ် ရွှေရည်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ရွှေရည်အသိပဲ၊ ရွှေရည်ဟာ ကိုယ့်ရဲ့အချစ်ဦးဖြစ်သလို အချစ်ဆုံးလည်းဖြစ်တယ်၊ ရွှေရည်ဘဝရဲ့ အဖော်မွန်ဟာ ကိုယ်ပဲဖြစ်ရမယ်၊ ရွှေရည် ဘယ်သူ့ကိုမှ မယူရဘူး'

ဟု မောင်မောင်တင့် ပြောသောအခါ ....

'ရွှေရည် ဘာမှမပြောတတ်ဘူး ကို၊ ကို့ကို ရွှေရည်ချစ်သလို ရွှေရည်မိဘတွေကိုလည်း ရွှေရည်မရက်စက်ချင်ဘူး'

ဟု ရွှေရည့်ဖြေကြောင်း သိရသည်။

'ဘာပဲဖြစ်ဖြစ်လေ၊ ရွှေရည်သာ တခြား တစ်ပါးသူနဲ့ လက်ထပ်သွားရင် ဒီလောကကြီးထဲမှာလည်း ကိုယ်မတော့ဘူး၊ ရွှေရည်ဟာ ကိုယ့်ဘဝပဲ၊ ရွှေရည်မရှိရင် ကိုယ့်ဘဝလည်း မရှိတော့ဘူး ရွှေရည်'

ဟု မောင်မောင်တင့် ပြောခဲ့သည်။

သို့သော် ရွှေရည်သည် မိဘဩဇာကို မလွန်ဆန်ဝံ့သူပီပီ မိဘများက ဘဝတူ ဆရာဝန်တစ်ယောက်နှင့် စေ့စပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါ့စပ်လိုက်သည့် သတင်းကို ကြေးမုံသတင်းစာတွင် ဖတ်ရသည်။

ထိုညက မောင်မောင်တင့် အိပ်ဆေးတစ်ပုလင်း သောက်သည်။ ကံကောင်းသည်က မောင်မောင်တင့် အိပ်ဆေးသောက်ပြီးချိန်တွင် မောင်မောင်တင့် ညီမများ သိသွားသည်။ ချက်ချင်း ဆေးရုံပို့လိုက်ရသည်။

အချိန်မလွန်သေးသဖြင့် မောင်မောင်တင့် မသေ။ သမားတော်ကြီးများ၏ ဆေးချက်ကြောင့် ကျန်းမာလာသည်။ သို့သော် မောင်မောင်တင့် ဥပဒေအရ အရေးယူခံရ၏။

ဤတွင် မောင်မောင်တင့်ထံသို့ ရွှေရည်ရောက်လာသည်။

'ကိုရယ် ... ရွှေရည့်ကို ဒီလောက်ချစ်ရသလား'

'ကိုယ်ပြောခဲ့ပြီပဲ ရွှေရည်၊ ရွှေရည်ဟာ ကိုယ့်ဘဝပါလို့၊ ရွှေရည်မရှိရင် ကိုယ့်ဘဝလည်း မရှိတော့ဘူးလေ'

'ကိုရယ် ... '

ထို့နောက် ရွှေရည်သည် မောင်မောင်တင့်ကို လက်ထပ်လိုက်သည်။ ပြီးတော့ ရွှေရည်ပြောသည်ကလည်း မှတ်သားစရာပင်။

'ရွှေရည် မလိမ်ချင်ဘူး၊ ရွှေရည် ကိုတင့်ကိုချစ်ပေမယ့် လက်ထပ်ဖို့ စိတ်မကူးခဲ့ဘူး၊ ဒါပေမယ့် ရွှေရည့်အတွက် အသက်စွန့်ချစ်တယ်၊ ယောက်ျားပီပီ စကားတည်တော့ ရွှေရည် ဥပေက္ခာမပြုရက်တော့ဘူးလေ'

ဤဇာတ်ကြောင်းကို ကြည့်လျှင် အပျိုမတို့သည် အချစ်ကို မြင့်မိုးထားကြကြောင်း၊ အချစ်နှင့်ပတ်သက်လျှင် စွန့်စားတတ်ကြကြောင်း၊ အပြောင်းအလဲသဘောရှိကြောင်း သိသာလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကား မိန်းမသားဘဝ နုနယ်စ အပျိုသင်စအရွယ် အပျိုမတို့၏ စိတ်နုတတ်သော ကရုဏာတရား ကြီးမားတတ်သော သာဓကတစ်ခုပင် ဖြစ်သည်။

## အလှော်ကောင်းလျှင်

အတွေ့အကြုံနည်းပါးရှာသေးသော အပျိုမတို့ သဘာဝမှာ စိတ်နုပြီး ကြင်နာသနားတတ်သကဲ့သို့ ယုံစားလွယ်တတ်သည့် အမျိုးအစားလည်းဖြစ်လေသည်။

သာဓကအနေနှင့် တင်ပြလိုသည်။

ကျွန်တော်သည် စာရေးသမားတစ်ဦးပီပီ လူတော်တော်များများနှင့် ပေါင်းသင်းတတ်သည်။ ထိုလူများနှင့် ပတ်သက်သည့်အကြောင်းများသည် ကျွန်တော့်အတွက် စာတ်လမ်းများလည်း ဖြစ်သည်။ အထူးသဖြင့် ကျွန်တော်သည် မိန်းမအကြောင်း များစွာကိုရေးသည့်အတွက် မိန်းမများကို ရင်းနှီးစွာ ခင်မင်ပေါင်းသင်းခဲ့ရသည်များရှိ၏။

ထိုမိန်းမများအနက် ဒေါ်အေးသီသည် ကျွန်တော်၏ ကုန်ကြမ်းဘဏ်တိုက်ကြီးလည်း ဖြစ်ခဲ့၏။

မကြာသေးမီက ကျွန်တော် ဒေါ်အေးသီနှင့် တွေ့သည်။

ဒေါ်အေးသီက ...

'ဆရာ အခု မိန်းမတွေအကြောင်း ရေးနေတယ်နော်'

ဟု မေးပြောပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဘာလဲ ဒေါ်အေးသီက ကျွန်တော့်ကို ရေးစရာ အကြောင်း ပြောစရာရှိနေလို့လား'

'ဟုတ်တယ်'

'ဒါဆို မိန်းမတွေရဲ့ စိတ်သဘောကို ထင်ဟပ်တဲ့ အတွေ့အကြုံကလေး တစ်ခု ပြောပြစမ်းပါ'

'ဒါဆို နားထောင်'

ဟု ပြောကာ အောက်ပါအကြောင်းကို ပြောပြလေသည်။

*မလွှမ်းသူသည် ရုပ်ကွက်ထဲတွင် အတော်ကလေး အနေအထိုင်တတ်ပြီး ရုပ်ရည်ချောမောသူ ဖြစ်လေသည်။ ထို့ကြောင့် မလွှမ်းသူကို ချစ်သူခင်သူလည်း ပေါများလှ၏။ သို့သော် မလွှမ်းသူသည် မည်သူ့ကိုမျှ ချစ်တုံ့ပြန်ခြင်း မရှိ။*

*မလွှမ်းသူသည် ဒေါ်အေးသီနှင့် အိမ်နီးချင်းဖြစ်သလို ဒေါ် အေးသီနှင့်လည်း ခင်မင်၏။*

*တစ်နေ့တွင် ဒေါ်အေးသီ၏အိမ်တွင် ဝင်ထွက်သွားလာ နေသည့် (......)ရွာနမှ စာရေးကလေး မောင်စံရွှေက မလွှမ်းသူကို မေတ္တာသက်ဝင် ချစ်ခင်မိ၏။*

*ထို့ကြောင့် မောင်စံရွှေက 'ဒေါ်ကြီးရယ်၊ ကျွန်တော် တော့ မလွှမ်းသူကို ချစ်နေမိပြီ' ဟု ပြော၏။*

*ဒေါ်အေးသီက*

*'မလွှမ်းသူအကြောင်းလည်း နင်အသိပဲ၊ သူ့အချစ်ကို ရဖို့ မလွယ်ဘူး'*

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ကတော့ သူမှသူ ဖြစ်နေပြီ ဒေါ်ကြီးရယ်၊ ကျွန်တော့်ကို ကူညီပါလားဗျာ'

'အင်း နင်ကတော့ ခက်ပါပြီ'

'မခက်ပါဘူးဗျာ၊ ဒေါ်ကြီးပြောရင် ရနိုင်ပါတယ်'

ဒေါ်အေးသီ ဘာမှမပြောပါ။ မောင်စံရွှေကလေး ရူးသွားသည်ကို ဒေါ်အေးသီ သိသည်။ ကူညီလိုစိတ်လည်း ရှိသည်။ သို့သော် ခက်နေသည်မှာ မလွမ်းသူက တည်ကြည်သူ ဖြစ်နေခြင်းပင်။

မောင်စံရွှေကလည်း ဒေါ်အေးသီအိမ်ကို ချောင်းပေါက် မကတ်လာကာ 'ဒေါ်ကြီးရယ် ကူညီစမ်းပါ၊ ကျွန်တော် လွမ်းသူကို အရမ်းကိုချစ်နေပြီ'ဟု အပ်ကြောင်းထပ်မှုပြောၓ၏။

ဒါကြောင့် ဒေါ်အေးသီက

'အေး ငါကြိုးစားကြည့်မယ်'

ဟု ပြောသည်။ ပြီးတော့ ဒေါ်အေးသီ ကိုယ်တိုင်လည်း မလွမ်းသူနှင့် ယခင်ကထက်ပိုမို၍ တွဲသွားတွဲလာပြုကာ-

'အင်း ငါ့တူမကြီးကတော့ အ[illegible]ကို စန်းပွင့်နေတာပဲ'

ဟု စကားစ၏။

'ဘာ့ပဲ ဒေါ်သီရယ်'

'ကြည့်၊ ခုတလော အဒေါ်အိမ်ကို လာလာနေတဲ့သူငယ် ကို တွေ့မှာပေါ့၊ မောင်စံရွှေလေ..'

'အင်း၊ ဒါဘာဖြစ်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'သူက တူမကြီးကို မမြင်ရ မနေနိုင်လောက်အောင် စွဲနေပြီ တဲ့လေ'

'လွမ်းသူ ဒါတွေ မကြွေးနိုင်သေးပါဘူး ဒေါ်သီရယ်'

'ဟုတ်ပါတယ်၊ ဒါကို အဒေါ်လည်း ပြောပါတယ်၊ ခက်တာက မောင်စံရွှေပဲကွယ့်၊ လွမ်းသူမှ လွမ်းသူဖြစ်နေတယ်'

ဟု ပြောသည်။

တစ်ခါတစ်ရံ

'ခက်တယ်ကွယ်၊ မောင်စံရွှေလေ၊ အဒေါ့်ကိုလွမ်းသူကို ချစ်ကြောင်း ပြောခိုင်းနေတယ်'

ဟု ပြောသည်။

တစ်ခါတစ်ရံ

'ဒီကောင်လေး ရူးမျှားနေပြီလား မသိဘူး၊ လွမ်းသူရဲ့ အချစ်ကို မရရင် ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်လို့ ပြောတယ်'

ဟု ပြောပြန်၏။

လွမ်းသူက

'လွမ်းသူ ဘယ်သူ့ကိုမှ မချစ်ဘူး'

ဟု ပြောလိုက်သည်။

ဒေါ်အေးသီ စကားအဖြတ်တွင် ကျွန်တော်က 'ဒီလို မလွမ်းသူက ပြောတော့ မောင်စံရွှေ ဘာလုပ်လဲ၊ သူပြောသလို သတ်သေသလား' ဟု မေး၏။

ဒေါ်အေးသီက ပြုံးပြီး ....

'ပြောမပြောချင်ပါဘူး ဆရာမြတ်ရယ်၊ လွမ်းသူက အိမ်

www.burmeseclassic.com

www.burmeseclassic.com



အပေါ်သံယောဇဉ်ကြီးတော့ အိမ်ထောင်ပြုဖို့ စိတ်မကူးဘူး။ မောင်စံရွှေကလည်း အရူးအမူးဖြစ်နေတော့ ဒုက္ခပေါ့'

'အင်း ဆက်ပါဦးဗျ'

'ဆက်မှာပါ ဆရာမြတ်ရဲ့၊ နောက်ဆုံးတော့ ကျွန်မလည်း မောင်စံရွှေကို သနားလာတော့ အကြံအဖန်လုပ်ရတာပေါ့။ တစ်နေ့ပေါ့ ဆရာမြတ်ရယ်၊ ကျွန်မ မလှမ်းသူအိမ်မှာ ဘယ်သူမှမရှိတုန်း ဈေးကြီးသုတ်ပျာသွားပြီး၊ လှမ်းသူရေ ပြဿနာတော့ တက်နေပြီ။ မောင်စံရွှေကို လှမ်းသူက ဘယ်လိုမှချစ်နိုင်ဘူးလို့ ပြောလိုက်တော့ သူပြောတဲ့အတိုင်း အဆိပ်သောက်လိုက်တာ ခုတော့ အိမ်ထဲမှာ ပြဿနာပဲ၊ လှမ်းသူကို ခေါ်ပေးပါ။ လှမ်းသူကို ခေါ်ပေးပါလို့ချည်း ပြောနေတယ်၊ လှမ်းသူရယ် ကူညီပါဦးလို့ ပြောတော့ လှမ်းသူလည်း မျက်လုံးပြူးသွားတယ်၊ 'ဒါဆို လှမ်းသူသွားကြည့်လိုက်ပါကွယ်'လို့ ပြောလိုက်တော့ သူသွားကြည့်တယ်'

ကျွန်တော်က ...

'မောင်စံရွှေ သေသွားသလား'ဟု မေးလိုက်သည်။ ဒေါ်အေးသီက ပြုံးပြီး

'မောင်စံရွှေ ဘာမှမဖြစ်ဘူး၊ ကျွန်မ လော်လိုက်တာလေ ဆရာမြတ်ရဲ့'

'နောက် ဘယ်လိုဖြစ်သွားလဲ'

'အိုကေပေါ့ ဆရာမြတ်ရဲ့၊ ကျွန်မကိုတွေ့တော့ ပြုံးပြီး 'ဒေါ်အေးသီကြီး မကောင်းဘူး'လို့ ပြောတယ်'

'အင်း... ဒါကြောင့် ဆရာ့ဆရာကြီးတွေက မိန်းမတွေမှာ သိစိတ်နဲ့ မသိစိတ်ရှိကြသလို၊ မသိစိတ်ရဲ့ ပရိယာယ်အောက်မှာမှုးထောက်

www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့ ပြောကြတာထင်ရဲ့'

'ဒါပေါ့ ဆရာမြတ်ရဲ့၊ မိန်းမတွေရဲ့သိစိတ်က ယောကျ်ားတစ်ဦးကို စိတ်မဝင်စားသလို ရှိပေမယ့် မသိစိတ်က စိတ်ဝင်စားနေတတ်တယ်၊ ဒါကို မသိကြဘူးလေ၊ ဒါကြောင့် မဖြစ်သင့်တာ ဖြစ်ရတာပေါ့'

'ဟုတ်တယ်၊ ဒါကြောင့်လည်း မိန်းမဆိုတာ ယုံစားတတ်တယ်၊ ကြင်နာတတ်တယ်လို့ ပြောကြတာပေါ့'

ဟု ပြောလိုက်ရလေသည်။

ဤဖြစ်ရပ်များကို ကြည့်လျှင် နုနယ်သေးသော၊ အတွေ့အကြုံမရင့်ကျက်ရှာသေးသော အပျိုမတို့၏ ပင်ကိုယ်စိတ်သဘာဝနှင့် ဘဝဖြစ်စဉ်တို့ကို သုံးသပ်မိနိုင်ကြမည် ထင်ပါသည်။

☘ ☘ ☘

www.burmeseclassic.com

www.burmeseclassic.com

# အပျိုစိတ်၊ အပျိုတို့၏ လျှို့ဝှက်ချက် နောက်ဆက်တွဲ

-၂-

## အပျိုနှင့် အိမ်ထောင်ရေးကိစ္စ

'အပျိုမတစ်ယောက်အတွက် အိမ်ထောင်ဘက် ရွေးချယ်မှု ကိစ္စမှာ အချစ်က အဓိကကျသလား၊ ဦးနှောက်က အဓိကကျသလား'

ဟု မိတ်ဆွေတစ်ဦးက မေးသည်။

အဖြေက လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော အဖြေဟု ပြောရပေမည်။

တချို့က အိမ်ထောင်ရေးတွင် အချစ်က အဓိကဟုပြောသည်။

တချို့က ဦးနှောက်နဲ့ ဆုံးဖြတ်မှုက အဓိကဟုပြောသည်။

ကျွန်တော်၏ လေ့လာမှုအရ သာယာငြိမ်းချမ်းသော အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်တစ်ခု တည်ဆောက်သည့်နေရာတွင် အချစ်တစ်ခုတည်းနှင့် တည်ဆောက်၍ မရနိုင်သလို ဦးနှောက်တစ်ခုတည်းနှင့်လည်း လုပ်ဆောင်၍မရဟု ဆိုချင်သည်။

အဘယ်ကြောင့်ဆိုသော် အချစ်တစ်ခုတည်းနှင့်တည်ဆောက်သော အိမ်ထောင်ရေးသည် အမှောင်ဖုံးသော အိမ်ထောင်ရေးဖြစ်သည်။ ဦးနှောက်နှင့်တည်ဆောက်သော အိမ်ထောင်ရေးသည်လည်း ဈေးသည် ဈေးရောင်းသလို ဖြစ်နေသောကြောင့်ပင်။

တစ်ခါက ကျွန်တော့်အား မိတ်ဆွေတစ်ဦးက ပြောဖူး၏

'ငါကတော့ အချစ်တစ်ခုတည်းနဲ့အိမ်ထောင်ကိုတည်ဆောက်လို့ မရဘူးလို့ ပြောချင်တယ်၊ ဘာကြောင့်လဲဆိုရင် အချစ်ဆိုတာ စိတ်ကူးယဉ်ခြင်းတစ်မျိုး ဖြစ်နေလို့ပဲကွ၊ ဒီကနေ့ အပျိုမလေးတွေ အိမ်ထောင်ရေးဇာတ်ခုံမှာ အလွမ်းမင်းသမီးကလေးတွေ ဖြစ်နေတာက အချစ်ကို ဦးစားပေးခဲ့ကြလို့ပဲ'

ဟု ပြောဖူးလေသည်။ မှတ်ဖွယ်စကားဟု ယူဆမိပါသည်။

## အချစ်သူ့ရဲ့ကောင်းမလေးရဲ့ သောကဇာတ်လမ်း

ကျွန်တော် သူ့ စကားကိုနားထောင်ရင်း 'မပွင့်ဖြူ'ကို ပြေး သတိရလိုက်သည်။ မပွင့်ဖြူသည် ကျွန်တော့်တပည့်မလေးဖြစ်သည်။ သူမသည် ရိုးရိုးကလေးနဲ့ ယဉ်ပြီး ယဉ်ယဉ်ကလေးနဲ့ လှသူဖြစ်သည်။

ထို့ကြောင့် မပွင့်ဖြူကို ချစ်သူပေါလှ၏။ မပွင့်ဖြူကို ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



များထဲတွင် အရာရှိ အရာခံများ၊ ကုန်သည် ပွဲစားများ များ၏။ မပွင့်ဖြူ၏ အပြောအဆို အနေအထိုင်တတ်မှုကြောင့် မည်၍မည်မျှတင်တောင်း ပါမည်ဆိုသော လူများလည်းရှိ၏။ သို့သော် မပွင့်ဖြူသည် မည်သူ့ကိုမျှ လက်မခံခဲ့ပါ။

ကျွန်တော်ပင် နားမလည်နိုင်။ ယင်းသမို့ 'မပွင့်ဖြူ နင် အပျိုကြီး လုပ်မလို့လား၊ ဒါမှမဟုတ် သီလရှင်ဝတ်မလို့လား'ဟု မေးယူရသည်။

မပွင့်ဖြူက

'ပွင့်ဖြူ အပျိုကြီးလည်း မလုပ်ဘူး။ သီလရှင်လည်း မဝတ်ဘူး၊ ပွင့်ဖြူ အချစ်မပါတဲ့ အိမ်ထောင်ရေးကို မထူထောင်ချင်ဘူးဆရာ၊ ပွင့်ဖြူ လက်ထပ်သူဟာ ပွင့်ဖြူနဲ့ အချစ်တူသူပဲဖြစ်ရမယ်၊ ပွင့်ဖြူ တကယ်ချစ်သူကိုပဲ ပွင့်ဖြူ လက်ထပ်မယ်'

ဟု ဖြေသည်။

'နင် စိတ်ကူးယဉ်လှချည်လား၊ အိမ်ထောင်ရေးကို အချစ်တစ်ခုတည်းနဲ့ မတည်ဆောက်သင့်ဘူး ပွင့်ဖြူ'

ကျွန်တော့်စကားသည် အရာမထင်ခဲ့ပါ။

မကြာမီ ပွင့်ဖြူသည် ချစ်သူနောက်သို့ လိုက်သွားသည်။ပွင့်ဖြူ ချစ်သောသူကို သိရသောအခါ ကျွန်တော် များစွာအံ့သြသွားသည်။ အဘယ်ကြောင့်ဆိုသော် ပွင့်ဖြူချစ်သူလည်းဖြစ်၊ ပွင့်ဖြူ အိမ်ထောင်ဘက်လည်း ဖြစ်သူသည် ကျွန်တော်တို့အားလုံးက လက်မြှောက်ထားရသည့် လူဆိုးကလေး ဇော်ဇော် ဖြစ်နေသောကြောင့်တည်း။ဇော်ဇော့်ကို အချစ်တစ်ခုတည်းနှင့် ပွင့်ဖြူ ရွေးချယ်လိုက်ကြောင်း သိသာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော့်အကြောင်း သိသဖြင့် ကျွန်တော်တို့ စိုးရိမ်ရသည်။ စိုးရိမ်စိတ်ကြောင့်ပင် မမျှော်လင့်ဘဲ ပွင့်ဖြူကို တွေ့တော့ ...

'ပွင့်ဖြူရယ် နင် မိုက်လှချည်လား၊ နင် ဇော်ဇော်အကြောင်း လည်းသိသားနဲ့ ဘယ်လိုလုပ်လိုက်တာလဲ၊ နင့်အတွက် ငါ ရင်လေးတယ်'

ဟု ပြောမိသည်။

ပွင့်ဖြူက ...

'မစိုးရိမ်ပါနဲ့ဆရာ၊ ပွင့်ဖြူ ဇော်ဇော့်ကိုချစ်သလို အပြစ်ဟူသမျှကိုလည်း ခွင့်လွှတ်နိုင်တယ်၊ ဖြူစင်တဲ့အချစ်နဲ့ ဇော်ဇော့်ကို ပွင့်ဖြူ ပြုပြင်ယူမယ်ဆရာ၊ အခု ဒုက္ခကြုံပေမယ့် နောက်တော့ သာယာသွားမှာပါ၊ အချစ်ဟာ စွမ်းအားကြီးတယ် ဆရာ'

ကျွန်တော် ဘာပြောရမည်နည်း။ သက်ပြင်းရှိုက်မိပါသည်။ ပွင့်ဖြူဘဝ လှပပါစေဟု ဆုတောင်းရုံသာ ရှိတော့သည်။

သို့သော် ကျွန်တော့်ဆုတောင်း မပြည့်ဝဟု သိလိုက်သည်။

ဇော်ဇော်က ပထမတွင် အေးချမ်းသယောင် ရှိသော်လည်း တဖြည်းဖြည်း တော်တော်အချိုးပြောင်းလာသည်။ အကျင့်ပျက်လာသည်။ နဂိုစိတ်မိုက် ပြန်ဝင်လာသည်။

ပွင့်ဖြူကား ဒုက္ခမျိုးစုံနှင့် ကြုံရသည်။

ဇော်ဇော်က ပွင့်ဖြူအား လုပ်ကိုင်မကျွေးရုံမက ပွင့်ဖြူရှာဖွေရသည့် ငွေကြေးကိုသုံးသည်။ ဒါတင်မက ပွင့်ဖြူကို နှိပ်စက်သည်။ ယခုမူ ပွင့်ဖြူ ရုပ်မပီတော့။ သောက အထုအထောင်းကြောင့် 'ရှုံ့သူ' ဖြစ်နေပြီ။

မကြာမီက ပွင့်ဖြူထံမှ စာတစ်စောင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



*ဆရာ ...*

*ကျောချမှ သောကမှန်းသိ ဆိုသလို ဖြစ်နေပြီဆရာရေ၊ အရင်က အချစ်ဟာ စွမ်းအားကြီးတယ်၊ အချစ်နဲ့ အရာရာကို ပြောင်းလဲနိုင်တယ်လို့ ထင်မိလို့ ပွင့်ဖြူ အိမ်ထောင်ရေးကို အချစ်တစ်ခုတည်းနဲ့ တည်ဆောက်ခဲ့တယ်။*

*ခုတော့ အချစ်ကိုရှေ့တန်းတင်ပြီး အိမ်ထောင်တည်ဆောက်တာ စိတ်ကူးယဉ်ခြင်းသက်သက်ဖြစ်တယ်ဆိုတာ ပွင့်ဖြူသိပြီ။ ဒါပေမယ့် နှောင်းနေပြီဆရာ။*

*ခုတော့ ပြင်မရတဲ့ အိမ်ထောင်ရေး သောကတွေနဲ့ ပွင့်ဖြူ နာလန်မထူနိုင်တော့ဘူး။*

*အင်းလေ ဘယ်သူမပြု မိမိမှုပဲပေါ့။*

*ပွင့်ဖြူ ဒ္ဒက်ဟူသမျှ ခါးစည်းခံရတော့မှာပေါ့။*

*အချစ်လွှမိုက်*

*ပွင့်ဖြူ*

ကျွန်တော် စိတ်မကောင်းရုံပဲရှိသည်။ ဘာမျှမတတ်နိုင်။

အိမ်ထောင်ရေးမှာ 'အချစ်တစ်ခုသာ'လို့ ဆိုသူတွေအတွက် သင်ခန်းစာတစ်ခုသာ ဖြစ်သည်။ ပွင့်ဖြူ နောင်တက နှောင်းနေပြီ။ အလှပျက်မလေး ပွင့်ဖြူဘဝ၊ ဤဘဝ ဤမျှသာရှိပါစေလို့ ဆုတောင်းရတော့မည်။ ဤကား အချစ်ကို ရှေ့တန်းတင်၍ အိမ်ထောင်ဖက် ပြုမိသော အပျိုမတစ်ယောက် အကြောင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



## ကုန်ရုံးတော့ တစ်ခေါက်၊ လင်ကုန်ရုံးတော့

အိမ်ထောင်ဖက်ကို ဦးနှောက်ဖြင့် ရွေးချယ်လိုက်မိသူတစ်ဦး၏ အကြောင်းကိုလည်း ကျွန်တော်ပြောပြချင်သည်။

*ဆရာမကျေနပ်ဘူး မဟုတ်လား၊ ခင်ထားကို 'သစ္စာဖျက်မ' လို့ ပြောဦးမလား၊ ပြော ဆရာ၊ ဟုတ်တယ်၊ ခင်ထားက သစ္စာဖျက်မပဲ။*

*ဒါပေမယ့် ခင်ထား တစ်ခုတော့ ပြောရဲတယ်ဆရာ။ ခင်ထား 'ကိုမြင့်ဝေ'ကို ချစ်တာတော့ အမှန်ပဲ။ ခင်ထား ကိုမြင့်ဝေကို လက်မထပ်တာက ခင်ထားဘဝကို ပြည့်စုံစေချင်လို့ပဲ။ ဆရာ စဉ်းစားကြည့်လေ၊ ကိုမြင့်ဝေဟာ သာမန် စာရေးကလေးမဟုတ်လား။ ခင်ထား သူ့ကိုယူရင် ဒီခေတ်အခါမှာ ဘယ်လို ပြည့်စုံနိုင်မလဲ။ နွတ်ခမ်းပဲ့ချင်း မီးမှုတ်သလို ဖြစ်နေမှာပေါ့ဆရာ။*

*လူဆိုတာ ကိုယ့်အတွက်တော့ တစ်ကွက်ချန်တတ်တယ် ဆရာ။*

*ခင်ထားလည်း လူပဲ။ ဒါကြောင့် အိမ်ထောင်ရေးကို ခင်ထား အချစ်နဲ့မဆုံးဖြတ်ဘဲဦးနှောက်နဲ့ဆုံးဖြတ်လိုက်တာ ပေါ့။*

*ဆရာပဲ တွေးကြည့်လေ၊ ကိုမြင့်ဝေနဲ့ ကိုရန်ပိုင် ဘယ်သူသာလဲ။ ကိုရန်ပိုင်က ငွေရှိတယ်၊ ဂုဏ်ရှိတယ်။ ရွှေပေါင်နေမှ ရွှေကျေးဖြစ်မှာလေ။ မဟုတ်ဘူးလား။*

*ခု ခင်ထား ရွှေကျေးဖြစ်နေပြီ။*

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခင်ထား မရှက်ဘူးဆရာ။ ခင်ထားဟာ ရွှေကျေးတော့ ရွှေကျေးပဲ။ အဆင်ကာရ ရွှေကျေးတော့ မဟုတ်ဘူး။ တတိယမြောက် ရွှေကျေးလေ။

ဟုတ်တယ်ဆရာ။ ခင်ထား ဘဝအာမခံချက်အတွက် ခင်ထား ပြည့်စုံတယ်။ ရွှေရှိတယ်၊ ငွေရှိတယ်၊ အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ နေနိုင်တယ်။ ဒါပေမယ့် ကိုရန်ပိုင် အချစ်ကိုတော့ ခင်ထားမရဘူး။

ခင်ထား ကိုရန်ပိုင်ကို ယုံလို့ပုံခဲ့ပြီးတဲ့နောက်မှသိရတာ ခင်ထားဟာ ပထမမဟုတ်ဘူး။တတိယဖြစ်နေတယ်လေ။ ခင်ထားရှေ့မှာ ကိုရန်ပိုင် မယားတွေရှိတယ်။

ဒါတော့ ခင်ထား ရင်နာတယ်။

'ရှင် သစ္စာမရှိဘူး'

လို့ ခင်ထားပြောခဲ့တယ်။ သူကလည်း ပြန်ပြောတယ်လေ။

'မင်းကော သစ္စာရှိလို့လား။ မင်း မြင့်ဝေကိုပစ်ပြီး ငါ့ကို ယူခဲ့တာပဲ မဟုတ်လား။ မင်း ငါ့ကိုယူတာ ရွှေတွေ၊ ငွေတွေနဲ့ လူတန်းစေ့ နေနိုင်ဖို့မဟုတ်လား။ ငါ မင်းကို ပေးပြီးပြီပဲ၊ မင်း မနာပါဘူး'

တဲ့။

ဆရာရယ်၊ ခင်ထားလေ သူ့ကို ဘာနဲ့တန်ဖိုးတွက်တာလဲလို့ မေးချင်လိုက်တာ။ ခင်ထားတို့ မိန်းမဘဝမှာ လင်သားမျက်နှာသာ တစ်ရွာပါ။ လင်သားရဲ့ ကြင်နာမှုဟာ အနှိုင်းအဆမရှိ လိုအပ်ပါတယ်။

www.burmeseclassic.com



*ခင်ထား ရွှေဘုံပေါ်မှာ စံနေရပေမယ့် ပျော်မယ်လို့ ဆရာထင်သလား။ မပျော်ဘူးဆရာ။ ဒါပေမယ့် ခင်ထား ဒီ အသုရကာယ်ဘုံမှာ နေရဦးမှာပဲ။*

*ခင်ထား လင်ကုန်ရှုံးပြီပြီ။*

*ဘဝပါ မဆုံးရှုံးဘူး။*

*ဆရာ စဉ်းစားကြည့်လေ။*

*ခင်ထား မြတ်သလား။*

*ခင်ထား ရှုံးလား။*

တဲ့ .... ။

အင်း .... ဦးနှောက်နဲ့ အိမ်ထောင်ဖက် ရွေးချယ်ခဲ့သော ဒီ အမျိုးမအတွက်ကတော့ တစ်ဘဝစာ ရင်မောဖိရပါတော့သည်။

## အမျိုးမတို့အတွက် အကောင်းဆုံးအိမ်ထောင်ဘက်ရွေးနည်း

မကြာခဏပင် အမျိုးမတစ်ဦးဦးက ....

'သမီးတို့ အိမ်ထောင်ဖက် ရွေးရင် ဘယ်လိုစံနဲ့ရွေးရမလဲ'

ဟု စာနှင့်လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း မေးသည်ကို ကြုံရပါသည်။

ထိုအခါ သန့်စင်သော စေတနာဖြင့် ကျွန်တော် ဤသို့ဖြေပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁။ ချစ်ရည် တူမျှပါစေ

အိမ်ထောင်ရေးတွင် တစ်ဦးကိုတစ်ဦး နားလည်သိရှိရန် လိုသည်။ ညှာတာ စာနာရန် လိုသည်။ ခွင့်လွှတ်သည်းခံတတ်ရန် လိုသည်။

ထို့ကြောင့် တစ်ဦးကိုတစ်ဦးချစ်သည့် နှစ်ကိုယ်ချစ်ဖြစ်ရန် လိုသည်။

## ၂။ အကျင့်စာရိတ္တ ကောင်းပါစေ

ပစ္စည်းဥစ္စာပြည့်စုံသော်လည်း အကျင့်စာရိတ္တ မကောင်းလျှင် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရပါသည်။ ထို့ကြောင့် အပျိုမတို့၏ အိမ်ထောင်ဖက်သည် အကျင့်စာရိတ္တကောင်းရန် လိုသည်။

## ၃။ ဒိုးတူဘောင်ဖက် ရုန်းကန်လိုစိတ် ရှိပါစေ

အိမ်ထောင်ရှင်ဘဝတွင် သုခ၊ ဒုက္ခ နှစ်ဌာနကို ကြုံရတတ်ပါသည်။ သုခနှင့် ကြုံ၍ပျော်ရသလို ဒုက္ခနှင့်ကြုံလျှင် သောကပွေရတတ်ပါသည်။ ထို့ကြောင့် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ နှစ်ဦးသား ညီမျှစွာ ခံစား၍ ရုန်းကန်လိုစိတ်ရှိသူ ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄။ မိဘ မောင်ဘွားများ ကြည့်ရှုပါစေ

အိမ်ထောင်ဖက်ရွေးချယ်ရာတွင် ငါနှင့်ပေါင်းရတာ ဘယ်သူနှင့်မှုမဆိုင်ဟု မသတ်မှတ်သင့်ပါ။ မိမိ မသိသည်ကို ပတ်ဝန်းကျင်က သိတတ်၏။ ထို့ကြောင့် မိဘမောင်ဘွားကို အသိပေးပါ။ သဘောတူ ကျေနပ်မှုကို ယူပါ။

ဤရှုသည်တို့ကား အပျိုမတို့ အိမ်ထောင်ဖက် ရွေးချယ်ရာတွင် အကောင်းဆုံးနည်းများ ဖြစ်ပေသည်ဟု ဤနေရာမှာ အပျိုမတို့အား အကြံပေး တင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အပျိုစိတ်၊ အပျိုတို့၏ လျှို့ဝှက်ချက်
# နောက်ဆက်တွဲ

## -၃-

### အပျိုမတို့နှင့် သိသင့်သိထိုက်သော အချက်များ

အသေအချာ ပြန်လည် စဉ်းစားကြည့်လိုက်သောအခါ အပျိုမလေးများသည် အသိနုနယ်သည်က တစ်ကြောင်း၊ အပျိုစိတ်၏ လှုံ့ဆော်မှုကတစ်ကြောင်း၊ သွေးသားဆန္ဒ လှုံ့ဆော်မှုက တစ်ကြောင်း စသည့် အကြောင်းများကြောင့် ဆန္ဒလွန်ကြသည်၊ စိတ်စောကြသည်။ မှောက်မှားမှုနှင့် ကြုံတွေ့ရတတ်ပါသည်။

ထိုကဲ့သို့ပင် တစ်ခါတစ်ရံတွင် မသိစိတ်၏ ဦးဆောင်မှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးရွားသောအဖြစ်များကို ကြုံရလေသည်။ လောကတွင် အသိပြည့်စုံမှ အမှန်တရားကို ရရှိနိုင်သည်။ သို့မဟုတ်လျှင်ကား အမှားကို ရင်ဆိုင်ရမည်ဖြစ်သလို မဖြစ်သင့်သော အဖြစ်များကို ရင်ဆိုင်ရတတ်လေသည်။

တို့ကြောင့် မဖြစ်သင့်သော အဖြစ်များ၊ ခါးသီးသော အတွေ့အကြုံများနှင့် ရင်ဆိုင် မကြုံတွေ့ရန်အတွက် သိသင့် သိထိုက်သော အကြောင်းများကို နားလည်ထားသင့်သည်။

## အပျိုမလေးများ၏ ဘဝတစ်သက်တာအတွက်

### ၁။ လတ်တလောဆန္ဒကို ထိန်းသိမ်းပါ

အပျိုမလေးများသည် အပျိုစိတ်၏ တွန်းအား သွေးသား လှုံ့ဆော်မှု၏ ပြင်းထန်သော ပံ့ပိုးမှုကြောင့် မဖြစ်သင့်သော အဖြစ်များနှင့် ရင်ဆိုင်ရတတ်သည်။ ဤကား အခြားမဟုတ်၊ အပျိုမလေးများသည် ကိုယ့်ကိုယ်ကိုယ် အပျိုဖြစ်ပြီဟု သိလိုက်သည်နှင့် တစ်ပြိုင်နက် အချစ်ကို ခံစားလိုစိတ်ရှိလာသည်။

အချစ်တွင် သာယာလိုသောဆန္ဒ ပြင်းပြလာသည်။

အပျိုမလေးများသည် ယောကျ်ားပျိုများ၏ ဗွဲလမ်းနှစ်သက်ခြင်းတို့ကို လိုလားကြသလို၊ ယောကျ်ားပျိုများ၏အချစ်ကို ခံယူချင်ကြ၏။ ထို့ကြောင့် အပျိုမလေးများသည် မိန်းမတို့၏လက်နက်ဖြစ်သော မာယာကို အသုံးပြုကြသည်။

ထိုအတူ ယောကျ်ားတစ်ယောက်၏ အချစ်ကို ခံယူရလျှင် ကြည်နူးရွှင်ပျသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ချစ်တယ်ကွယ်'

'မင်းနဲ့နေရတာကို ပျော်တယ်'

'မင်းရဲ့ ကြင်နာမှုတွေဟာ ကိုယ့်ဘဝရဲ့ အာဟာရပါ'

သည့်အပြောများကို နှစ်သက်သည်။ ချစ်သူနှင့် သွားသွားလာလာ နေရသည်ကို ကြည်နူးသည်။

စင်စစ်မူ အချစ်ကို ခံစားခြင်းသည် ငြိမ်းအေးခြင်း ဖြစ်သော်လည်း အထိအတွေ့ကို သာယာခြင်းသည် အမှုရောင်တောက်ပြတ်သန်းခြင်းနှင့်တူသည်။

ထို့ကြောင့် မိန်းမပျိုလေးများသည် အထိအတွေ့ကို မသာယာမိရန် လိုသည်။ တစ်ဒင်္ဂသာယာခြင်းသည်တစ်ဘဝအတွက်သောကဖြစ်သည်ကို အပျိုမလေးများ သတိထားသင့်သည်။

## ၂။ အပျိုဆိုး မိန်းမဆိုး မဖြစ်စေနဲ့

အချို့ အပျိုမလေးများသည် ဆန္ဒ၏ ကျေးကျွန်ဘဝ ရောက်မှန်းမသိဖြစ်သွားကြသည်။ တစ်ခါက ကျွန်တော်၏အသိ အပျိုမလေးတစ်ဦးသည် အချစ်ကိုရှေ့တန်းတင်ပြီး အချစ်အတွက် မိဘမောင်ဘွားများကို ဆန့်ကျင်ခဲ့သည်ကို တွေ့ဖူးသည်။

အချစ်သည် တစ်ခါတစ်ရံတွင် သကာပျားလို ချိုသော်လည်း တစ်ခါတစ်ရံတွင် တမာလို ခါးလှပေသည်။ ဤကဲ့သို့ပင် အချစ်ကြောင့် မပြုသင့်သည်များကို ပြုခဲ့သည်လည်း ရှိပေသည်။

အကြောင်းတိုက်ဆိုင်လာသဖြင့် အပျိုမလေးတစ်ဦးအကြောင်းကို ပြောပြလိုသည်။ ထိုအပျိုမသည် ရိုးသားသော်လည်း အချစ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးရွားသော မိန်းကလေးဖြစ်ရသည်။ အိမ်ထောင်ရှင် ယောကျ်ား တစ်ဦးနှင့် ငြိစွန်းခဲ့ပြီး ထိုယောကျ်ား၏ ကြိုးဆွဲရုစ်ဖြစ်ခဲ့သည်။ ထို ယောကျ်ားကြောင့် မိန်းမဆိုးဖြစ်ခဲ့သည်။

နောက်ဆုံးတွင် ထိုယောကျ်ားအား လက်ထပ်ရန်အထိ မိုက်မဲခဲ့လေသည်။ မိဘမောင်ဘွားများက ဖျောင်းဖျသော်လည်းမရ၊ သူမှ သူဖြစ်ခဲ့လေတော့သည်။ ထိုယောကျ်ားကို ချစ်ခဲ့မိသဖြင့် မိဘက ငြိငြင်လာသလို ပတ်ဝန်းကျင်က မိန်းမဆိုးစာရင်း သွင်းခဲ့သည်။

ထို့အတူ ထိုယောကျ်ားကြောင့် အပျိုမခမျာ အပျိုရည်ပျက်ခဲ့သည်။ မယားကြီး၏ 'လင်ခိုးမ'ဟူသော စွပ်စွဲချက်ကို ခံစားရသည်။

ထိုထက်ဆိုးသည်က ပတ်ဝန်းကျင်အလယ်တွင် 'အလကားမိန်းမ'ဟု အပြောခံရခြင်းပင်။

အပျိုမလေးများသည် ကိုယ့်ဘဝကိုယ်ထိန်းပါ၊ ဆန္ဒကျေးကျွန်အဖြစ်မခံသင့်ပါ။ တစ်ဒင်္ဂခဏ မိုက်မဲမှုသည် တစ်ဘဝလုံး အဆိုးဆိုသမျှ ပိုင်ဆိုင်ရသည်ကို မမေ့ပါနှင့်။

## ၃။ အပျိုဘဝ နောက်ဆုံးညကို တန်ဖိုးထားပါ

မိန်းမတစ်ဦးအဖို့ အပျိုဘဝသည်သာ တန်ဖိုးအရှိဆုံးဖြစ်လေသည်။ သို့သော် အချို့က တန်ဖိုးကြီးလှသော အပျိုဘဝကို တန်ဖိုးမဲ့စွာ အဆုံးအရှုံး ခံကြလေသည်။ စင်စစ်တော့မူ အပျိုဘဝကိုမိန်းကလေးများ ထိန်းသိမ်းသင့်သည်။

အပျိုညသည် ဘယ်လိုညနည်း။

www.burmeseclassic.com

www.burmeseclassic.com



အပျိုဘဝ နောက်ဆုံးညသည် အဘယ်နည်း။

စင်စစ် အပျိုဘဝ နောက်ဆုံးည၊ နောက်ဆုံးနေ့သည် အခြားသော အချိန်မဟုတ်၊ ယောကျ်ားသားတစ်ဦးနှင့် သွေးသားချင်း နှီးနှောဖြစ်သော အချိန်သည် အပျိုဘဝ၏ နောက်ဆုံးအချိန်ဟု ဆိုနိုင်သည်၊ ဆိုရမည် ဖြစ်လေသည်။

ထို့ကြောင့် တန်ဖိုးရှိသော အပျိုမလေးများသည် အပျိုညကို တန်ဖိုးထားရန်လိုသည်။ အပျိုဘဝ နောက်ဆုံးအချိန်ကို တန်ဖိုးထားခြင်းဖြင့် မိန်းကလေးတစ်ဦး၏ တန်ဖိုးသည် ထာဝရတည်နေမည်ဖြစ်သလို အပျိုဘဝ နောက်ဆုံးအချိန်ကို တန်ဖိုးမထားခြင်းဖြင့် မိန်းမသားတစ်ဦး၏ ထာဝရအလှကို ပျက်ယွင်းစေသည်။

ထို့ကြောင့် မိန်းကလေးများသည် အပျိုဘဝကို တန်ဖိုးထားပါ၊ အပျိုည၊ အပျိုဘဝ၏ နောက်ဆုံးအချိန်ကို တန်ဖိုးထားပါဟု ပြောချင်ပါသည်။

## မိဘနှင့် အပျိုမတို့၏ အကောင်းဆုံးသောဆက်ဆံရေး

မဂ္ဂဇင်း အယ်ဒီတာ တစ်ဦးက ကျွန်တော့်ကို မေးခွန်းတစ်ခု မေးဖူးသည်။

'အပျိုမလေးများ တန်ဖိုးကြီးမားစေရန် မိဘများ မည်သို့ ဆက်ဆံသင့်သလဲ'

ဟူသည့် မေးခွန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖြေခဲ့ပါသည်။

ကျွန်တော့် အဖြေကား ...

### ၁။ အပျိုမလေးများကို နားလည်ပါ

မိဘများသည် ကိုယ့်သားသမီးများကို အမြဲ မျက်ခြည်မပြတ် လေ့လာနေသင့်သည်။

အပျိုမလေးများ၏စိတ်ကို နားလည်ပါ။ နားလည်အောင် ချိုသာစွာ ပြောပါ။

ကြမ်းတမ်းစွာ ဆက်ဆံခြင်းကို ရှောင်ပါ။

### ၂။ အချစ်အကြောင်းကို ပြောပြပါ

အပျိုမလေးတိုင်း အချစ်ကို စိတ်ကူးယဉ်၏။ အပျိုမလေးများ ချစ်စိတ်ဝင်လာသည်ကိုသိလျှင် နှိပ်ကွပ်ခြင်း၊ အာဏာပြခြင်းကို မပြုပါနှင့်။

အပျိုချစ်သော ချစ်သူသည် ချစ်သင့်သူ၊ မချစ်သင့်သူ ဖြစ်သည်ကို နားလည်အောင် ပြောပြပါ။

ကိုယ်တိုင် ဇလေ့လာပါ။ အပျိုမတို့ အချစ်နှင့် ဆိတ်ကွယ်ရာ ရှာတတ်ခြင်းကို ပရိယာယ်ပြည့်ဝစွာ တားဆီးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ မိဘသည် လက်ဦးဆရာဖြစ်၏။

အပျိုမလေးတို့၏ ကောင်းမှု မကောင်းမှုသည် မိဘများ၏ ကိုယ့်ကျင့်နှင့် တစ်နည်းဆက်နွယ်သည်ဟု ဆိုရမည်။

သားသမီးများက မိဘ၏အပြုအမူကို အတုခိုးတတ်သည်ကို နားလည်ပါ။

ထို့ကြောင့် မိဘသည် အပျိုမနှင့်သားသမီးများ၏ ရှေ့ဆောင် လမ်းပြကောင်း ဖြစ်ပါစေ။

ဤကား မိဘနှင့်အပျိုမတို့၏ အကောင်းဆုံးသော ဆက်ဆံရေးနည်းကောင်းဖြစ်သတည်း။

*အပျိုမလေးတို့ အပျိုဘဝတန်ဖိုး မြှင့်တင်နိုင်ပါစေ။*

**အောင်မြတ်ဦး**

www.burmeseclassic.com